

# မင်္ဂလာအလွမ်း

ကြည်စိုးထွန်း

မင်္ဂလာအလှမ်း။ ကြည်စိုးထွန်း
အတွင်းသရုပ်ဖော်နှင့်မျက်နှာဖုံးဒီဇိုင်း - အောင်ပီကျယ်
စာမျက်နှာ ၁၇၁ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# မင်္ဂလာအလွမ်း

ကြည်စိုးထွန်း

ပထမအကြိမ်၊ ၂၀၁၈

# မာတိကာ


လွမ်းစရာ

| | | |
|---|---|---|
| ၁။ | မင်္ဂလာအလွမ်း | ၂ |
| ၂။ | သွားနှင့်ပါလေဦး | ၁၀ |
| ၃။ | ကောင်မလေးတွေ မာပါစေ | ၁၆ |
| ၄။ | ပျောက်ဆုံးနေသော ဘထွေးလေး | ၂၃ |

ကျင်လည်ရာ

| | | |
|---|---|---|
| ၅။ | တကယ်... လုပ်နိုင်ပါတယ် | ၃၂ |
| ၆။ | ငယ်ချစ်ကလေး ချမ်းသာပေးပါ | ၃၈ |
| ၇။ | ရသစာပေ | ၄၄ |
| ၈။ | မလုပ်မဖြစ် | ၅၁ |
| ၉။ | အားလုံးနဲ့ဆိုင်တဲ့နေရာ | ၅၇ |

ထွေထွေရောရာ

| | | |
|---|---|---|
| ၁၀။ | ကင်ဆာ သုံးနှစ်သား | ၆၆ |
| ၁၁။ | မြောက်ဒဂုံ... ဆုံရပ် | ၇၃ |

၁၂။ ရောက်ခါ မြင်တော်မူလိမ့်မည် ၇၉
၁၃။ လွမ်းလို့ ၈၄
၁၄။ ကိုယ်တို့ သံရွာကလေး ၉၁

**မောင်ကျောက်ခဲ**


၁၅။ ဗိုလ်ကလေး ကျောက်ခဲ ၉၈
၁၆။ ကြေးစည် မောင်ကျောက်ခဲ ၁၀၆
၁၇။ ရတနာပုံ မောင်ကျောက်ခဲ ၁၁၂
၁၈။ သစ်မျိုးသစ်နွယ် မောင်ကျောက်ခဲ ၁၁၉
၁၉။ ကျားကြီးကျောက်ခဲ ၁၂၆

**ဓာတ်ညွှန်း**

၂၀။ ကျွန်တော်နှင့် ဗိုလ်ချုပ်အောင်ဆန်း ၁၃၆
၂၁။ ရဲဘော်သုံးကျိပ် တစ်ယောက် ၁၄၅
၂၂။ အိုးဖိနပ်ထမ်း ၁၅၁
၂၃။ ကျွန်တော် ဖက်ဆစ်တော်လှန်ရေးသမား ၁၅၈
၂၄။ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ညွှန်းဆရာ ၁၆၅

❐

# လွမ်းစရာ



# မင်္ဂလာအလွမ်း

ငယ်စဉ်အခါက သီချင်းလေးတစ်ပုဒ် ကြားခဲ့ဖူးသည်။ 'သာချို' ဖြစ်၏။ ဆိုသူက မာမာအေး။

ရောင်းတမ်းဓာတ်ပြားသီချင်းအဖြစ် ထုတ်လုပ်ခဲ့သောကြောင့် မောင်ကျောက်ခဲတို့ အညာကျေးလက် တောရွာများတွင် ဓာတ်စက်များ၊ 'အော်လံ' ခေါ် 'လော်စပီတာ' (Loud speaker) ကြီးများဖြင့် ဖွင့်ခဲ့ရာ လူကြိုက်အလွန်များခဲ့သော သီချင်းဖြစ်သည်။

ဆရာမင်းသုဝဏ်၏ ကဗျာလေးကို အခြေခံပြီး တေးရေးဆရာ 'လင်းခေးလုလင်' က ၎င်းသီချင်းကို ရေးခဲ့ခြင်းဖြစ်သည်။ သပြေတော ရွာမှ မောင်သာချိုကို အလှူပွဲကျင်းပသောအကြောင်းအရာကို ဖွဲ့နွဲ့ရေးသားထားခြင်းဖြစ်သည့်အလျောက် မောင်ကျောက်ခဲတို့ ကျေးတောရွာများအတွက် သည်းခြေကြိုက်တေးတစ်ပုဒ် ဖြစ်ခဲ့ရလေသည်။

သပြေတောရွာက မောင်သာချို ရှင်ပြုအလှူပွဲတွင် ရွှေထီးတွေ ဆောင်း၍ အလှူပွဲလှည့်သည့်အကြောင်း၊ ဗျောသံ၊ ဒိုးပတ်သံတွေနှင့် ကိုချစ်အေးတူရိယာဝိုင်းအပါအဝင် အကတွေပါသည့်အကြောင်း၊ လူငယ်များ သျှိုးတိုက်ကြသည့်အကြောင်း၊ မောင်သာချို၏အဆက် ကွမ်း

တောင်ကိုင် ညီုထွေးတို့ ရှင်လောင်းလှည့်ရာတွင် ပါသည့်အကြောင်း၊ ထန်းရည် အတန်ငယ်သောက်ထားသော ရွာဆော် ကိုသန်းဖေကြီး အကြောင်း၊ ကျေးလက်အလှူပွဲလေးကျင်းပပုံကို ဒိုးပတ်သံ၊ ဗျောသံ၊ နဲကြီးသံတွေဖြင့် ဖွဲ့နွဲ့ထားရာ ကြားရသူတိုင်း တကယ့်အလှူပွဲတစ်ပွဲတွင် ရောက်နေရသလို ခံစားကြရသည်။

ပျော်စရာကောင်းလှသည့် အလှူပွဲတွင် လွမ်းစရာလေးတစ်ချက်ကို တွေ့လိုက်ရသည်။ အခြားမဟုတ်၊ မောင်သာချိုကို ရှင်ပြုပေးသည့်အခါ မောင်သာချို၏မိခင် ဒေါ်ဒေါင်းမရှိတော့ခြင်းပင် ဖြစ်လေသည်။

သားလေးကိုရှင်ပြုရန် အားခဲခဲ့ရှာသော ဒေါ်ဒေါင်းမှာ ပြီးခဲ့သည့်နှစ်ကပင် ကွယ်လွန်သွားခဲ့ပြီးလေပြီ။ ထို့ကြောင့် အလှူမင်္ဂလာပွဲတွင် လွမ်းစရာလေးတစ်ချက် ပေါ်လာရသည်။ အလှူမင်္ဂလာထဲက အလွမ်းပေါ့လေ။

ထို့အတူ မောင်ကျောက်ခဲတို့ ငယ်စဉ်က မကြာမကြာ ကြားနေရသော ဓာတ်လမ်းတစ်ခုလည်း ရှိသည်။ ပန်းတျာကြည်လင်နှင့် ပန်းတျာတင်တင်မြင့်တို့ ဓာတ်ပြားတွင် အသံသွင်းခဲ့သော ဓာတ်ထုပ်ဖြစ်သည်။

"မမြစိမ်းရေ မမြစိမ်းရဲ့" ဟု အော်ခေါ်သည့် ပန်းတျာကြည်လင်၏အသံကို နားထဲကမထွက်။

အသံကောင်းသလောက် ဓာတ်ကလည်းနာသည်။ သားလေးကို ရှင်ပြုမင်္ဂလာပြုပေးနေရင်း ဘဝတစ်ပါးသို့ရောက်နေသော မမြစိမ်းကို တမ်းတအော်ခေါ်နေသော ဓာတ်ထုပ်ဖြစ်လေသည်။

တစ်နည်းအားဖြင့်တော့ 'မင်္ဂလာအလွမ်း' ဟု အမည်ပေးရမည် ထင်မိ၏။

ဖိုးသောကြာ၏ မင်္ဂလာပွဲသို့ သွားနေစဉ် လမ်းခရီးတစ်လျှောက် ဖိုးသောကြာအဖေ ကိုဗလ (သုမောင်) ကိုလည်းကောင်း၊ ဖိုးသောကြာ

၏ ဘကြီး ကိုဝဏ္ဏကိုလည်းကောင်း၊ ဘထွေးလေးဉာဏ်ပေါ် (မင်းလူ) ကိုလည်းကောင်း သတိရနေမိသည်။

ကိုဝဏ္ဏကတော့ ရှယ်တူမို့ တစ်ခါတစ်ခါ အားမနာပါးမနာ ပြောတတ်ခဲ့ဖူးသော မိမိ၏ စကားများကိုလည်း ပြန်သတိရမိပြန်သည်။

"ခင်ဗျားတို့ညီအစ်ကိုတွေဟာ တကယ့် အူကြောင်ကြောင်လူတွေပဲ၊ ရိုးဂုဏ်လေးရှိလို့သာ တော်တော့တယ်" ဟု ချီးမွမ်းခြေကျောက်မခံချင်အောင် ပြောတတ်ခဲ့သော စကားဖြစ်သည်။ ပြုံးဖြီးဖြီးလုပ်နေသော ကိုဝဏ္ဏမျက်နှာကြီးကိုလည်း မြင်ယောင်လာသည်။

မင်္ဂလာပွဲကြီး ကျင်းပရာနေရာသို့ ရောက်သောအခါ သူတို့ကိုပိုသတိရလာသည်။ မင်္ဂလာခန်းမထဲမှာ သူတို့ ရှိနေလိမ့်မည်ဟု အထင်ရှိနေပြန်သည်။ ကဲ မောင်ကျောက်ခဲရော... ဘာထူးပါသေးလဲ၊ အူကြောင်ကြောင်လူစားမျိုး မဟုတ်ပါလော။ သေပြီးသူတွေ သည်မင်္ဂလာပွဲမှာ မရှိနိုင်တော့ဘူးဆိုသည်ကို ကလေးတွေတောင် သိနိုင်ကြသည်ပဲ။

သို့သော်... အူကြောင်ကြောင် မောင်ကျောက်ခဲက မသိပါ။ တကယ့်ကိုမသိပါ။ ခန်းမအဝင်ဝတွင် ကြိုနေသော ကိုဝဏ္ဏသား ပြေဇင်ကိုတွေ့သည်နှင့် မေးလိုက်မိသည်။

"ပြေဇင်၊ မင်းအမေရော နေကောင်းရဲ့လား"

ပြေဇင်က မောင်ကျောက်ခဲကို ကြောင်တောင်တောင် ကြည့်နေသည်။ ဒီမောင်ကျောက်ခဲဆိုသည့် သူကား... အူကြောင်ကြောင် "ဘိုးတော်" ပေတကားဟု ခံစားနေရပုံ။

"အမေ ဆုံးပြီးပြီလေ... ဦးလေး"

"အင်းလေ... ကိုဝဏ္ဏဆုံးပြီးမကြာခင် မချိုရီဆုံးတာ ရှင်က ဘယ်လိုဖြစ်တာလဲ" ဟု အတူပါလာသော မဂွမ်းပုံက မောင်ကျောက်ခဲကို ထောမနာပြုလေသည်။

သို့နှင့် မောင်ကျောက်ခဲသည် ပြေဇင်ကို တောင်းပန်ပြီး မင်္ဂလာဆောင်ခန်းမအတွင်းသို့ ဝင်လာခဲ့သည်။ အဆိုတော်မင်းသားလေး၏ မင်္ဂလာဧည့်ခံပွဲဆိုသည့်တိုင် အနက်ရောင် အတိုအပြတ် ကိုရီးယားအတု၊ ဗီဒီယိုမင်းသမီးလေးများကို မတွေ့ရ။ မျက်စိရှက်စရာ ဒူးခေါင်းပေါ်မော်ဒယ်လ်ပိန်တာမလေးတွေလည်း မတွေ့ရ။ အာရုံနှောက်စရာ လီမွော်သီးတစ်ခြမ်းပေါ်၊ ဥသျှစ်သီးတစ်ခြမ်းပေါ်၊ ကြက်ဥပြားချပ်ကျော်တွေလည်း မတွေ့ရ။ သာဓု သာဓု သာဓု။

ယခုမှ မြန်မာ့လက်ထပ်မင်္ဂလာပွဲအစစ်ကို တွေ့ရပေသကိုး။

နောက်ဘက်နားတွင် ကဗျာဆရာမောင်ဟေမာ၊ စန္ဒရားကိုခင်လှ၊ တယောကိုတင်ဌေးနှင့် အဆိုတော် မောင်သိန်းဝင်းတို့ အုပ်စုကိုတွေ့ရသည်။ မောင်ကျောက်ခဲ ထိုင်ချင်သော်လည်း မဂ္ဂမ်းပုံက ပါသေးသည်။ အမျိုးသမီးအဖော်နှင့်မှ ဟန်ကျပေမည်။ အတင်းပြောဖော်ပေါ့လေ။

ဒါရိုက်တာဦးကြီးမြင့်၏ သမီးများဖြစ်သော မြင့်မြင့်သန်းနှင့် အိအိခိုင်တို့ဝိုင်းတွင် ခုံနှစ်ခုံလွတ်နေ၏။ ဒါရိုက်တာ မောင်ဇေဒါ၊ ဒေါ်လီခင်လေးမွန်၊ ကိုရေအေးတို့ ဇနီးမောင်နှံတို့ ရှိကြသည်။ စကားပြောဖော်ရသောကြောင့် မောင်ကျောက်ခဲတို့ ဇနီးမောင်နှံ အဆင်ပြေသွားကြသည်။

မြို့ပြမင်္ဂလာပွဲများ၏ တင်းကျပ်မှုများထဲတွင် ကိုယ်မသိသောသူစိမ်းများနှင့် တစ်စားပွဲတည်း ငေါင်ငေါင်ကြီးထိုင်ရခြင်းလည်း ပါဝင်သည်။ ပြုံးပြပြန်ရင်လည်း 'တယ်အရောဝင်ပါလား' ဟု ထင်သွားလျှင်အခက်၊ တည်တည်ကြီး နေပြန်လျှင်လည်း 'တယ်စခန်းကြီးတဲ့ကောင်' ဟု ထင်နိုင်ပေသေးသည်။ သည်တွင် ပြုံးယောင်ယောင် တည်ယောင်ယောင် မျက်နှာလေးနှင့် နေပေးရသည်မှာကြာတော့ မျက်နှာကြောတွေညောင်းလာသည်။ မင်္ဂလာမောင်နှံကလည်း မထွက်သေး။ တေးသီချင်း

သံတွေကလည်း စကားပြော၍ မရလောက်အောင် ကျယ်လောင်စွာ လွှင့်ပျံနေသည်။ အကယ်၍များ ကိုယ်ထိုင်ရသည့်နေရာက ဂီတဝိုင်း အနီး ရောက်လျှင်တော့ နားတွေအူဖို့သာ ပြင်ကြလေရော့။

ယခုတော့ မောင်ကျောက်ခဲတို့ ဇနီးမောင်နှံ စကားပြောဖော်ရှိသည့်ဝိုင်းတွင် ကံကောင်းထောက်မစွာ ထိုင်ရသည်။ ဟိုဘက်ဝိုင်းမှာ ကိုသန်းညွှန့်တို့၊ မျိုးသန္တာထွန်းတို့ရှိသလို သည်ဘက်ဝိုင်းမှာ ရွာစား အကယ်ဒမီ စိန်မွတ္တာကိုလည်း တွေ့ရသည်။ နှစ်နာရီနီးပါးပေးရသော အချိန်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ မတွေ့နိုင်တော့ပြီ။

ညှိပရိသတ်ထဲတွင် မျက်စိနောက်စရာ ထောင်ထောင် ထောင် ထောင်လုပ်သူလည်း မတွေ့ရ။ ကျယ်လောင် ကျယ်လောင် ဟောင်ဖွာ ဟောင်ဖွာ လုပ်သူလည်းမမြင်ရ။ အလွန် ဟန်ကျသည်။

ပွဲထွက်လာတော့ ဖိုးသောကြာ၏ သတို့သားအရံတွေက သူရင်းနှီးလှသော ဂီတသမားများဖြစ်ပုံရသည်။ ရိုးရိုးလေးတွေမြင်ရသည်။ နီကြောင်ကြောင် ဆံပင်အမောက်ထောင်ထားတာတွေ၊ ကောက်လိမ်နေတာတွေ မဟုတ်သည့်အတွက် ဘဝင်ကျရပြန်သည်။

အားလုံးကို ကျေနပ်သောကြောင့် ထင်၏။ မောင်ကျောက်ခဲတို့ စားပွဲဝိုင်းသည် ဘိသိက်ဆရာ ရန်ပိုင်စိုးနှင့်အတူ သူကပြောနေချိန် ကိုယ်က စားသောက်ပွဲကြီး ကျင်းပကြသည်။ ဘိသိက်ဆရာ ရန်ပိုင်စိုး ကြီးမှူး၍ လက်ထပ်ပွဲလုပ်နေသလို မြင့်မြင့်သန်းဦးစီးကာ ကော်ဖီတွေ သောက်ကြ၊ မုန့်တွေ စားကြသဖြင့် မင်္ဂလာပွဲကို ချီးမြှင့်ကြလေတော့ သည်။

နောက်ဆုံး ကျေးဇူးတင်စကား ပြောသောအခါ ထုံးစံအတိုင်း ဘယ်လူဘယ်ဝါတွေကို ကျေးဇူးတင်ပြီးသကာလ နိဂုံးချုပ်အနေဖြင့် ဖိုးသောကြာ၏အဖေ ဦးသုမောင် (ဗလကြီး) က ကျေးဇူးတင်သည့်

အနေဖြင့် သီချင်းတစ်ပုဒ် ချီးမြှင့်လေသည်။

မောင်ကျောက်ခဲ အမှုကြောင်းကြောင်း လျှောက်ရေးနေသည်ဟု မထင်ကြပါကုန်လင့်။ ကွယ်လွန်ခဲ့ရှာပြီဖြစ်သော သုမောင်က လာရောက်သီချင်းဆိုခြင်းမဟုတ်ပါ။ မင်္ဂလာပွဲဇာတ်ညွှန်းရေးသူက စာရေးဆရာ အဆိုတော် အကယ်ဒမီသုမောင်ကို တစ်ချိန်က သုမောင် သီဆိုထားသော မင်္ဂလာဦးမှာ သီချင်း ဗီစီဒီဖြင့် ပွဲထုတ်လိုက်ခြင်းဖြစ်ပါသည်။

သုမောင် သီချင်းစဆိုလိုက်သည်နှင့် အားလုံး ငြိမ်သက်သွားကြသည်။ တချို့က မျက်ရည်ဝဲကြသည်။ တချို့က မျက်ရည်ကျကြသည်။ မောင်ကျောက်ခဲလည်း 'ဗလကြီး' နှင့်တကွ 'ကိုဝဏ္ဏ' 'ဉာဏ်ပေါ်' တို့ကို ရင်ထဲမှ လွမ်းဆွတ်သတိရလာသည်။

မင်္ဂလာစင်မြင့်ပေါ်မှ ဖိုးသောကြာလည်း သူ့အဖေကို သတိရလွမ်းဆွတ်သွားသည်ထင်၏။ ခေါင်းငုံ့ကာ မျက်ရည်ကျနေသည်။ သူ့အချစ် သတို့သမီးလေးက မျက်ရည်သုတ်ရန် လက်ကိုင်ပဝါလားမသိ တစ်စုံတစ်ရာ လှမ်းပေးနေသည်။

မင်္ဂလာအလွမ်းသည် မောင်ကျောက်ခဲ၏ နှလုံးသားတွင် ပိုပြင်းပြင်းထန်ထန် စူးစူးရှရှဝင်ရောက်လာလေပြီ။ ရင်ထဲတွင်လည်း ဟာတာတာကြီးဖြစ်လာပြီ။


သည်အခိုက်မှာပင် စားပွဲပေါ်သို့ ရေခဲမုန့်တစ်ခွက် လာ၍ချသည်။ အခါတိုင်းဆိုလျှင် လက်ဖက်ရည် ကော်ဖီအပူတွေနဲ့ ဘယ်လိုမှ မလိုက်ဖက်သော ရေခဲမုန့်အအေးကို မောင်ကျောက်ခဲ တွဲဖက်စားသောက်လေ့မရှိ။

သည်တစ်ခါတော့ ရင်ပူပူရှိလှသောကြောင့် ရေခဲမုန့်ကို တစ်ဇွန်းပြီးတစ်ဇွန်း ဆက်တိုက်စားပစ်လိုက်သည်။

ရင်ထဲမှာ အေးမသွား။

အူကြောင်ကြောင် သူငယ်ချင်းများကို အူကြောင်ကြောင် လွမ်းနေမိသည်မို့ မင်္ဂလာအလွမ်းက တငွေ့ငွေ့ တဝေဝေပါတကား…။

❒



## သွားနှင့်ပါလေဦး

တိုက်တိုက်ဆိုင်ဆိုင်မှ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ လွန်ခဲ့သော (၁၄) နှစ်က ချစ်ဦးညို၊ သုမောင်နှင့် ကျွန်တော် ဒေးဒရဲ ကမ်းပေါ်အတက် ကြေကွဲဖွယ်ရာသတင်းကို ရရှိခဲ့ကြဖူးသည်။

ယခုတစ်ခါ ၂၀၁၄ ဇန်နဝါရီလ (၆) ရက်နေ့ ချစ်ဦးညို၊ မောင်စိန်ဝင်း (ပုတီးကုန်း) နှင့် ကျွန်တော်တို့ မော်လမြိုင်၊ ဘီလူးကျွန်းပေါ်သို့အရောက် စိတ်မချမ်းမြေ့စရာသတင်းကို ကြားလိုက်ရပြန်သည်။

ဇော်မျိုးထွဋ် ရုတ်တရက် ကွယ်လွန်သွားသည့်သတင်း ဖြစ်ပါ၏။

လွန်ခဲ့သော (၁၄) နှစ်က သည်လိုအချိန်မှာပင် သူ့ဖခင်စန္ဒရားလှထွဋ် ကွယ်လွန်သတင်းကို ကြားခဲ့ရဖူးသည်။ ချစ်ဦးညိုရော၊ ကျွန်တော်ပါ အမှတ်ရမိလိုက်ကြသည်။ ကျွန်တော်တို့ စာပေဟောပြောပွဲခရီးများ ထွက်ချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် သူတို့ ကွယ်လွန်ခဲ့ကြသောကြောင့် လိုက်ပါ မပို့ဆောင်၊ တာဝန်မကျေဖြစ်သည်ကိုလည်း မှတ်မှတ်ထင်ထင် ခံစားမိရပြန်သည်။

ကွယ်လွန်သူ သားအဖနှစ်ဦးစလုံးနှင့်ပတ်သက်၍ ပြက်ပြက်ထင်

ထင် ပထမဆုံး ခံစားချက်ကတော့ နှမြောဝမ်းနည်းခြင်းပင် ဖြစ်လေသည်။ ဂီတလောကအတွက်သာမက ရုပ်ရှင်လောကအတွက်ပါ ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။

၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ စန္ဒရားလှထွဋ် ကွယ်လွန်သွားစဉ်က ဒေးဒရဲစာပေဟောပြောပွဲတွင် သူ့အတွက် ဝမ်းနည်းစကား ပြောကြားခဲ့ကြရသလို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ဇော်မျိုးထွဋ် ကွယ်လွန်သွားသည့်အခါတွင်လည်း ဘီလူးကျွန်း၊ ကမာကေးရွာ စာပေဟောပြောပွဲ စင်မြင့်ထက်တွင်လည်း နှမြောတသစကားများ ကျွန်တော်တို့ ပြောဖြစ်ခဲ့ကြသည်။

ကျွန်တော် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော 'သမီးနှင့်အမေများ' ဆိုသည့် ရုပ်ရှင်ကား၏ ဂီတမှူးမှာ စန္ဒရားလှထွဋ်ဖြစ်ပါ၏။ စန္ဒရားလှထွဋ်၏ ဦးဆောင်မှုအောက်တွင် အကောင်းဆုံး စီစဉ်ပေးနိုင်သူမှာ ဇော်မျိုးထွဋ်ဖြစ်သည်။ ထိုစဉ်က အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု မရှိသေးသောကြောင့် အကယ်ဒမီ မရသည့်တိုင် စန္ဒရားလှထွဋ်၏ 'မြင့်မိုရ်ထက်မြင့်သောနေရာ' တေးသီချင်းက ယနေ့ထိ လွင့်ပျံနေဆဲဖြစ်သည်။

သမီးနှင့်အမေများတွင် ပါဝင်သော အမျိုးသမီး သရုပ်ဆောင်နှစ်ဦးအတွက် ဂုဏ်ပြုပေးသော ညှော်ခံပွဲကို စန္ဒရားလှထွဋ်တို့သားအဖ ပျော်ပျော်ပါးပါး တက်ရောက်ခဲ့ကြသည်ကို အမှတ်ရနေမိသည်။ ယခုလို ဆောင်းရာသီကာလကြီးမှာပဲ ဖြစ်ပါလိမ့်မည်။ ၁၉၉၂ ခုနှစ်ကလို့ ထင်ပါ၏။

စင်စစ် ဇော်မျိုးထွဋ်နှင့်ကျွန်တော် ရုပ်ရှင်လောကသို့ တစ်နှစ်တည်း ဝင်ရောက်ခဲ့ကြသူများသာ ဖြစ်သည်။ သူက သူ့ဖခင်၏နောက်လိုက် ဂီတသမား၊ ကျွန်တော်က စိုးသိမ်းနှင့် မောင်မဲတို့၏ နောက်လိုက်

ခုနှစ်ထွေအလုပ်သမား၊ 'ရုပ်ရှင်လောကသို့ ဝင်လာကြသည့်နှစ်က ၁၉၇၇ ခုနှစ်' ကျွန်တော့်အသက် (၃၀) ကျော်သော်လည်း သူက (၁၇) နှစ်မျှသာ ရှိသေးသည်။ သူ့အသက် (၂၅) နှစ်တွင် သကြန်မိုးရုပ်ရှင်ကား၏ ဂီတမှူးအဖြစ် သူ တာဝန်ယူနိုင်ခဲ့သည်။ သူတာဝန်ယူခဲ့သော သကြန်မိုးရုပ်ရှင်ကား၏ တေးဂီတသံများ၊ သီချင်းများကို ယခုတိုင် လူအများ နှစ်သက်သဘောကျနေဆဲဖြစ်သည်။

သူကိုယ်တိုင် ဂီတမှူးဖြစ်လာသည့်တိုင် သူ့ဖခင်၏ တီးဝိုင်းမှာတော့ ယခင်ကကဲ့သို့ ရှိရှိကျိုးကျိုး စီစဉ်ပေးသည်များကို တွေ့ရသည်။ စန္ဒရားလှထွန်း ဂီတမှူးအဖြစ် တီးခတ်ရသော ရုပ်ရှင်ဇာတ်ကားများတွင် ဇော်မျိုးထွန်းသည် တစ်ကြိမ်တစ်ခါမျှ စောဒကတက် ပြန်ပြောသည်မျိုးကို မတွေ့ဖူးခဲ့ချေ။ သူတို့သားအဖကို ကြည့်ရသည်မှာ စိတ်ချမ်းသာစရာကောင်းသည်။ အဖေဖြစ်သူကလည်း သားကို ဆူသံပူသံ မကြားရ။ (ကျွန်တော်သည်ပင် ကျွန်တော့်သား ချမ်းသာကြည်စိုး အချိုးမကျသည့် အခါမျိုးတွင်... မင်းတော်တော် အသုံးမကျတဲ့ကောင် ဘာညာ ဟော်ဟစ်ဆူပူတတ်ခဲ့ပါသည်)

တစ်ခါတစ်ခါ သူတို့သားအဖနှင့်ပတ်သက်၍ သူတို့ကွယ်ရာတွင် ရယ်စရာ ပြောမိတတ်ကြသည်။ 'အစ်ကို ကိုလှထွန်းက... သူ့သားကို ဆူစရာပူစရာ မလိုဘူးကွ၊ မျက်မှောင်ကြီးကြုတ်ပြီး ကြည့်လိုက်တာနဲ့ ဟိုကောင် ဇော်မျိုးထွန်း... ကုပ်နေတာပဲ'

စဉ်းစားကြည့်တော့ သားအဖနှစ်ယောက်စလုံး မျက်ခုံးမွေးကြီးတွေ ကောင်းကြသည်။ စန္ဒရားလှထွန်း၏ မျက်ခုံးမွေးတွေကတော့ နှုတ်ခမ်းမွေးကြီးပမာ အောက်သို့ပင် ကုပ်ကျနေကြသည်။

မှတ်မိသလောက် ဇော်မျိုးထွန်း ဂီတမှူးအဖြစ် တစ်ကားမှ အတူမလုပ်ဖြစ်ခဲ့သော်လည်း စန္ဒရားလှထွန်းနှင့်ကြတော့ အတော်များများ

အလုပ် အတူတွဲလုပ်ဖြစ်ခဲ့သည်။ စကတည်းက စန္ဒရားလှထွဋ်နှင့်သာ တွဲလုပ်ခဲ့သည်မို့ စန္ဒရားလှထွဋ်ဦးဆောင်လျှင် ဇော်မျိုးထွဋ် ပါလာတတ်သည်အတွက် အထူးအားနာစရာမလိုတာလည်း ဖြစ်ပါလိမ့်မည်။

တစ်နည်းအားဖြင့် ဂီတလုလင် မောင်ကိုကိုနှင့် အလုပ်လုပ်လျှင် ခင်မောင်ကြီးကို အထူးမှာစရာမလို၊ တစ်ပါတည်း ပါလာလေ့ရှိသကဲ့သို့ပင်။

စန္ဒရားလှထွဋ်နှင့် ကျွန်တော် ရုပ်ရှင်ကားများသာမဟုတ်၊ ဗီဒီယိုဇာတ်ကားများပါ တွဲလုပ်ဖူးခဲ့သည်။ 'တင့်လှပေဟန်'၊ 'မိုးညအိပ်မက်မြူ'၊ 'သကြၤန်ဝိညာဉ်'၊ 'လှိုင်းသိမှာပါ'၊ 'လွမ်း' ... အစရှိသော ဗီဒီယိုဇာတ်ကားများ ဖြစ်ကြသည်။

ရုပ်ရှင်ကားကြီးများတော့ "စိန်ခေါ်နေတဲ့အချစ်၊ သမီးနှင့်အမေများ၊ ကိုကိုကောလိပ်ဂျင်" တို့ဖြစ်ကြသည်။

စန္ဒရားလှထွဋ်ဦးဆောင်သော ဂီတဝိုင်းတိုင်း ဇော်မျိုးထွဋ်ပါလေ့ရှိရာ သူတို့သားအဖနှစ်ဦးစလုံးနှင့် ကျွန်တော် ရင်းနှီးခဲ့သည်။ ဇော်မျိုးထွဋ်သည် သူ့ဖခင်၏ မိတ်ဆွေဖြစ်သော ကျွန်တော့်အား သူ့အဖေကဲ့သို့ပင် ရိုရိုကျိုးကျိုး ပြောဆိုနေထိုင်တတ်သည်ကို တွေ့ရသည်။ သူ့အဖေကွယ်လွန်ပြီးသည့်နောက်ပိုင်း (သူ့အဖေ မရှိတော့သည့်တိုင်) ယခင်ကဲ့သို့ပင် ရိုရိုသေသေ ပြောဆိုဆက်ဆံတတ်သည်မှာ အမှတ်ရဖွယ် ဖြစ်ပါ၏။ ကျေနပ်စရာ အကောင်းဆုံးကတော့ ကျွန်တော့်အား သူ့ဖခင် မိတ်ဆွေဖြစ်သည့်တိုင် 'ဦးလေး' ဟု ဘယ်သောအခါမှမခေါ်၊ 'အစ်ကို' ဟု ခေါ်၏။ နားဝင်ချိုစရာပါပေ။

ယဉ်ကျေးသိမ်မွေ့သော၊ အေးချမ်းစွာနေတတ်သော ဂီတမှူး ဇော်မျိုးထွဋ်တစ်ယောက် မထင်မှတ်ဘဲ လူ့လောကအတွင်းမှ ထွက်ခွာသွားခဲ့ပေပြီ။ 'ရှင်နည်းရာ အဂ္ဂလူထွက်' စကားပုံကဲ့သို့ ရုပ်ရှင်လောက

အတွက် မျိုးဆက်ဟောင်းများမှ ပေါက်ဖွားလာခဲ့သော မျိုးဆက်ကောင်းတို့ နည်းပါးလာခဲ့ချေပြီ။ ဂီတလောကအတွက်ရော၊ ရုပ်ရှင်လောကအတွက်ပါ… နေရာတစ်ခု ဟာလာဟင်းလင်း ဖြစ်သွားသည်။ မည်သည့်အချိန်အခါကြမှ သူ့လို ပြည့်စုံသောသူ၊ အတွေ့အကြုံရှိသူမျိုး ဝင်ရောက်လာမည်မသိ။ လောလောဆယ်တော့… တကယ့်ကို ဆုံးရှုံးသွားသည်ကတော့ အမှန်ပင်ဖြစ်သည်။


အကောင်းဆုံးတေးဂီတဆု သုံးကြိမ်ရထားသူမို့ ပညာအားဖြင့်၊ “ဝါ” အားဖြင့် ရင့်ကျက်ပြီး အသက်အတန်ငယ် ရလာပြီဖြစ်သည့်တိုင် သူ့ကို ဇော်မျိုးထွဋ်အဖြစ်ထက် ‘ဖိုးဇော်’ အဖြစ်သာ ကျွန်တော် မြင်နေမိသည်။ စတွေ့ခါစတုန်းကလို လူငယ်လူရွယ်လေးအဖြစ် ယခုထိ ထင်နေမိ၏။

တကယ်တော့… ဖိုးဇော် ငယ်ပါသေးသည်။ အများကြီး အသက်ရှင်ဖို့ ကောင်းသေးသည်။ တန်ဖိုးရှိသော သူတတ်ကျွမ်းသည့် ဂီတပညာများကို တိုတောင်းသော သူ့အသက်နှင့်အတူ ယူဆောင်သွားသည်မှာ အလွန်နှမြောစရာ။

အေးချမ်းသော၊ ခင်မင်ဖွယ်ကောင်းသော ဖိုးဇော်က ကျွန်တော့်ကိုဖြတ်ကျော်၍ ခရီးတစ်ခုကို နှင်သွားပါပြီ။

သွားနှင့်လေဦး… ဖိုးဇော်ရေဟူ၍သာ…။

❐



## ကောင်မလေးတွေ မာပါစေ

"အသက်ကြီးမှ နာဘူး တယ်ထသကိုး" ဟူ၍လည်းကောင်း၊

"ခေတ်မီသွားပြီလားမသိ၊ အသုံးအနှုန်း တယ်ရိုင်းသကိုး" ဟူ၍ လည်းကောင်း "ကောင်မလေးတွေ မာပါစေ" ဟူသော ခေါင်းစီးကို ကြည့်ပြီး နှာခေါင်းရှုံ့ကြမည်ထင်ပါ၏။

'ကောင်မလေးတွေ' 'ကောင်မလေးတွေ' ဆိုသော စကားရပ်ကို ကြားရသည့်အခါတိုင်း မောင်ကျောက်ခဲတစ်ယောက် သိပ်ပြီး နားဝင်ချိုလှခြင်း မရှိခဲ့ပါချေ။ ထိုစကားရပ်အစား 'အမျိုးသမီးလေးတွေ' 'အမျိုးသားလေးတွေ' ဟူ၍လည်းကောင်း၊ 'လူငယ်တွေ' 'ချာတိတ်တွေ' ဟူ၍ လည်းကောင်း သုံးစွဲပြောဆိုလျှင် ပိုများ သိမ်မွေ့မလား ထင်မိခဲ့ပါ၏။ ယခုမူ...

မောင်ကျောက်ခဲကိုယ်တိုင်က 'ကောင်မလေးတွေ' ဟူ၍ မနှစ်မြို့ဖွယ် အသုံးအနှုန်းကြီးကို သုံးစွဲလိုက်လေပြီ။ ထို့မျှသာမက 'ကျန်းမာပါစေ' ဟူ၍ မေတ္တာမိုးကြီး သွန်းဖြိုးလိုက်ပြန်ပါသေး၏။

ဘယ်ကောင်မလေးတွေကိုများ မေတ္တာပို့လေသည်မသိ၊ အသက်ကြီးမှ ဘယ်အကြောင်းတွေ ထလေသည်မသိ။

ခြသေ့်သုံးကောင် ဒေါ်မြမြဝင်းဟူ၍ နာမည်ကြီးသော အမျိုးသမီးကြီးသည် အနုပညာလောကထဲမှာ စီးပွားရှာသူ မဟုတ်သော်လည်း အနုပညာသမားများကို ချစ်ခင်မြတ်နိုး အားပေးချီးမြှောက်တတ်သူ ဖြစ်လေသည်။ အထူးသဖြင့်... စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်... အစရှိသည့် အနုပညာ လောကနယ်ပယ်အသီးသီးမှ အနုပညာသည်များကို အကြောင်းတစ်ခုခု ခေါင်းစဉ်တပ်ကာ ဖိတ်ကြားခေါ်ယူ ကျွေးမွေးလေ့ရှိသည်။ ကျွေးမွေးရုံသက်သက်မျှသာမဟုတ် ဖျော်ဖြေရေးအစီအစဉ် တစ်ခုခုကိုလည်း ထည့်သွင်း ကျင်းပတတ်လေ့ရှိသည်။

ထိုဖျော်ဖြေရေးက ခေတ်ပေါ်ဖျော်ဖြေရေးမျိုးမဟုတ်၊ စာရေးဆရာအီကြာကွေးရေးသလို 'ခေတ်ဆွေးအဆိုတော်' 'ခေတ်ဆွေးအကတော်ကြီးများ' ၏ ဖျော်ဖြေရေးဖြစ်လေသည်။ ဒိုးဒိုးဒန့်ဒန့်တွေ မဟုတ်ကြ။

"ဘာတွေဆိုနေမှန်းမသိ" "ဘာတွေကနေမှန်းမသိ" သော ခေတ်ပေါ်အဆိုအကမျိုးများကို ဘယ်လိုမှ ခံစား၍ မတတ်ရှာသော မောင်ကျောက်ခဲအတွက်တော့ ခြသေ့်သုံးကောင် ဒေါ်မြမြဝင်း၏ ညှော်ခံပွဲသည် အတော် စိတ်ဝင်စားစရာ ကောင်းခဲ့ရသောပွဲ ဖြစ်လေတော့သည်။

ဂန္ထဝင်အဆိုတော်ကြီးတွေ၊ ဝါရင့်အဆိုတော်ကြီးတွေ၊ ဘက်စုံအနုပညာရှင်ကြီးတွေကို ကြည့်လိုက်သောအခါ အတော်များများ အသက် (၇၀) ကျော်၊ (၈၀) ကျော်တွေဖြစ်နေလေပြီ။ အသက်က စကားပြောလာပြီမို့ ငယ်စဉ်ကလို အသံတွေ ခွန်အားမရှိသော်လည်း စကားလုံးများကို ပီသကြည်မြအောင် ဆိုနိုင်စွမ်းကြပါပေ၏။ မြန်မာစကားလုံးကို ပီသအောင် မဆိုနိုင်ကြသော ယနေ့ ဂီတလောကထဲမှာတော့ ဝါရင့်ပညာရှင်ကြီးများ၏ အရည်အသွေးက ပေါ်လွင်လျက်ရှိသည်ဟု မောင်ကျောက်ခဲထင်မိလေ၏။

"သတ်ရန်ကို မဆိုထားနဲ့၊ ယင်ရှားအောင်မြင်ရမည်၊ ငါရေးပြပါ

ခြသေ့်သုံးကောင် ဒေါ်မြမြဝင်းဟူ၍ နာမည်ကြီးသော အမျိုးသမီးကြီးသည် အနုပညာလောကထဲမှာ စီးပွားရှာသူ မဟုတ်သော်လည်း အနုပညာသမားများကို ချစ်ခင်မြတ်နိုး အားပေးချီးမြှောက်တတ်သူ ဖြစ်လေသည်။ အထူးသဖြင့်... စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်... အစရှိသည့် အနုပညာ လောကနယ်ပယ်အသီးသီးမှ အနုပညာသည်များကို အကြောင်းတစ်ခုခု ခေါင်းစဉ်တပ်ကာ ဖိတ်ကြားခေါ်ယူ ကျွေးမွေးလေ့ရှိသည်။ ကျွေးမွေးရုံသက်သက်မျှသာမဟုတ် ဖျော်ဖြေရေးအစီအစဉ် တစ်ခုခုကိုလည်း ထည့်သွင်း ကျင်းပတတ်လေ့ရှိသည်။

ထိုဖျော်ဖြေရေးက ခေတ်ပေါ်ဖျော်ဖြေရေးမျိုးမဟုတ်၊ စာရေးဆရာ အီကြာကွေးရေးသလို 'ခေတ်ဆွေးအဆိုတော်' 'ခေတ်ဆွေးအကတော်ကြီးများ' ၏ ဖျော်ဖြေရေးဖြစ်လေသည်။ ဒိုးဒိုးဒန့်ဒန့်တွေ မဟုတ်ကြ။

"ဘာတွေဆိုနေမှန်းမသိ" "ဘာတွေကနေမှန်းမသိ" သော ခေတ်ပေါ်အဆိုအကမျိုးများကို ဘယ်လိုမှ ခံစား၍ မတတ်ရှာသော မောင်ကျောက်ခဲအတွက်တော့ ခြသေ့်သုံးကောင် ဒေါ်မြမြဝင်း၏ ညှော်ခံပွဲသည် အတော် စိတ်ဝင်စားစရာ ကောင်းခဲ့ရသောပွဲ ဖြစ်လေတော့သည်။

ဂန္ထဝင်အဆိုတော်ကြီးတွေ၊ ဝါရင့်အဆိုတော်ကြီးတွေ၊ ဘက်စုံအနုပညာရှင်ကြီးတွေကို ကြည့်လိုက်သောအခါ အတော်များများ အသက် (၇၀) ကျော်၊ (၈၀) ကျော်တွေဖြစ်နေလေပြီ။ အသက်က စကားပြောလာပြီမို့ ငယ်စဉ်ကလို အသံတွေ ခွန်အားမရှိသော်လည်း စကားလုံးများကို ပီသကြည်မြအောင် ဆိုနိုင်စွမ်းကြပါပေ၏။ မြန်မာစကားလုံးကို ပီသအောင် မဆိုနိုင်ကြသော ယနေ့ ဂီတလောကထဲမှာတော့ ဝါရင့်ပညာရှင်ကြီးများ၏ အရည်အသွေးက ပေါ်လွင်လျက်ရှိသည်ဟု မောင်ကျောက်ခဲထင်မိလေ၏။

"သတ်ရန်ကို မဆိုထားနဲ့၊ ယင်ရှားအောင်မြင်ရမည်၊ ငါရေးပြုပါ

တဲ့ 'ဝ' တစ်လုံးကိုသာ အတည်၊ မင်းပျက်အောင် ဖျက်နိုင်ရင် ငါ့ကို နိုင်လိမ့်မည်"

ဟိုတုန်းက ခင်မောင်ရင် သီဆိုခဲ့သော 'ဘိုးဘိုးအောင်' သီချင်း ဖြစ်ပါသည်။ ထို 'ဘိုးဘိုးအောင်' သီချင်းစာသားထဲကလို သူ့အသက်ကို သတ်ဖို့မဆိုထားနှင့်၊ သူရေးထားသော 'ဝ' တစ်လုံးကို ပျက်အောင် ကြိုးစားပါဦး' ဟု ပြောသည့်အတိုင်း 'ယခင် သီချင်းဟောင်းကြီးများ ကို ကျော်လွှားဖို့ မဆိုထားနှင့်၊ ယခုသီချင်းပါ စကားလုံးများကိုပင် ပီသအောင် ဆိုကြပါဦး' ဟု ပြောရချေတော့မည်။

ရသမမြောက်သော စာသားတွေနှင့် မပီသသော ခေတ်ပေါ်တေး ဆိုသံများကို ခံစားမရရှာသော မောင်ကျောက်ခဲသည် ခြသေ့်သုံးကောင် ဒေါ်မြမြဝင်း၏ ဧည့်ခံပွဲက ဂီတသံ၊ တေးဆိုသံ၊ အကများကိုတော့ သဘောကျနှစ်ခြိုက်မိသည်အမှန်။ ထို့ကြောင့်ပင်လျှင် ၎င်းဧည့်ခံပွဲသို့ ဇနီးသည်မဝ္ဂမ်းပုံနှင့် အတူတကွ တက်ရောက်အားပေးခဲ့ပါလေ၏။

မောင်ကျောက်ခဲတို့လို 'အိုးဂေါ်လီ' စီနီယာတန်းသို့ ရောက်နေ ပြီဖြစ်သော ဆရာဟိန်းလတ်ဇနီးမောင်နှံ၊ ဆရာအောင်ကျော်တိုး၊ နုနု ရည် (အင်းဝ) ဇနီးမောင်နှံတို့ကို စောစီးစွာတွေ့ရသည်။

ပထမဆုံးစတင်သည့် အစီအစဉ်က ကောင်းလှသည်။ ကိုယ်တိုင် ထယူစနစ် စားသောက်ပွဲ ကျင်းပခြင်းဖြစ်သည်။ အသုပ်စုံ၊ အကြော် စုံ၊ ဘဲကင်၊ ငါးကင်၊ အာလူးကင်၊ ကြက်သားကင်၊ ဟင်းချို၊ ဝက်သား တုတ်ထိုး အမျိုးမျိုးအထွေထွေ စုံလင်လှပါပေ၏။ စုံသလောက်စားနိုင် သည့် လူတွေထဲမှာ မောင်ကျောက်ခဲနှင့် မဝ္ဂမ်းပုံတို့ လင်မယားလည်း ပါသည်။ မောင်ကျောက်ခဲမျာ သနားစရာ။ ဗိုက်အလွန်တင်းသွားပြီး ထိုင်တောင် မထိုင်နိုင်ရှာတော့၊ မတ်တတ်လေးရပ်ပြီး ဟိုကြည့် သည် ကြည့် လျှောက်ကြည့်နေမိတော့သည်။

ထိုသို့ လျှောက်ကြည့်နေသည့်အတွက် 'ကောင်မလေး' တွေ တစ်ပြုံကြီး ဝင်လာကြသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ တူညီဝတ်စုံတွေနှင့်ဖြစ်၏။ ခါတိုင်းပွဲတွေမှာ မြင်နေကြ ခေတ်ပေါ် ကောင်မလေးတွေလိုမဟုတ်၊ ခါတိုင်းမြင်နေကျပွဲတွေက ကောင်မလေးတွေက များသောအားဖြင့် အနက်ရောင်ဝတ်စုံတွေ ဝတ်ကြသည်။ အပေါ်ပိုင်းက ဗလာ၊ အောက်ပိုင်းက ဟာလာဟင်းလင်း ဟောင်းလောင်းအဆင့်သို့ တစ်စတစ်စ နီးလာပြီ။ ဖျတ်ခနဲကြည့်လိုက်လျှင် ကျေးတောရွာသူတွေ နေတတ်ကြသလို ထဘီရင်ရှားပုံစံဖြစ်သည်။ တော်သေးသည်၊ ကျေးရွာသူ ကလေးအမေတွေကို အားကျပြီး ဖတ်လတ်ဖတ်လတ် ဒီဇိုင်းတွေ ထွင်ပြီး ဝတ်လိုက်ရင်ဖြင့် ရှေးတုန်းက အငြိမ့်လူပျက်တွေ ဗိုလ်ဆန်ဆန် နှုတ်ဆက်တတ်ကြသလို 'ဟိုးလိုးဟောင်းလောင်း' ဖြစ်လေတော့မည်။

သို့သော် ယခုကောင်မလေးတွေကတော့ လုံလုံခြုံခြုံ ရှိကြသည့်ပြင် ဆံပင်တွေကလည်း နီကြောင်ကြောင် ကျားတားတားမဟုတ်၊ ဘီးဆံပတ်ဆံထုံးများ ဖြစ်ကြသည်။ ကောင်မလေးတွေကိုကြည့်ပြီး မောင်ကျောက်ခဲ တော်တော်ပျော်သွားသည်။

"ငွမ်းပုံရေ...၊ ငါ ဟိုကောင်မလေးတွေဆီ သွားလိုက်ဦးမယ်"

မငွမ်းပုံ မျက်နှာကြောတင်းသွားသည်။ အသက် (၇၀) နား နီးလာတော့မှ **ဒီကကျောက်ခဲ** ဆိုသည့်လူကြီး ဘာထသည်မသိ။

"ဘယ်က ကောင်မလေးတွေလဲ...၊ ပြစမ်းပါဦး"

"ဟိုး... ရှေ့ဆုံးစားပွဲမှာလေဟာ..."

မောင်ကျောက်ခဲသည် မငွမ်းပုံ၏ ခွင့်ပြုချက်ကို စောင့်မနေတော့ဘဲ ကောင်မလေးတွေဆီသို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

"ဟော ဆရာပါလား၊ နေကောင်းရဲ့လားဆရာ" ဟု ကောင်မလေးများက မောင်ကျောက်ခဲအား ဝမ်းသာအယ်လဲ နှုတ်ဆက်ကြသည်။

လက်မောင်းကိုင်သူက ကိုင်၊ ပခုံးကိုင်သူကကိုင် တော်တော်ပျော်နေကြပုံရသည်။

"ဘယ်သူပါသေးလဲဆရာ...၊ တစ်ယောက်တည်းလား"

"မဂ္ဂမ်းပုံပါသေးတယ်ဗျာ...၊ ဟော ဟိုနားမှာ လှမ်းကြည့်နေတယ်"

မဂ္ဂမ်းပုံက သူတို့အား လက်ပြနှုတ်ဆက်နေရာ သူတို့ကလည်း လက်ပြန်ပြ၍ နှုတ်ဆက်ကြသည်။

"ကောင်မလေးတွေဆီ သွားနှုတ်ဆက်လိုက်ဦးမယ် ပြောခဲ့လို့ ခင်ဗျားတို့ကို မနာလိုဖြစ်နေသေးတယ်ဗျ။ ခင်ဗျားတို့ကလည်း တယ်လှနေသကိုး ဟဲ ဟဲ ဟဲ"

သူတို့က မောင်ကျောက်ခဲစကားကြောင့် တဝါးဝါး ရယ်မောလိုက်သည်။ ကောင်မလေးတွေကား အခြားမဟုတ်၊ 'အမေတို့အဖွဲ့' ဟု အမည်ပေးထားသော ဟိုတုန်းက ရုပ်ရှင်မင်းသမီးများ အဖွဲ့ပင်တည်း။

နွဲ့နွဲ့စန်း၊ ခင်လေးဆွေ၊ မအေးကြည်၊ ခင်မြင့်မြင့်၊ ဖြိုး၊ ထိပ်တင်ထား စသည် စသည် ဟိုးနှစ်ပေါင်း ငါးဆယ်လောက် တကယ် ချောခဲ့၊ လှခဲ့ကြသော ကောင်မလေးများ၊ အခုတော့ 'အမေ' တဲ့။ အချို့က 'အဘွား' တဲ့...၊ ဘုရား... ဘုရား... အချိန်ဆိုသည့် သတ္တဝါကြီး၏ လက်ထဲတွင် အားလုံး အိုမင်းရင့်ရော်လာချေပြီတကား။

ကောင်မလေးတွေကတော့ ဇရာကို မေ့ထားကြဟန်တူသည်။ အခမ်းအနားမှူး 'ကိုလှမြင့်ဝင်း' ခေါ်ဆောင်သည့် ကပွဲစင်ပေါ်သို့ ဖွေ့ခနဲ တက်သွားကြသည်။ သီချင်းက ဘာတဲ့ အိုဗာမားသားစတိုင်တဲ့။

သီချင်းဆို၍ မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ပျော်ပါးပါး ကနေကြသော ကောင်မလေးတွေကိုကြည့်၍ ပရိသတ်မှာလည်း အပျော်ကူးစက်နေသည်။ အချို့က ဓာတ်ပုံရိုက်မှတ်တမ်းတင်ကြသည်။ ကောင်မလေး

တွေကလည်း ကသလားမမေးနဲ့၊ လက်တွေကွေးလိုက်၊ ခြေထောက်တွေမြှောက်၊ ရင်တွေကော့ပြလိုက်၊ တင်တွေ လှည့်ပြလိုက်နှင့် ကြည့်လို့ပင် ကောင်းသေးတော့...။

"အိုးကလေးလှူပ်ပါဟော့" ဆိုသော ခေတ်သီချင်းတစ်ပိုဒ်ကိုပင် မောင်ကျောက်ခဲ သတိရမိသေး၏။

ကောင်မလေးတွေက သူတို့အိုးတွေကို လှည့်ပြပြီးကကြ၏။ တချို့က စက်ဝိုင်း၊ တချို့က စတုဂံ၊ တချို့ ပျော့ပြိပြိ ထင်တိုင်းကြိကနေကြသည်။ ပျော်ဖွယ် ကောင်းလိုက်ပါဘိ။

သီချင်းလည်းဆုံး၊ အကလည်း ပြီးသောအခါ နှစ်ပေလောက်မှသာ အမြင့်ရှိသော စင်ပေါ်မှ အောက်သို့ ဆင်းကြသည်။ စောစောကလို သွက်သွက်လက်လက် မရှိကြတော့။ ဖင်တရွတ်တိုက်ဆင်းသူက ဆင်းသည်။ ကိုလှမြင့်ဝင်းကို တွဲဆင်းသူကလည်း ဆင်းသည်။ အရပ်ကူလူဝိုင်းပါမှ စင်ပေါ်မှအောက်သို့ ရောက်သွားကြရှာလေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀) လောက်ကဆိုလျှင်တော့ လေမှာပျံဝဲ၍ ကဲလန်အောင် ဆင်းလာကြမည် အသေအချာ။ ယခုမှာတော့ လှူပ်လီလှုပ်လဲ့။ အော် ကောင်မလေးတွေ... ကောင်မလေးတွေ...။

**ရင်ထဲက တကယ်ပင် ဆုတောင်းမိပါ၏**
**'ကောင်မလေးတွေ မာပါစေ'**

❒

## ပျောက်ဆုံးနေသော ဘထွေးလေး

ရေးတော့ 'ဘထွေးလေး' ဖြစ်သော်လည်း ပြောသည့်အခါမှာတော့ 'ဘဒွေးလေး' အသံထွက်ပါသည်။ မြန်မာမျိုးစပ် ဝေါဟာရအခေါ်အဝေါ်တစ်ခုဖြစ်ပြီး အန်ကယ်တွေ အန်တီတွေ မိုးမွှန်အောင် သုံးနှုန်းခေါ်ဝေါ်နေသည့်ကာလတွင် ဘထွေးလေးတို့၊ လေးလေးတို့၊ ဒေါ်လေးတို့၊ ဒေါ်ဒေါ်တို့ခေါ်သည့်အသံမှာ လွန်စွာ မြန်မာဆန်ပြီး လွန်စွာ နားဝင်ချိုလှပေသည်။

ကုန်းဘောင်မင်းဆက် ၁၁ ဆက်တွင် 'နောင်တော်ကြီး' 'ဘကြီးတော်' 'ဘိုးတော်' အမည်ရဘုရင်များ စိုးစံခဲ့ဖူးသည်။ ထိုအမည်များသည် မြန်မာ့ဆွေမျိုးစပ် ဝေါဟာရများမှ အစွဲပြု၍ ခေါ်တွင်လာသောအမည်များဖြစ်သည်။ ကုန်းဘောင်မင်းဆက်ကို တည်ထောင်သူ အလောင်းဘုရား ဦးအောင်ဇေယျ၏ နောက် ဒုတိယမင်းအဖြစ် စိုးစံသူမှာ သားတော်ကြီး မောင်လောက်ဖြစ်သည်။ ညီအစ်ကိုများထဲတွင် အကြီးဆုံးဖြစ်သောကြောင့် 'နောင်တော်ကြီး' ဟု ခေါ်တွင်ရာမှ ဘုရင်အဖြစ်သို့ ရောက်သောအခါ 'နောင်တော်ကြီးမင်း' ဟု အမည်သညာပြုခဲ့ကြသလို မင်းတုန်း၊ ကနောင်၊ ပုဂံတို့၏ ဘကြီးတော်ဖြစ်သောစစ်ကိုင်းမင်းကိုလည်း 'ဘကြီးတော်မင်း' ဟု ခေါ်ဆိုခဲ့ကြပြီး ၎င်းတို့၏ ဘိုးတော် ဦးဝိုင်းကိုလည်း 'ဘိုးတော်ဘုရားမင်း' ဟု သမိုင်းတွင် ထင်



ရှားစေခဲ့ပြန်သည်။ မြန်မာတို့သည် မိသားစု ဆွေမျိုးသားချင်း အခေါ်အဝေါ်များကို အထူး တန်ဖိုးထားကြဟန်တူပေသည်။

စင်စစ် မြန်မာလူမျိုးတို့သည် ဆွေမျိုးသားချင်း အခေါ်အဝေါ်မှအစ၊ စားသည့်နေရာ၊ သွားသည့်နေရာ အလယ်၊ သေဆုံးသည့်စကားအထိ... သူ့နေရာနှင့်သူ စကားလုံးကြွယ်ဝစွာ သုံးစွဲနိုင်ခဲ့ကြသူများဖြစ်၏။

စားသည်၊ သုံးဆောင်သည်၊ ဘုဉ်းပေးသည်၊ စားတော်ခေါ်သည်၊ အပင်းဆို့သည်... စသည်ဖြင့် **'စားခြင်း' အမျိုးမျိုး** ခွဲခြားခဲ့သလို အိပ်သည်၊ စက်တော်ခေါ်သည်၊ ကျိန်းစက်သည်ဟူ၍ **အိပ်ခြင်းအမျိုးမျိုး** သုံးစွဲခဲ့ပြန်သည်။ သေသည်၊ ကွယ်လွန်သည်၊ ဘဝတစ်ပါး ပြောင်းသည်၊ နတ်ရွာစံသည်၊ ပျံလွန်တော်မူသည်၊ ပရိနိဗ္ဗာန်ပြုသည် ဟူ၍လည်း **သေခြင်းကို အမျိုးမျိုး** ခွဲခြားသုံးစွဲခဲ့ကြသည်။ ဆွေမျိုးစပ်ဝေါဟာရများတွင်လည်း အမေ့ဘက်က အမေ့အစ်ကိုကို ဦးကြီး၊ အရီးကြီး စသည်... ခေါ်ဝေါ်ကြသလို အမေ့ထက် အငယ်ကို ဦးလေး၊ လေးလေး၊ အရီးလေး... စသည် ခွဲခြားသုံးစွဲကြသည်။ အဖေ့ထက် အကြီးကို ဘကြီး၊ အဖေ့ထက်အငယ်ကို ဘထွေးလေးဟူ၍ သတ်မှတ်သုံးစွဲတတ်ကြသည်။ ဤသို့ စည်းကမ်းတကျ ဝေါဟာရကြွယ်ကြွယ် အစဉ်အလာကောင်းတစ်ရပ် ချမှတ်ပေးအပ်ထားပါလျက် ကျွန်တော်တို့တစ်တွေက အန်ကယ်၊ အန်တီ... ဘာကြောင့် မက်မက်မောမော သုံးစွဲနေကြပါလိမ့်ဟု တွေးမိရပြန်ပါ၏။ ကြာလျှင် "ကျေးဇူးပြု၍ ရေချမ်းချမ်း တစ်ခွက်ပေးပါ" စကားတွေပါ ဝင်ရောက်လာဖွယ် ရှိချေတော့၏။ ယခုပင်လျှင် 'ကွီး' တို့ 'ညီး' တို့ ထိုးဖောက်ဝင်ရောက်လာကြပြီဖြစ်သည်။

ဘထွေးလေးသည် အဖေ့ညီကိုခေါ်ကြောင်း သိသော မြို့တော်မောင်ယဉ်အောင်တို့သည် သူတို့ဖခင် ဦးသန်းငွေ၏ ညီဖြစ်သူ မြို့တော်သိန်းအောင်ကို ဘထွေးလေးဟု ခေါ်ခဲ့ကြသည်။ ချစ်ခင်ဖွယ်ကောင်းလှ

သော အညာသားတို့၏ အသုံးအစွဲက ရိုးသားသလောက် ထူးခြားလှပါ သည်။ အညာသူလူထု ဒေါ်အမာသည် သူ့ကိုယ်သူ နာမ်စားသုံးစွဲသည့် အခါ အန်တီတို့၊ မာမီတို့ကို တစ်ခါတစ်ရံမျှပင် သုံးခဲ့သည်ကို မတွေ့ရ။ ‘ဒေါ်ဒေါ်’ တို့ ‘အမေ’ တို့ကိုသာ ကိုယ်စားပြု သုံးစွဲခဲ့လေသည်။

မြို့တော်သိန်းအောင် မိသားစုသည်လည်း အညာသူအညာသား များ ဖြစ်သည့်အလျောက် မြန်မာ့ဓလေ့ သုံးနှုန်းပုံများကို အမြတ်တနိုး ခုံခုံမင်မင် သုံးစွဲခဲ့ကြသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြို့တော်သိန်းအောင်ကို သူ၏ တူ တူမများက ဘထွေးလေးဟု ခေါ်ခဲ့ကြသောကြောင့် သူ့ထက် ငယ် ရွယ်သူ အားလုံးလိုလိုက အမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ မြတ်နိုးချစ်ခင်စွာဖြင့် ‘ဘထွေးလေး’ ဟု ဝိုင်းဝန်းခေါ်ဆိုခဲ့ကြလေသည်။ (ရုပ်ရှင်နယ်တွင်းသို့ ရောက်ရှိလာခဲ့သော ကျွန်တော့်ကိုလည်း ကျွန်တော် ၏ တူဖြစ်သူက ‘လေးလေး’ ဟု ခေါ်ခြင်းကြောင့် အားလုံးက ‘လေးလေး’ ဟုပင် ဝိုင်း၍ ခေါ်ခဲ့ကြ၏။ အချို့က ‘ဦးကြီး’၊ အချို့က ‘အဘ’ ‘ဘဘ’ စသဖြင့် ခေါ်ကြသည်။ ကျွန်တော်ကလည်း ကျေနပ်သည်။ သို့သော် ‘အန်ကယ်’ ဟု အခေါ်ခံရသည့်အခါတိုင်း အတော်ပင် စိတ်ညစ်ခဲ့ပါ၏)

ဘထွေးလေး (မြို့တော်သိန်းအောင်) သည် ဇာတ်မင်းသားတွေထဲ တွင် ရုပ်ချောရုပ်လှသူ မဟုတ်သော်လည်း ဟန် (Style) အလွန်ကောင်း သည်။ အက ကရာတွင် အကမကောင်းဘူးဟု ဆိုသည့်တိုင် ဟန် ကောင်းကောင်းဖြင့် ထူးထူးခြားခြား ကတတ်သည်။ ထို့ကြောင့် ကပုံ ထူးသည့် ဇာတ်မင်းသားဟု ကျွန်တော် ပြောချင်ပါသည်။ အသံဘက်က ကြည့်ရင်လည်း သူ့ထက် အသံကောင်းသော ဇာတ်မင်းသား အများ အပြားရှိသည်။ သို့သော် သူက ဆိုပုံဆိုပေါက် အလွန်ပါးနပ်ပြီး အရစ် အဝဲ ထူးခြားစွာဖြင့် ဆွဲဆောင်နိုင်စွမ်းရှိသည်။ ထို့ကြောင့်လည်း သူလို

ကိုယ်လို ပုံပန်းသဏ္ဍာန်ရှိသော ဘထွေးလေးက ပရိသတ်ကို အနုပညာ ခွန်အားဖြင့် များစွာ ဖမ်းစားနိုင်ခဲ့ခြင်းဖြစ်သည်။

နာမည်ကျော် ဇာတ်မင်းသားကြီးများသည် အခါအားလျော်စွာ ရုပ်ရှင်လောကသို့ အလည်ဝင်ရောက်ကာ ၎င်းတို့၏ အနုပညာစွမ်းအား ကို မှတ်တမ်းတင်ထားလေ့ ရှိကြပါ၏။ အသံတိတ်ခေတ်၊ ဗြိတိသျှ ဘားမားမှ 'မဟာဗုဒ္ဓဝင်' ဇာတ်ကားတွင် ဘုရားအလောင်း သိဒ္ဓတ္ထနေ ရာတွင် ပါဝင်သရုပ်ဆောင်ခဲ့သော မန္တလေး ဇာတ်မင်းသား မောင်ထွန်း ကြိုင်မှသည် ဦးဘိုးစိန် (သတ္တိဝိဇနေ)၊ မင်္ဂလာ ဦးအောင်မောင်း (ရှင်မွေး လွန်း မင်းနန္ဒာ) စိန်အောင်မင်း (မင်းကုသ၊ ဝိဇယကုမ္မာ)၊ ရွှေမန်းတင် မောင် (မနောဟရီ၊ ဝိမာန၊ သခ်ီ)၊ ရွှေနန်းတင် (သကုဏ္ဏလာ)၊ ကက် နက်စိန်၊ တစ်သက်စိန် (သုယောနန္ဒီ) ရဲစိန် (ဆင်ခိုးမလေး) အထိ ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့ကြသည်။

ထိုခေတ်ထိုအခါက ဇာတ်မင်းသားကြီးများ ရိုက်ကူးခဲ့ကြသော ရုပ်ရှင်များကိုကြည့်လျှင် ၎င်းတို့ ပိုင်ပိုင်နိုင်နိုင် ကပြသရုပ်ဆောင်နိုင် သော စင်တင်ဇာတ်လမ်းမျိုးကြီးများကို ရွေးနန်းပတ်နန်းစား ဝတ်စုံများ ဖြင့် ရိုက်ကူးခဲ့ကြခြင်း တွေ့ရသည်။ ယခုအချိန် မင်းသားကြီးတို့ သရုပ် ဆောင်ခဲ့သော ရုပ်ရှင်ကားများကို ဘယ်ကားမှ ရှာမတွေ့ရတော့ချေ။ အားလုံး ပျောက်ကွယ်ပျက်စီးကုန်ကြလေပြီ။

မြို့တော်သိန်းအောင်သည် ဘကြိုးသ်တိုင် ခေါင်းဆောင်မင်းသား အဖြစ် မင်းသမီး အကယ်ဒမီ ခင်မိုးမိုးနှင့် တွဲဖက်ကာ 'စိတ်နဲ့မာယာ' ဆိုသည့် ရုပ်ရှင်ဇာတ်ကားကို ရိုက်ခဲ့ဖူး၏။ ဒါရိုက်တာက အကယ်ဒမီ ဗိုလ်ဗကိုဖြစ်သည်။ ဇာတ်လမ်းက စင်တင်ဇာတ်လမ်းမဟုတ်၊ စိတ်ပညာ ပေး ဇာတ်လမ်းခပ်ဆန်းဆန်းဖြစ်သည်။ မြို့တော်သိန်းအောင်သည် ဇာတ်မင်းသားအဖြစ်မှ ပြက်ပြင်သားသား ခဲ့ရက်ကာ သရုပ်ဆောင်ခဲ့

သည့် ရုပ်ရှင်ကားဆိုက မမှားချေ။

လွန်ခဲ့သော (၂) နှစ်ခန့်က မန္တလေးမြောက်ပြင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စကားစပ်မိရင်း မြို့တော်သိန်းအောင်၏ "စိတ်နဲ့မာယာ" ရုပ်ရှင်ဇာတ်ကားထုပ်ရှိကြောင်း၊ ဖလင်များ သိမ်းဆည်းထားကြောင်း မရေမရာ ကြားသိခဲ့ရလေသည်။ မြန်မာရုပ်ရှင်ဇာတ်ကားတော်တော်များများ တိမ်မြုပ် ပျောက်ကွယ်နေခြင်းကို ဘဝင်မကျဖြစ်နေသည့် ကျွန်တော့်အနေဖြင့် ဘထွေးလေး၏ "စိတ်နဲ့မာယာ" အကြောင်းသဲလွန်စ ရသည့်အခါ (ဆရာကြီးရွှေဥဒေါင်း ရေးသလို) အနံ့ရသောအမဲလိုက်ခွေးပမာ အကြောအခြင်များ တင်းမာလာခဲ့လေသည်။ မည်သည့်အချိန်အခါမှာပဲဖြစ်ဖြစ်၊ ၎င်းရုပ်ရှင်ကားထုပ်နှင့် ပတ်သက်၍ အကြောင်းကြားပေးပါရန် တောင်းပန်မှာကြားခဲ့သည်။ အမြဲလည်း နားစွင့်နေခဲ့သလို ရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဇော်မြင့်နှင့် တွေ့ဆုံတိုင်းလည်း စုံစမ်းပေးရန် မှာကြားမိခဲ့သည်။

ကံကောင်းချင်တော့ မြို့တော်သိန်းအောင်၏ သမီး မိမိသိန်းအောင်နှင့် မကြာမီက အဆက်အသွယ်ရခဲ့သည်။ ဖခင်ကြီး မြို့တော်သိန်းအောင် ရိုက်ကူးခဲ့သည့် "စိတ်နဲ့မာယာ" ရုပ်ရှင်ကားထုပ်ရှိနေကြောင်း အကြောင်းကြားလိုက်ခြင်းဖြစ်သည်။ မန္တလေးသို့ ကိုယ်တိုင်မသွားနိုင်သေးသောကြောင့် ရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုဇော်မြင့်ကိုသွားကြည့်ပေးပါရန် (အမြဲတမ်း နှိပ်စက် အကူအညီတောင်းနေကျအတိုင်း) အကူအညီတောင်းလိုက်သည်။

မကြာမီ အကြောင်းပြန်လာပါ၏။ ကားထုပ်အခြေအနေ သိပ်မကောင်းကြောင်း၊ ပြ၍ မရနိုင်ကြောင်း သတင်းဆိုးဖြစ်လေသည်။ သို့သော် စိတ်အားကမလျှော့၊ ဖလင်ကားထုပ် (ဟိုင်ပို) အနံ့တွေထွက်၊ တွန့်လိမ်ကွေးကောက်၊ စေးကပ်ကပ် ဖြစ်နေစေဦးတော့။ အနည်းငယ်

လောက်တော့ ကောင်းနိုင်သေး၏ဟု စိတ်ကိုဖြေ၍ တွေးကာ မန္တလေးသို့ တက်ရန် လမ်းစရှာနေခိုက် ရမည်းသင်း၊ အင်းဆင်းရွာ... စာပေဟော ပြောပွဲဟောရန် အခွင့်သာခဲ့သည်။

ရမည်းသင်း အင်းဆင်းရွာ စာပေဟောပြောပွဲအပြီး ညတွင်းချင်း မန္တလေးသို့ တက်ခဲ့ရာ ည (၁၂) နာရီမှရောက်သည်။ နံနက်စောစောထ၍ မီမီသိန်းအောင်ရှိရာ မန္တလေးမြောက်ပြင်သို့ ထွက်လာခဲ့သည်။ မိမိကို ကြိုနေသော မီမီသိန်းအောင်တို့ မောင်နှမ သုံးဦးကို တွေ့ခဲ့ပြီး စားပွဲပေါ်တွင် တင်ထားသည့် ကွေးကောက်လိမ်တွန့်နေသော အနံ့တထောင်းထောင်း ဖလင်များကိုကြည့်ကာ စိတ်မသက်မသာ ဖြစ်နေမိ၏။ ဘထွေးလေး (မြို့တော်သိန်းအောင်)၏ သားသမီးများနှင့် တွေ့ရ၍ ဝမ်းသာကြည်နူးရသည်က တစ်ပိုင်း၊ ပြသ၍ မရနိုင်တော့ပြီဖြစ်သော "စိတ်နဲ့မာယာ" ဖလင်များကိုကြည့်ကာ စိတ်မချမ်းမမြေ့ဖြစ်ရသည်က တစ်ပိုင်း ခံစားခဲ့ရသည်။

ဘထွေးလေး (မြို့တော်သိန်းအောင်) ၏ ဘဝလှုပ်ရှားမှု အတက်အကျ အနိမ့်အမြင့် ရှန်းကန်ခဲ့ရပုံများကို မီမီသိန်းအောင်က စိတ်ဝင်စားဖွယ် ပြောပြခဲ့သည်။ မကြားဖူးသော အဖြစ်အပျက်များကို ကြားရသောကြောင့် ပျက်စီးနေသော ဖလင်အဖြစ်ဆိုးကို မေ့လျော့ကာ မီမီသိန်းအောင်တို့ မိသားစု၏ ဖခင်ကြီး၏ လုပ်ငန်းကို ပြန်လည်ကြိုးစားထူထောင်ခဲ့ကြပုံများအား စိတ်ဝင်တစား နားထောင်နေမိသည်။

တစ်ချိန်က လေးလေးစားစား မြတ်မြတ်နိုးနိုး ကြည့်ရှုခံစားခဲ့ရသော အနုပညာသည်ကြီးတစ်ဦး၏ မိသားစုဘဝ ရုန်းကန်မှုများကို ကြားရသောအခါ မမြဲသော သင်္ခါရသဘောနှင့် သံဝေဂတရားများကို ပွားများမိခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ... အနုပညာသည်တစ်ဦး၏ ကြမ်းတမ်းခက်

ထန်သော ကန္တာရလွင်ပြင်တွင် လှပသော အနုပညာပန်းများ ဝေဆာခဲ့သည် တော့ အမှန်ပင်။ ယနေ့အထိ ကြားနေရဆဲဖြစ်သော မြို့တော်သဘင်မှ မြို့တော်သိန်းအောင်၏ တေးသံကား ချိုမြနေဆဲပင်ဖြစ်သည်။

ချိုမြသော သူ၏ တေးသံကိုသာမက သူ၏ သရုပ်ဆောင်မှုများ ကိုပါ တစ်နိုင်ငံလုံးရှိ ပရိသတ်ကို "စိတ်နဲ့မာယာ" ရုပ်ရှင်မှတစ်ဆင့် ပြသနိုင်လိမ့်မည်ဟု အားထားမျှော်လင့်ချက်များသည်လည်း တစ်စတစ်စ ပျက်ပြယ်လာရချေပြီ။


မြန်မာတို့၏ ရိုးရာဓလေ့၊ ယဉ်ကျေးသိမ်မွေ့စွာ ခေါ်ဆိုတတ်သော ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေး၊ အရီးကြီး အရီးလေး၊ ဘထွေးကြီး ဘထွေးလေး ဝေါဟာရများ ပျောက်ဆုံးမည်ကို စိုးရိမ်မိသလို ဘထွေးလေး (မြို့တော်သိန်းအောင်) ၏ ရုပ်ရှင်ပုံရိပ်များ ပျောက်ကွယ်သွားမည်ကိုလည်း ကျွန်တော် စိုးရိမ်ထိတ်လန့်ခဲ့မိသည်မှာ အမှန်ဖြစ်ပါသည်။

ထိုနေ့က မီမီသိန်းအောင်တို့၏အိမ်မှ ရန်ကုန်သို့ တန်းတန်းမတ်မတ် ပြန်လာခဲ့သည်။ လမ်းတစ်လျှောက် ကားပေါ်တွင် (မီမီသိန်းအောင် လက်ဆောင်ပေးလိုက်သော) ဘထွေးလေး၏ တေးသံများကို ဖွင့်၍ နားထောင်လာခဲ့မိသည်။ ပျောက်ဆုံးသွားပြီဟု ထင်သော်လည်း ဘထွေးလေးက ရှင်သန်နေဆဲဖြစ်ပါ၏... ဘာဟဲ့...။

**မြို့တော်သိန်းအောင်... အနုပညာဂုဏ်ကိုဆောင်...**
**မန္တလေးမြို့ရဲ့ ကျက်သရေထွန်းပြောင်...**
**မြန်ပြည်... ဆောင်... စံတည်ထောင်...**
**မြို့တော်... မြို့တော်... ကိုသိန်းအောင်...**

❐

# ကျင်လည်ရာ



## တကယ်... လုပ်နိုင်ပါတယ်

သစ်ပင်ပန်းပင်များကြားတွင် ပျော်မွေ့တတ်သော လူအမြောက်အများရှိကြသည်။ ထိုသူများထဲတွင် မောင်ကျောက်ခဲတစ်ယောက် အပါအဝင်ဖြစ်၏။ လွန်ခဲ့သော နှစ် (၂၀) ကျော်လောက်ကတည်းက နားအေးပါးအေး ခြံဝင်းလေးနှင့် သစ်ပင်တွေစိုက်ပြီး နေလိုစိတ် ပေါ်ခဲ့သောကြောင့် မြစ်ခြားချောင်းခြား မြောက်ဒဂုံမြို့သစ် နေရာလေးကိုရွေးပြီး အခြေစိုက်ခဲ့လေသည်။

မောင်ကျောက်ခဲတို့ ကိုးကွယ်သော ဗုဒ္ဓမြတ်စွာဘုရားက "ပဋ္ဌာန်းတရား" ကို ဟောကြားခဲ့ရာတွင် "အဓိပတိပစ္စယော" ဆိုသည့်တရားတွင် မိမိဦးတည်ရာပန်းတိုင်သို့ရောက်ရန် အဓိပတိလေးပါးရှိကြောင်း ကြားနာရဖူးသည်။

တကယ်လုပ်နိုင်ဖို့ ထိုလေးပါးကို ဆောင်သင့်သည်ဟု မြင်မိပါ၏။ မောင်ကျောက်ခဲသည် ပန်းစုံဖူးပွင့်၍ သီးစုံသီးသော အပင်များပါသည့် ခြံဝန်းလေးကို လိုချင်သည့်ဆန္ဒ ရှိခဲ့သည်။ တကယ် ထိုဆန္ဒရှိခဲ့ပါသလား စဉ်းစားသောအခါ တကယ်ကို ဆန္ဒရှိခဲ့သည်။ အာဇာနည်နေ့သို့ ရောက်လေတိုင်း ဗိုလ်ချုပ်ပြတိုက်သို့ သွားသမီးများအား လိုက်လံ

ပြသဖူးသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြူစင်မှုနှင့် ဟန်ပန်ကင်းစင်မှုကို အတုယူဖို့ သားသမီးများအား ဆုံးမခဲ့ဖူးသည်။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းကလည်း မောင်ကျောက်ခဲကို မည်သို့နေထိုင်သင့်ကြောင်း ဆုံးမတတ်သည်။ အခြားမဟုတ်ပါ။

ပုဆိုးကွက်ကျား၊ စွပ်ကျယ်စက၊ ပေါက်တူးတစ်လက်ဖြင့် မြေဆွနေသော ဗိုလ်ချုပ်အောင်ဆန်း ရုပ်လုံးကြွပုံတူဖြစ်ပါသည်။ "ကိုယ်တော်ချောတွေက... ဈေးထဲက ဝယ်စားရမှ အကောင်းထင်ကြတယ်..." ဆိုသော ဗိုလ်ချုပ်အောင်ဆန်း စကားသံကိုလည်း ကြားယောင်လာမိသည်။

"ဘာပဲဖြစ်ဖြစ်၊ ငါလိုချင်တဲ့ဟာကို တကယ်ဖြစ်အောင် လုပ်ရမယ်။ ဗိုလ်ချုပ်အောင်ဆန်းစကား နားထောင်ရာလည်းရောက်အောင် ခြံကလေးထဲမှာ စားပင်သီးပင် စိုက်ရမယ်..."

မောင်ကျောက်ခဲ၏ ဆန္ဒသည် တစ်စတစ်စ ကြီးမားလာခဲ့သည်။ "တိုင်းရက်သည့် ပက္ကလာ မိုးရွာတာနဲ့ အဆင်သင့်" ဆိုသော စကားကို သုံးလျှင် ယခုခေတ် လူငယ် တော်တော်များများ သိမှ သိပါမည်လားမဆိုတတ်။ ("ပက္ကလာ" ဆိုသည်မှာ ခမောက်ရှည်တစ်မျိုး ဖြစ်ပါသည်။ အရွယ်အစားတိုင်းတာပြီး (သို့မဟုတ်) အချိန်ကို တိုင်းတာချင့်တွက်ခဲ့ပြီး ရက်ခဲ့သော ခမောက်ရှည်ကြီးကတော့ မိုးရွာတာနဲ့ အတော်ပဲဆိုသော အဓိပ္ပာယ်ဖြစ်ပါ၏)

မြောက်ဒဂုံမြို့သစ်စီမံကိန်းအရ သစ်လုပ်ငန်းဌာနအတွက် မြေရောင်းချရာတွင် ဇနီးမဂ္ဂမ်းပုံ၏ အစ်ကိုက တစ်ကွက် ဝယ်ခွင့်ရခဲ့သည်။ သူက စိတ်မဝင်စား၊ မလိုချင်။ နှမဖြစ်သူ မဂ္ဂမ်းပုံကို ပေး၏။ မဂ္ဂမ်းပုံ၏ယောက်ျား မောင်ကျောက်ခဲက သစ်ပင်ပန်းပင်စိုက်ရန် မြေကလေးဘာလေးနှင့် နေချင်သည်။ အဲ့သည်မှာ တိုင်းရက်သည့်ပက္ကလာ၊ မိုးရွာတာနဲ့ အဆင်သင့်ခဲ့ရလေ၏။

လူသူ စည်ကားလာသော စမ်းချောင်းကျွန်းတောလမ်းရှိ နေအိမ်ကို စွန့်ခွာကာ ချောင်းခြားမြောင်းခြား၊ ရွံ့ဗွက်တွေကြားက ဒဂုံမြို့သစ် (၃၄) ရပ်ကွက်သို့ ရွှေ့ခဲ့ပြီ။ သစ်ပင်ပန်းပင်များနှင့် နေလိုသော ဆန္ဒက အဓိကဖြစ်လေ၏။ ဆန္ဒာဓိပတိ ဆိုပါတော့။

မြေကွက်လေးရသည်နှင့် သစ်ပင်စိုက်ဖို့ စတင်စိုက်ကူးခဲ့သည်။ လွင်တီးခေါင်ဖြစ်သောကြောင့် အမြန်ကြီးလွယ်သော အပင်တွေကို ပထမ စိုက်ခဲ့သည်။ အော်ရေးရှားပင်၊ ပေါက်ပန်းပင်တွေ မြေကွက်ပတ်လည်စိုက်ခဲ့ပြီး အရိပ်ရသောအခါ သရက်ပင်၊ ကံ့ကော်ပင်၊ ပိတောက်ပင်၊ ဒန့်သလွန်ပင်တို့ကို စိုက်ခဲ့သည်။ အလုံအမှိုက်ပုံမှ မြေဆွေးများဝယ်ရသည်။ ပုဇွန်တောင် အမဲရိုးကုန်းမှ မြေဆွေးများလည်း ဝယ်ရသည်။ သစ်ပင်ဖြစ်ဖို့ ရေ၊ မြေ၊ လေ၊ အပူဓာတ်သာမက ငွေကြေးကလည်း လိုသေးသည်။ သည်တော့ ဝီရိယကောင်းကောင်းဖြင့် မိသားစုစားဝတ်နေရေးအတွက်သာမက သစ်ပင်ပန်းပင် စိုက်ဖို့အတွက် ဝီရိယစိုက် အလုပ်လုပ်ငွေရှာရသည်။ သစ်တောဌာနမှ သူငယ်ချင်း (ဦး) အုန်းလွင်က အပင်တွေပေးသည်။ တစ်ခါတစ်ခါ သူ့ကားဖြင့် သစ်ပင်များ သယ်လာပေးသည်။ ကျေးဇူးတင်စရာ အလွန်ကောင်း။

ကိုယ်ဖြစ်ချင်တာကို တကယ်လုပ်နိုင်ဖို့ ဆန္ဒရှိရုံနှင့် မဖြစ်။ ဝီရိယလေးလည်းစိုက်ပါမှ... ဖြစ်နိုင်ပါမည်။ နောက်ပြီး 'စိတ်' ကလည်း သည်သစ်ပင်၊ ပန်းပင်၊ သီးစားပင်တွေ ရှင်သန်ကြီးထွားလာသည့်အပေါ် ကျေနပ်ကြည်နူးပျော်ရွှင်နေဖို့ အရေးကြီးပြန်သည်။ သစ်ပင်ပန်းပင်တွေ စိုက်ပျိုးခြင်းဖြင့် မိမိ၏စိတ်ကို ရွှင်လန်းစေသလို မြင်ရသူများအတွက်လည်း ကြည်နူးစရာဖြစ်မည်ဟု ယုံကြည်စိတ် တစ်သမတ်တည်းထားကာ ဆန္ဒရှိခဲ့သော သစ်ပင်တွေ ဝိုင်းနေသော အိမ်ကလေးကို ရရှိနိုင်မည်ဖြစ်လေသည်။

ပထမ ဆန္ဒ၊ ဒုတိယ ဝီရိယ၊ တတိယ စိတ္တ... အဆင့်ဆင့် ခံစား ကြိုးစားမှုများဖြင့် မိမိလိုချင်သောအရာကို ကြိုးစားလျှင် တကယ်လုပ် နိုင်မည်ဟု မောင်ကျောက်ခဲ ယုံကြည်ပါ၏။ နောက်ဆုံးတစ်ခုကတော့ အသိဉာဏ်ပညာ ထက်မြက်အားကောင်းမှုဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခြွေခဲ့သလို ကိုယ့်ခြံထဲတွင် ကိုယ်တတ် နိုင်သလောက် စားပင်သီးပင်လေးတွေ စိုက်ထားခြင်းဖြင့် အိမ်စရိတ် သက်သာရုံမျှမက ဓာတုဆေးဝါး ပိုးသတ်ဆေးများ ကင်းစင်သော အသီး အနှံများကို စားနိုင်သည်ဆိုသော အသိဉာဏ်မျိုး လိုအပ်ပါသည်။ မဂ္ဂမ်း ပုံက ပန်းအိုးလေးများထဲတွင် ငရုတ်ပင်၊ ကြက်ဟင်းခါးပင်၊ တိုင်ထောင် ပဲသီးပင်၊ ရုံးပတီသီးပင်၊ ခရမ်းချဉ်ပင်၊ ပူဒီနာပင်... စသည်ဖြင့် စိုက် ထားသလို သဘော်ပင်၊ မာလကာပင်၊ သံပရာပင်၊ သရက်ပင်များကို လည်း ခြံစည်းရိုးတစ်ဝိုက် စိုက်ထားခဲ့သည်မှာ ကြာခဲ့ပြီ။

စားပင်သီးပင်သာမဟုတ် ဦးပုည၏ စာထဲကလို နှာညွှန့်ကို ချူ တတ်သည့်စံပယ်ပင်၊ ယုဇနပင်၊ ကံ့ကော်ပင်တို့ကိုလည်း မောင်ကျောက် ခဲ၊ မဂ္ဂမ်းပုံ ဇနီးမောင်နှံ သဘောကြည်ဖြူ အတူတကွ စိုက်ပျိုးခဲ့ကြပြန် သည်။ မမွှေးသော်လည်း ရင်ထဲကို အေးသွားအောင် စွမ်းဆောင်နိုင် သည့် သစ်ခွပင်အမျိုးမျိုးကိုလည်း မဂ္ဂမ်းပုံက ချိတ်ဆွဲပြုစုထားပြန် သည်။ စိတ်ကို အာဟာရ ပြုနိုင်စွမ်းနိုင်သည့် သစ်ပင်ပန်းပင်များဆိုက မမှားနိုင်ပါ။

သစ်ပင်များက စိုက်သူ၏ စိတ်အင်အား၊ အသိဉာဏ် အင်အား ကိုပါ တိုးတက်မြင့်မားစေသည်ဟု ယုံကြည်မိသည်။

တကယ်လုပ်နိုင်ပါတယ်ဟု အာမခံရဲပါသည်။ ဘာကြောင့်လဲဆို တော့ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝိမံသာဓိပတိဆိုသော အဓိပတိလေးပါး လက်ကိုင်ထားပါက လိုချင်သောအရာများကို လက်

ဝယ်ပိုင်ပိုင် မရနိုင်သည့်အရာ မရှိပါ။ သို့ကြောင့်...

မိမိဘက်က ခိုင်ခိုင်မာမာ လက်ကိုင်ထားရမှာက... ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝိမံသ... ဆိုသည့် စွမ်းအားများဖြစ်ပါ၏။ ထိုစွမ်းအားများ ပြည့်စုံပြီဆိုပါက...

တကယ်လုပ်ပါတယ်... လို့။

❐



## ငယ်ချစ်ကလေး ချမ်းသာပေးပါ

"အမယ်လေး... အမယ်လေး... အသက်က (၇၀) နားကပ်နေပြီ... ဘာတဲ့... "ငယ်ချစ်ကလေး ချမ်းသာပေးပါ" ဆိုပါလား...၊ ကြီးတောင့်ကြီးမားကြမှ နှာပွနေပါလား" ဟု မဆိုလင့်ကြရန် ကြိုတင်တောင်းပန်ပါ၏။

သည်အရွယ်ကြမှ... ငယ်ချစ်တွေ... ကြီးချစ်တွေနဲ့ မွေ့လျော်ပျော်ပါးရန် စိတ်အားက မသန်ပြီဆိုသည့်တိုင်... ငယ်ချစ်အကြောင်း ပြန်ပြောင်းတသ... သတိရ... တဖွဖွ ဘာကြောင့်... ခေါင်းစီးတပ်လာပါသနည်း... မေးအံ့။

ငယ်ငယ်က ကြည့်ခဲ့ရသော သိုက်သမိုင်းဇာတ်တွေထဲက အယုတိမ်းသည့်နတ်စိမ်းလို... "အမယ်မင်း ပြောရတော့မယ်တဲ့... ပြောရတော့မယ်... တကယ်ကြင်နာ... ငယ်စဉ်ခါက... ခင်မင်လာတာတွေကိုတော့... ပြောရတော့မယ်... တိန့်တိန်တိန်" ဟုသာ အော်ဟစ်မြည်တမ်းလိုက်ချင်ပါသည်။

စင်စစ် မောင်ကျောက်ခဲ၏ ငယ်စဉ်ဘဝသည် ကျေးတောရွာလေးမှာ ကြီးပြင်းခဲ့ရသော ဘဝဖြစ်သည်။ နေပူလျှင် ဖုန်ထ၊ မိုးရွာက ရွံ့

ဗွက်တွေကြား လူပ်ရှားလာခဲ့ရသည်။

ကံပစ်ချရာနေရသော လူ့ဘဝ... မလှပသည်ကိုလည်း ဂရုမထား... တောရွာမှာ ကလေးဘဝ ပျော်ပျော်ပါးပါး နေခဲ့ရသည့် အချိန်များတွင် ငယ်ချစ်ကလေးနှင့် စတင်တွေ့ဆုံရခြင်းဖြစ်ပါသည်။

သူ့ကို စတွေ့ခဲ့သည့်နေရာက ရွာဦးဘုန်းကြီးကျောင်း၊ (လုပ်ပြန်ပြီ... ငယ်ချစ်နှင့်တွေ့ရသည့်နေရာက ဘုန်းကြီးကျောင်းရယ်လို့... ဆက်တင်တွေ မှားပြန်လေပြီ... ဟု မထင်လိုက်ကြပါနှင့်)

မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အရ ဘုန်းကြီးများကို ကန်တော့ကြရာတွင် အုန်းသီး၊ ငှက်ပျောသီးတို့သည် မပါမဖြစ် ပါရသော ကန်တော့ပွဲပစ္စည်းများ ဖြစ်ကြလေသည်။

ထို့အတူ ဘုန်းကြီးကျောင်းသား မောင်ကျောက်ခဲတို့အတွက် မစားမဖြစ်စားရသော အသီးအနှံမှာလည်း ငှက်ပျောသီးပင် ဖြစ်လေသည်။

တစ်ခါတစ်ခါ ကိုရင်ကြီးတွေ ကျက်သရေခန်း (Store) ထဲမှာ မေ့လျော့နေ၍ ငှက်ပျောသီးတွေ မှည့်ပျော်သွားသည့်တိုင် စားသုံးသူ မောင်ကျောက်ခဲတို့ကတော့ လွှင့်မပစ်ရက်၊ ခုံခုံမင်မင် စားခဲ့ကြသည်။ မှည့်တော့ ပိုလိုတောင် ချိုသေး။ တချို့ကောင်တွေကြတော့ ကြဲကြဲဖန်ဖန်... ငှက်ပျောသီး အခွံဖျားလေးကို ကိုက်ပြီး အလုံးမပျက်အောင် လက်ဖြင့် ညှစ်စားကြသည်။ စားလို့ကုန်သွားတော့ ထိုအပေါက်ကို လေဖြင့် မှုတ်လိုက်သည်။ မသိလျှင် အထဲမှာ အသားအနှစ်ရှိသယောင် ထင်ရ၏။ အ သောသူများကို ပေးပြီး ရယ်စရာ လုပ်တတ်ကြသည်။

မောင်ကျောက်ခဲ၏ ငယ်ချစ်ကလေးဆိုသည်မှာ အခြားမဟုတ်၊ ငှက်ပျောသီးပင် ဖြစ်ပါတော့သည်။

မြန်မာဆေးကျမ်းအလိုအရပဲကြည့်ကြည့်၊ နိုင်ငံတကာ အာဟာရ

စွမ်းအားမှတ်တမ်းကိုပဲ လေ့လာလေ့လာ... ငှက်ပျောသီးသည် အလွန် အာဟာရပြည့်ဝပြီး ကျန်းမာရေးအတွက် အထောက်အကူပေးသော သီးနှံ ဖြစ်သည်ကတော့ အမှန်ပင်။ ထို့ကြောင့်ပင်လျှင် မြန်မာလူမျိုးတို့သည် ပူဇော်ထိုက်သူမှန်သမျှ ငှက်ပျောသီးထည့်၍ ပူဇော်ကြသည်ဟုပင် ယူဆ ဖွယ်ရာ ရှိလေသည်။

ငယ်စဉ်ကတည်းက ကြိုက်နှစ်သက်လာသော ငှက်ပျောသီးကို အရွယ်ကြီးလာသည်နှင့်အမျှ မောင်ကျောက်ခဲ ပို၍ပို၍ ကြိုက်လာခဲ့ သည်။ ထမင်းစားပြီး ဖီးကြမ်းငှက်ပျောသီး မှည့်မှည့်လေးတစ်လုံးလောက် စားရမှ တင်းတိမ်သလို ခံစားရသည်။ အလယ်တန်းကျောင်းသားဘဝ ငှက်ပျောသီးကြိုက်သည်ကို အစွဲပြုတော့ 'မန်းကီး' ဟု သူငယ်ချင်းတွေ က နောက်ပြောင်ခဲ့ကြသည့်တိုင် စိတ်မဆိုး၊ ဒေါသမဖြစ်မိ။ (မျောက်လို ဆော့တာလည်း ပါမှာပေ့ါလေ)

ငှက်ပျောသီးနောက်... နှစ် (၂၀) လောက် နောက်ကျပြီးမှ ချစ်ရ သောဇနီးနှင့် အိမ်ထောင်ကျ၍ သားသမီးတွေ မွေးလာသောအခါတွင် လည်း ငယ်ချစ်ကလေး၏ အရည်အသွေးများကိုပြောကာ... သားသမီး များကို စားစေခဲ့၏။ မောင်ကျောက်ခဲအိမ်တွင် ဖီးကြမ်းငှက်ပျောသီး တစ်ဖီးကတော့ အမြဲမပြတ် ချိတ်ဆွဲထားဆဲ။

ယခုသော်... ငယ်ချစ်ကလေးက ယခင်ကကဲ့သို့ မဟုတ်ချေပြီ။ ဈေးကဝယ်လာပြီး နောက်တစ်နေ့ ဝင်းဝါလာသည်။ နောက်တစ်နေ့ မည်းညစ်သွားသည်။ 'မှည့်ပြီထင်တယ်၊ စားပစ်မှ' ဟုတွေးကာ ကိုင် ကြည့်တော့ မာဂေါက်ဂေါက်။ နောက်တစ်နေ့ ထားကြည့်သည်။ စား ကြည့်သည်။ မာသည့်အပိုင်းကမာ၊ ပျော့သည့်အပိုင်းကပျော့၊ အမှည့် မညီ၊ အခွံကလည်း ရှိနေသည်။ အို... ငယ်ချစ်ကလေး ဘာကြောင့် ပုံပျက်သွားပါလိမ့်။

လူတွေက တစ်စတစ်စ သဘာဝကို ဆန့်ကျင်လာကြသည်။ လောဘတွေကလည်း အရှိန်ပြင်းလာသည်။ အသီးအနှံတွေကို အထွက်တိုးအောင် မတန်တဆ ဓာတ်မြေဩဇာတွေကျွေး၊ ပိုးသတ်ဆေးတွေအလွန်အကျွံသုံး၊ သစ်သီးဝလံတွေကို မချိုချိုအောင် ဆေးတွေထိုး၊ မမှည့်မှည့်အောင် ဆေးတွေစိမ်... စသည်ဖြင့် (လောဘ) အတတ်မျိုးတွေ စုံလာသည်ဟု... စာတွေတွင် ဖတ်ရသည်။

မောင်ကျောက်ခဲ၏ ငယ်ချစ်ကလေးသည်လည်း အရွယ်ရောက်အောင် နတ်ရေကန်ထဲ ဖွတ်နှစ်သလို (လောဘ) ဆေးတွေထဲ အစိမ်ခံလိုက်ရခြင်း ဖြစ်လေသည်။ ဆေးစိမ်ငှက်ပျောသီးခများ ပထမတော့ လှပါ၏။ နောက်ကြတော့... ဘာမှအသုံးမကျ၊ ဆက်စားလျှင် ဒုက္ခများ တော့မည်မှာ အသေအချာ။

မြန်မာ့ရုပ်သေးသဘင် ထွန်းကားစဉ်အခါက သံချိုဆရာကြီး မောင်းထောင် ဦးကျော်လှက သဘင်သည်များ၏ လုပ်ငန်းသည် အကျ သိုလ်နည်းကြောင်း ကာကွယ်ရေးသားခဲ့ဖူးသည်။ ထိုသံချိုထဲတွင် သဘင်သည်တွေထက် လယ်ယာ၊ ကုန်ထုတ်၊ အရောင်းအဝယ်လုပ်သူများက ပို၍ အကုသိုလ်များကြောင်း ရေးသားခဲ့ဖူးသည်။

လယ်ယာလုပ်သူများအနေဖြင့် ကန်သင်းကို ခြေဖြင့်နင်း၍ ရေခိုး အဒိန္နဒါနကျူးလွန်ပုံများ၊ အရောင်းအဝယ်လုပ်သူများက အလေးတင်း တောင်း အချိန်အတွယ် ခိုးကြပုံများ ပါရှိလေသည်။


ယခုအချိန်အထိ မောင်းထောင်ဦးကျော်လှသာ ရှိဦးမည်ဆိုလျှင် ဓာတ်မြေဩဇာတွေ တရားလွန်ထည့်၊ ပိုးသတ်ဆေးတွေ မတရားသုံး၊ အသီးအနှံတွေ ဆေးထိုး၊ ဆေးစိမ်လုပ်၍ သဘာဝကို ဆန့်ကျင်ကာ ဘယ်သူတေတေ ငသေမာလျှင် ပြီးရောစိတ်ဖြင့် လူတွေ လောဘတက်ကြပုံကို အဘယ်ကဲ့သို့ ဖွဲ့နွဲ့နေလေမည်နည်းဟု မောင်ကျောက်ခဲ တွေး

နေမိသည်။

မိမိနှင့် မိသားစု၏ စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရာတွင် မိမိအလုပ်သည် တရားလွန် လောဘလွှမ်းမိုးခြင်း ရှိမရှိ၊ သမာအာဇီဝ ဖြစ်မဖြစ် စဉ်းစားကြဖို့ လိုအပ်ပြီထင်ပါ၏။

အများ မိုးခါးရေသောက်မို့ သိပါလျက်နှင့် လုပ်လိုက လုပ်နိုင်ကြပါ၏။ သို့သော် မောင်ကျောက်ခဲတို့လို အောက်ခြေလူတန်းစားတွေ အကြိုက် ထာဝရ ချစ်ခင်မြတ်နိုးလာရပါသော ငယ်ချစ် (ဖီးကြမ်း ငှက်ပျောသီး) ကလေးကိုဖြင့် ချမ်းသာပေးတော်မူကြပါလို့ အကြောင်းမှန်ဖြင့် တောင်းပန်လိုက်ရပါကြောင်း...။

❐



## ရသစာပေ

မောင်ကျောက်ခဲအမေ၏ အမေကို မောင်ကျောက်ခဲက အမေကြီး ဟုခေါ်ပါသည်။ အချို့ကတော့ 'အဘွား' ဟု ခေါ်ကြပေလိမ့်မည်။ မောင်ကျောက်ခဲ လူမှန်းသိတတ်ခါစအရွယ်တွင် မောင်ကျောက်ခဲမှာ 'အဖေကြီး' ဟူ၍လည်းကောင်း၊ 'အဘိုး' ဟူ၍လည်းကောင်း ခေါ်စရာ မရှိခဲ့ပါ။။ 'အမေကြီး' ဆိုတာတောင်မှ အမေ့အမေပဲ ရှိပါသည်။ အဖေ့အမေ မရှိတော့ပါ။ ရှင်းအောင်ဆိုရပါမူ မောင်ကျောက်ခဲတွင် အဘိုးအဘွားဆို၍ 'အမေကြီး' တစ်ဦးတည်းသာ ရှိခဲ့ဖူးပါသည်။ (ရှင်းမှ ပို ရှုပ်သွားပြီထင်ပါ၏။ လူတိုင်းလူတိုင်း အဖေ့ဘက်က အဖေနှင့်အမေ၊ အမေ့ဘက်က အဖေနှင့် အမေ မလွဲမသွေ ရှိမည်မှန်သည့်တိုင် အသက် အရွယ်ငယ်ငယ်နှင့် ကွယ်လွန်ကုန်ကြသောကြောင့် လူမှန်းသိစ မြေး ဘဝတွင် အဘိုးအဘွားလေးဦးစလုံး ရှိကောင်းမှ ရှိနိုင်မည်ဖြစ်လေရာ မောင်ကျောက်ခဲမှာ လူမှန်းသိစအရွယ်မှာ အဘွား (သို့မဟုတ်) အမေ ကြီးတစ်ယောက်သာ ကျန်ရစ်ခဲ့ရှာပါသည်။ ထို့ကြောင့် မောင်ကျောက်ခဲ ဘဝတွင် အဘိုးအဘွားဆို၍ 'အမေကြီး' တစ်ဦးတည်းသာ ရှိခဲ့ဖူးပါ သည်ဟု ဆိုမိခြင်းဖြစ်ပါလေသည်။

'အမေကြီး' နှင့်ပတ်သက်ပြီး လွမ်းစရာတွေ မောင်ကျောက်ခဲမှာ များစွာရှိပါသည်။ ယုတ်စွအဆုံး... အမေကြီးတို့ ညီအစ်မတွေ နာမည် ကအစ လွမ်းစရာ၊ သတိရစရာအပြည့်...။ အမေကြီးက သူတို့ညီအစ်မ လေးယောက်ထဲတွင် အစ်မအကြီးဆုံးဖြစ်ပြီး နာမည်က မဒေါင်းပုံ၊ ဒုတိယတစ်ယောက်ကတော့ မဒေါင်းယုန်၊ တတိယတစ်ယောက်က မချစ်မယ်၊ ကဲဗျာ... အငယ်ဆုံးကတော့ မနက်ထယ်... တကယ့်ကို ရှားရှားပါးပါးနာမည်များ ဖြစ်ကြသည်။ မှည့်လည်း မှည့်တတ်ပါပေ့။

မောင်ကျောက်ခဲငယ်စဉ်က မဒေါင်းယုန်မှတစ်ပါး ကျန်အမေကြီးများကို မြင်ဖူးခဲ့ပါသည်။ အားလုံး အေးအေးချမ်းချမ်းနေတတ်သော အဘွားကြီးများ ဖြစ်ကြသည်။ သို့သော် အမေကြီး 'မဒေါင်းပုံ' ကတော့ ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက် အဘွားကြီး။ သားသမီး လေးယောက်မွေးပြီး ခင်ပွန်းကွယ်လွန်၍ မုဆိုးမဘဝရောက်သည့်တိုင် လေ့ခွက်ချည်းကျန် အလံမလှဲဆိုသည့် စိတ်ဓာတ်မျိုးဖြင့် ဘဝကို လျှောက်လှမ်းခဲ့သည်။ နာမည်ကိုက 'မဒေါင်းပုံ'။

ခင်ပွန်းသေဆုံးပြီးနောက် သားသမီးလေးယောက် စားဝတ်နေ ရေးကို ဈေးတောင်းခေါင်းရွက် ရွာရိုးထွက် ဈေးရောင်း၊ ရွာဖွေစောင့် ရှောက်ပေးခဲ့သည်။ အမေကြီးရောင်းသည့်ပစ္စည်းမှာ... ဗမာမုန့်ပဲသရေစာ များဖြစ်ကြပြီး ၎င်းမုန့်ပဲသရေစာများကို အမေကြီးကိုယ်တိုင်လုပ်၍ ရောင်းခြင်းဖြစ်လေသည်။ မောင်ကျောက်ခဲတို့မိဘများ မြို့ပေါ်သို့ ပြောင်းရွှေ့သွားကြသည့်တိုင် အမေကြီးသည် သူ့ခင်ပွန်းခေါင်းချရာ ဇာတိရွာလေးမှ တစ်ဖဝါးမခွာ၊ သူ့ဝမ်းသူကျောင်းရင်း ကျန်ရစ်ရှာသည်။ နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း မောင်ကျောက်ခဲတစ်ယောက် အမေကြီး ကျန်ခဲ့သည့်ရွာသို့ သွားနေတတ်သည်။ အမေကြီးနှင့်အတူ ထမင်းတွေဟင်းတွေ ပုံပြီး စားခဲ့ရသည့် ဒေါင်းလန်းကြီးကိုလည်း လွမ်း

မိပါသည်။ ထမင်းစားအပြီး အမေကြီးကိုယ်တိုင် လုပ်ထားသည့် ဗမာမုန့်ပဲသရေစာများ စားရသည်ကိုလည်း လွမ်းဆွတ်ရပြန်ပါသည်။ အမေကြီးမုန့်တွေ ထုပ်ဖို့အတွက် ငှက်ပျောဖက်တွေ၊ ဆပ်သွားဖူးရွက်တွေ၊ ကြာဖက်တွေ... ခူးပေးခဲ့ရသည်များကိုလည်း တရေးရေးမြင်ကာ လွမ်းမိပါသည်။

အမေကြီး ဘဝတစ်ပါး ပြောင်းခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်နီးပါးလောက်ရှိပါပြီ။ တစ်ခါတစ်ခါ သတိရတိုင်း အလွမ်းအသစ်ဖြစ်တတ်မိရသည့် အမေကြီး၏ ဒေါင်းလန်းထဲက ငှက်ပျောဖက်၊ ကြာဖက်လေးတွေနှင့် ထုပ်ထားသော ဗမာမုန့်ပဲသရေစာလေးများကို မေ့၍မရ။

တစ်နေ့က ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲသို့ ရောက်သွားခဲ့သည်။ မတွေ့သည်မှာ ကြာပြီဖြစ်သော (ဆရာဝန်တင်ရွှေ၏ သမက်) မိတ်ဆွေကြီး ကိုသောင်းတင်နှင့်တွေ့ကာ သူပေးလာသော ဆုရစာရေးဆရာများနှင့် ဆုရစာပေများအကြောင်း အညွှန်းရေးသားထားသည့် စာအုပ်ငယ်ကို ဖတ်ကြည့်မိသည်။ ဆုရစာအုပ်များထဲမှ အင်္ဂလိပ်လိုရေးထားသော စာအုပ်အမည်ကို မောင်ကျောက်ခဲ စိတ်ဝင်စားသွားမိသည်။ အင်္ဂလိပ်စာအုပ်တွေ တော်တော်များများ ဖတ်တတ်သည်ဟု အထင်ကြီးမသွားကြပါနှင့်။ မောင်ကျောက်ခဲ စိတ်ဝင်စားမိသည်က စာအုပ်အမည်ဖြစ်ပါသည်။ "BAMAR SNACKS" ပါ။

"ကိုသောင်းတင်ရေ... ဒီစာအုပ်ကတော့ တော်တော့်ကို အရသာရှိမယ့် စာအုပ်ထင်တယ်ဗျ" ဟု မောင်ကျောက်ခဲက စာအုပ်အမည်ကို လက်နှင့် ထောက်ပြလိုက်တော့ ကိုသောင်းတင်က ပြုံးဖြီးဖြီးဖြင့်...

"ဟုတ်တယ်ဗျ" ဟု ထောက်ခံလိုက်သည်။

စာပေဆုပေးပွဲပြီးသောအခါ မောင်ကျောက်ခဲသည် "BAMAR SNACKS" စာအုပ်ရေးသားသူ ဆရာမ (ဒေါ်) ဥမ္မာရှားနှင့် ဗမာမုန့်ပဲ

သရေစာကို စိတ်ဝင်စားကြောင်း ပြောမိပြန်သည်။ ဆရာမရေးသားသော ဗမာမုန့်ပဲသရေစာဆိုသည့် စာအုပ်ကိုလည်း ဖတ်ချင်ကြောင်းပြောရာ ဆရာမက မေတ္တာလက်ဆောင် ဆက်ဆက်ပေးပါမည်ဟု ပြန်ပြောခဲ့သည်။

ဆရာမက သူပေးထားသည့်ကတိကို မမေ့။ တစ်နေ့က 'ဗမာမုန့်ပဲသရေစာ' စာအုပ်အတွဲ (၁) နှင့် အတွဲ (၂) စာအုပ်နှစ်အုပ် လူကြုံနှင့် မပျက်မကွက် ပို့ပေးလိုက်သောကြောင့် ဝမ်းသာအားရ ဖတ်ကြည့်မိသောအခါ ကိုယ်ငယ်စဉ်က စားခဲ့ရသော မုန့်ပဲသရေစာများသည် သာမန်မဟုတ်ပါလားဟု သိလာရသည်။

မုန့်ပဲသရေစာဆိုသည်မှာ... အဆာပြေစားသော ဖြည့်စွက်အစာလေးမျှသာဟု အစဉ်တစိုက် သိလာရာမှ အံ့သြစရာကောင်းလောက်အောင် ထူးခြားသော အစားအစာများပေတကားဟု ခံစားလာခဲ့ရသည်။ ရှေးက ဗမာကြီးများ၏ စိတ်ကူးစိတ်သန်းနှင့် အတတ်ပညာများကိုလည်း အံ့သြမိရပြန်သည်။

ရှေးဗမာကြီးများ၏ အတတ်ပညာကို အနုစိတ် ပြုစုရေးသားနိုင်သော ဆရာမ (ဒေါ်) ဥမ္မာရှား၏ ကြိုးစားမှုကိုလည်း တလေးတစားဖြစ်မိလေတော့သည်။ စင်စစ် မောင်ကျောက်ခဲ၏ ဘဝတစ်လျှောက် ဗမာမုန့်ပဲသရေစာများနှင့် ကင်းလွတ်ခဲ့သည်မရှိခဲ့။ ငယ်စဉ်တုန်းကတော့ အမေကြီးကိုယ်တိုင် ဗမာမုန့် လုပ်တတ်ရုံသာမဟုတ်၊ ဗမာမုန့်ရောင်းပြီး သားသမီးများ၏ စားဝတ်နေရေးကို ဖန်တီးပေးနိုင်ခဲ့သူမို့ အမေကြီးကျွေးခဲ့သော ဗမာမုန့်များမှသည် အသက်ကြီးလာသည်အထိ ဗမာမုန့်များကို နှစ်ခြိုက်ခဲ့သည်။

မူလတန်းကျောင်းသား ဘဝတုန်းက မကြာခဏ ဝယ်စားခဲ့မိသော သဘော်သီးသုပ်ကို သတိရမိသလို အလယ်တန်းကျောင်းသားဘဝ

တွင် စားခဲ့ရသော မုန့်တီကိုလည်း မမေ့။ သာကူချို၊ နနို့ (နွားနို့) ထမင်းဟု အော်ဟစ်ရောင်းချခဲ့သော ခေါင်းရွက်ဈေးသည်၏ အသံကို လည်း ယခုထိ ကြားယောင်ဆဲ။

"မုန့်လက်ဆောင်း နန်ကထိ" ရောင်းသော သနပ်ခါးဘဲကျားနှင့် မိန်းမကြီးကို သတိရနေတတ်သလို ကုလားပဲသုပ်သည် ကုလားကြီး၏ ရုပ်သွင်ကလည်း တစ်ခါတစ်ခါ မျက်စိထဲ မြင်ယောင်ဆဲ...။

ဝါးခြင်းတောင်းကြီးကို ထမ်း၍ မုန့်လေပွေ လာရောင်းတတ်သော ဦးလေးကြီး၏ ပုံစံကလည်း ထင်ထင်ရှားရှား။ သည်ကြားထဲမှာ တို့ဟူးသုပ်သည်မှာလည်း မောင်ကျောက်ခဲနှင့် အမေတို့၏ စားနေကြ ဈေးသည်။

အားလုံး ပြန်စဉ်းစားကြည့်မိသောအခါ 'အင်း... အတော် အစား ကြီးတဲ့ ငါပါလား...' ဟု အောက်မေ့ပြီး ရှက်သလိုလိုတောင် ဖြစ်လာမိ သည်။

အိမ်ထောင်သည်ဘဝ ရောက်သည့်အခါတွင်လည်း ဇနီးဖြစ်သူက သရေစာကြိုက်သူမို့ မုန့်စိမ်းပေါင်း၊ ကောက်ညှင်းကျည်တောက် (မောင် ကျောက်ခဲတို့ကတော့ 'ပေါင်းတင်းကျည်' ဟု ခေါ်လေ့ရှိသည်) ပြောင်း ဖူးပြုတ်၊ ဘိန်းမုန့်၊ မုန့်ကြာစေ့၊ ကောက်လှိုင်းတီ... စသော တော်တော် များများ သရေစာများကို ဇနီးသည်ကြောင့် ကြိုက်တတ်လာသည်။

ယခု ဆရာမဉမ္မာရှား၏ မုန့်ပဲသရေစာ စာအုပ်ကို ဖတ်ကြည့် သောအခါ အမေကြီးနှင့် အမေ့ကို လွမ်းသော အလွမ်းရသတွေလည်း ခံစားရသည်။ ဇနီးသည်နှင့်အတူ စားခဲ့မိသော သရေစာများအကြောင်း ကို တွေးမိ၍လည်း သိင်္ဂါရ ရသကို ခံစားရပြန်သည်။ စောစောက ကိုသောင်းတင်နှင့် ရယ်စရာအဖြစ် ပြောခဲ့မိသော ချိုချဉ်ဖန်ခါး၊ ငန်၊ စပ်၊ ဆိမ့်အရသာများကိုလည်း ခံစားရသည်။

COOK BOOK ကို မည်သူကမှ ရသစာပေစာရင်းသို့ မသွတ်သွင်းကြသည့်တိုင် မောင်ကျောက်ခဲကတော့ 'ဉမ္မာရှား' ၏ 'ဗမာမုန့်ပဲသရေစာ' စာအုပ်ကို ရသစာပေစာရင်းသို့ သွတ်သွင်းလိုက်မိသည်။

စာအုပ်၏ ကျောဖုံးတွင် ရေးသားထားသောစာကို ဖတ်မိသောအခါ ထူးထူးခြားခြား ဝီရ ရသကို ခံစားရပြန်သည်။ ဆရာမက ဤသို့ ရေးသားထားပါ၏။

"မိမိလူမျိုး၏ ကိုယ်ပိုင်အစားအစာကို မသိခြင်းသည်

မိမိကိုယ်ကို မသိခြင်းပင်ဖြစ်သည်။

မိမိကိုယ်ကို မသိသောသူတွင် အမျိုးချစ်စိတ် ကင်းမဲ့တတ်သည်။

အမျိုးချစ်စိတ် ကင်းမဲ့လျှင် အမျိုးပျောက်တတ်သည်။

အမျိုးမပျောက်လိုလျှင် မိမိလူမျိုး၏ ကိုယ်ပိုင်အစားအစာကို မိမိကိုယ်တိုင်သိအောင် ကြိုးစားသင့်သည်... တဲ့

ဟုတ်ကဲ့ သိအောင်လည်း ကြိုးစားကြပါခင်ဗျာ။

မောင်ကျောက်ခဲကတော့ စားဖို့ အဆင်သင့်ပါပဲ။

**ငယ်ငယ်တုန်း**ကလို ဒေါင်းလန်းကြီးထဲမှာ ဗမာမုန့်ပဲသရေစာတွေထည့်**ပြီး... စားလိုက်ရ**ရင်ဖြင့်... အင်း...။

❒

## မလုပ်မဖြစ်

ယခုတစ်လော မောင်ကျောက်ခဲတစ်ယောက် အလွန် အလုပ်ရှုပ်နေ၏။

ပါလေရာ ပဲခူးဆားလို့ ပြောရလေမည်လားမသိ၊ နေရာတကာ မောင်ကျောက်ခဲပါသည်။ ရုပ်ရှင်ကောင်စီ ဥပဒေ ရေးဆွဲရာမှာလည်း ယောင်တောင်ပေါင်တောင် ထိုင်ရသည်။ ရုပ်ရှင်ထူးချွန်ဆုပေးရေး အစည်းအဝေးဆိုလျှင်လည်း ရှေ့ဆုံးမှ ငုတ်တုတ်ကြီးထိုင်ကာ ပါပြန်သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကလည်း "ဒီအဘိုးကြီးတွေ ဘာအလုပ်မှ ရှိတာမဟုတ်တာ၊ အစည်းအရုံးမှာ လာပြီး ကျီးစောင့်ကြက်နှင်လုပ်ပေးကြပေါ့" ဟု သဘောထားလေသလားမသိ၊ ဘာလေးပဲလုပ်လုပ်၊ နာယကတွေကို တွင်တွင်ခေါ်ပြီး တာဝန်ပေး (ခိုင်း) လေ့ရှိလေသည်။

ခိုင်းရတာ အားနာလာပုံပေါ်၏။ နောက်ထပ် နာယက အသစ် (၂) ယောက် ထပ်ပြီး တိုးလိုက်သည်။ အသက် ၈၀ ကျော်တွေချည်းဖြစ်သည်။ သည်ကြားထဲ ဂျာနယ်တစ်စောင်က အချွန်နှင့် မ၏။ ၉၃



နှစ်ပြည့် ဒေါက်တာ ဗိုလ်ကလေးတင့်အောင်ကို အသက် ၈၃ နှစ်ပြည့်ဟု (ခိုင်းကောင်းအောင် ထင်ပါသည်) အလွဲလွဲအချော်ချော် ဖော်ပြပေးလေသည်။ (ပြင်ဆင်ချက်လည်း မထည့်)

တစ်နေ့က ဖိတ်ကြားပြန်သည်။ နိုင်ငံရပ်ခြား သွားရောက်ပြသမည့် မြန်မာရုပ်ရှင်သုံးကားနှင့် ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲ ထုံးစံအတိုင်း ငုတ်တုတ်ကြီး ထိုင်ရပြန်သည်။ လူကသာ ငုတ်တုတ်ရှိလင့်ကစား စိတ်ကတော့ လွင့်ပျံနေသည်။ လွန်ခဲ့သော ဆယ်နှစ်လောက်က ပြည်ပနိုင်ငံများကို ထွက်ပြီး မြန်မာရုပ်ရှင်ကားများ ပြသအင်အားစမ်းခဲ့သည့် အဖြစ်အပျက်များကို သတိရလာသည်။

ယခုခေတ်လို ထမင်းဘူးသာသာလောက်ရှိသော DCP ရုပ်ရှင်ကားထုပ်လေးလောက် သယ်ရသည်မဟုတ်၊ ရုပ်ရှင်ဖလင်ကားပိုင်းကြီးများကို သယ်ရ ပိုးရသည်ကအစ၊ ဖလင် ရစ်ရသည်ကအစ၊ ဖလင်စတွေ ပြတ်မှာ စိုးရသည်ကအစ... စိုးရိမ်ပူပန်ခြင်းများစွာဖြင့် ပြသခဲ့ရသည်များကို သတိရလာသည်။ အဓိက ပြောချင်သည်က... သည်ဟာမဟုတ်၊ သည်ဟာက သူ့ကုသိုလ်နှင့်သူ ဖြစ်လာကြသည် မဟုတ်ပါလား၊ အဲ... ပြောချင်သည်က အဆင့်မြင့် ရုပ်ရှင်ကားတွေ မြန်မာ့ရုပ်ရှင်လောကသားများက ထုတ်လုပ်ပေးနိုင်ဖို့ဖြစ်သည်။

ပြဿနာက ဗီဒီယိုဈေးကွက်ဖြစ်သည်။ ဈေးကွက်က ပျက်နေသည်မှာ ကြာပြီ။ တော်တော့်ကို ယိုင်နေသည်။ သည်အချိန်မှာ ရုပ်ရှင်က ဖလင်မပါဘဲ ရုပ်ရှင်ဖြစ်လာသည်။ သည်လိုနှင့်... အရောရောအထွေးထွေး ဖြစ်လာသည်။

အဲ... နောက်တစ်ချက်

ထုံးစံအတိုင်း ငုတ်တုတ်ထိုင်ခဲ့ရသော ရုံပြိုင်စနစ် ဖြစ်မြောက်ရေးအစည်းအဝေးတွင်လည်း ရုံတင်ပြသသင့်သော အရည်အချင်းမီ မြန်မာ

ရုပ်ရှင်ကားများ ဖြစ်ပေါ်ရေးကို အလေးပေး လာကြပြန်သည်။

မောင်ကျောက်ခဲတစ်ယောက် သူ ဉာဏ်မီသလောက် အရည်အသွေးရှိသော ရုပ်ရှင်ကားကောင်းများ ထွက်ပေါ်လာနိုင်ရေးအတွက် အောက်ပါအချက်အလက်များကို တွေးတော စဉ်းစားမိလာသည်။ ပိုလျှင် နုတ်ပြီး လိုလျှင် ဖြည့်ပေးဖို့ ဖြစ်ပါ၏။

ပထမဆုံး ဖြစ်စေချင်သည်က ရုပ်ရှင်ကားတစ်ကား ရိုက်တော့မည်ဆိုပါလျှင်... **ဇာတ်လမ်း ဇာတ်ညွှန်း ပြီးစီးထားဖို့ လိုအပ်မည်ထင်ပါသည်။** ထိုသို့ ပြီးစီးထားမှသာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ပါမည်။ (၁) ဆက်တင်၊ (၂) အဝတ်အစား၊ (၃) လိုအပ်သောသရုပ်ဆောင်၊ (၄) လိုအပ်သော ကင်မရာအဖွဲ့၊ (၅) လိုအပ်သောအလင်းပေးအဖွဲ့၊ (၆) လိုအပ်သော ဆက်တင်ပစ္စည်း... အစရှိသည်ဖြင့် စုဆောင်းပြင်ဆင်နိုင်မည်ဖြစ်ပါသည်။ ဇာတ်လမ်းဇာတ်ညွှန်း မပြီးစီးဘဲ ရုပ်ရှင်ကားတစ်ကားရိုက်ရန်... မသင့်ပါ။

ဒုတိယအချက်အနေဖြင့် **အရည်အသွေး စံချိန်မီသော ကင်မရာများကို အသုံးပြုရန်ဖြစ်ပါသည်။** လက်ကိုင်တယ်လီဖုန်း ကင်မရာဖြင့် ရုပ်ရှင်ရိုက်၍ ရနိုင်သော်လည်း "ကောင်းရန်" အတွက် အလွန်အားစိုက်ရပါမည်။ သုံးချောင်းထောက်ကင်မရာ၊ ပခုံးထမ်းကင်မရာများ၏ တည်ငြိမ်မှုလောက် လက်ချောင်းလေးများဖြင့်သာ ထိန်းချုပ်ရိုက်ကူးရသည့် တယ်လီဖုန်းကင်မရာက ကောင်းနိုင်မည်မထင်ပါ။ မည်၍မည်မျှ အရည်အသွေး ပြည့်ဝသည်ဆိုစေကာမူ ထုထည်ကြီးမားသော စက်ပစ္စည်းကပို၍ သာလွန်မည်ဖြစ်ပါသည်။ ထိုသို့ မသာလွန်ဘဲနှင့်တော့ ဘာ့ကြောင့် ကြီးကြီးမားမား လေးလေးပင်ပင်တွေကို ဖန်တီးထားကြပါမည်နည်း။ အကြောင်းရှိ၍သာ ရုပ်ရှင်ကင်မရာအချို့ ထုထည် ကြီးနေရခြင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် အရည်အသွေးမီ ကင်မရာများကို သူ့နေရာနှင့်သူ (အတွင်း Indoor, အပြင် Outdoor) အသုံးပြုသင့်ပါသည်။ စတူဒီယို အတွင်းမှာ ထုထည်ကြီးသော ကင်မရာများ သုံးသလို အပြင် အောက် ဒိုးများတွင် ကင်မရာအသေးများ သုံးစွဲနိုင်ပါသည်။

တတိယအချက်အနေဖြင့် ပါဝင်သော သရုပ်ဆောင်များ အချိန် ပေး၍ **တလေးတစား သရုပ်ဆောင်သင့်ပါသည်။** (ပရိသတ်က ယခု ခေတ် သရုပ်ဆောင်များ၏ သရုပ်ဆောင်ချက်များကို ပေါ့ရွှတ်ရွှတ် နိုင်လှသည်ဟု ဝေဖန်နေသောကြောင့် ဖြစ်ပါသည်)

စတုတ္ထအချက်အနေဖြင့် **မြန်မာမှုနှင့် နိုင်ငံတကာ တေးဂီတ များကို နားလည်ကျွမ်းကျင်သော ဂီတမှုူးများကိုသာ ဂီတပိုင်း ဆိုင်ရာတွင် တာဝန်ပေးသင့်သည်။** (ယခုအခါ တည်းဖြတ်ပညာရှင် များက နိုင်ငံတကာ တီးလုံးများကို အလွယ်တကူ ကူးယူထည့်သွင်း ခြင်းမျိုးများ မလုပ်သင့်ပါ)

ပဉ္စမအချက်အနေဖြင့် **အသံပိုင်းဆိုင်ရာတွင် ကျွမ်းကျင်သော ပညာရှင်များကို တာဝန်ပေးရပါမည်။**

အသံဖမ်းကျွမ်းကျင်သူ၊ အသံအထူးပြုလုပ်ချက် ကျွမ်းကျင်သူ၊ အသံများ ရောစပ်ရာတွင် အသံသဘောကို နားလည်ပြီး ရသမြောက် ဖန်တီးတတ်သူ အသံပညာရှင်ကို တာဝန်ပေးရပါမည်။ (သရုပ်ဆောင် တို့၏ အသံ (Dialogue)၊ ဒေသပတ်ဝန်းကျင်၏ အသံ (Ambient Sound)၊ လူတို့ကြောင့် ဖြစ်ပေါ်သောအသံ (Sound Effects)၊ ဖြည့် စွက်သံ (Foleys)၊ ဂီတသံ (Music Score) တို့ကို ညီညွတ်မျှတစွာ ပေါင်းစည်းပေးနိုင်သော Sound Designer လိုအပ်ပါသည်။ ထူးချွန်ဆု ပေးရာတွင်လည်း အသံနှင့်ပတ်သက်၍ တစ်ဦးတည်းမပေးဘဲ တစ်ဖွဲ့ လုံးအတွက် ပေးရမည်ဖြစ်ပါသည်)

မောင်ကျောက်ခဲတွင် ပြောစရာများစွာ ရှိသည်။ သို့သော် သည်မျှ လောက်ကလေး ပြောသည်ပင် အကောင်အထည် ပေါ်မှ ပေါ်ပါ့မလား ဟု စိုးရိမ်စိတ် ရှိနေရသည်။ မြန်မာ့ရုပ်ရှင် တိုးတက်မြင့်မားလာဖို့ အတွက် အထက်ပါ ငါးချက်လောက်ကိုတော့ဖြင့် ပြောလိုက်ရပါပြီ။

ပိုရင်နုတ်၊ လိုရင်ဖြည့်စွက်ရမှာ ဖြစ်ပါသည်။

နိုင်ငံတကာ ရုပ်ရှင်နှင့် ယှဉ်ပြိုင်ချင်သည်ဆိုလျှင်တော့...

... မလုပ်မဖြစ် လုပ်ကြရမည်ထင်ပါသည်...။

မလုပ်လျှင်တော့... ဖြစ်လာမည် မဟုတ်ပါချေ...။

❐

## အားလုံးနဲ့ဆိုင်တဲ့နေရာ

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ် ရွေးချယ်ပွဲ မကြာမီ ကျင်းပတော့မည်ဖြစ်သည်။ ထုံးစံအတိုင်း သက်ကြီးဝါကြီးဖြစ်သော နာယကကြီးများ ဦးစီး၍ ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းကြရသည်။ ရွေးကောက်ပွဲ ကော်မရှင်ကို နာယကကြီးများသာ မဟုတ်၊ အလွှာ အသီးသီးမှ လူမှုရေးဝါသနာပါသော ဝါရင့်၊ သက်ရင့် ရုပ်ရှင် အတတ်ပညာရှင်၊ အနုပညာရှင်များကိုလည်း ထည့်သွင်းဖွဲ့စည်းထားလေသည်။ ထို ရွေးကောက်ပွဲ ကော်မရှင်တွင် ပါဝင်ဆောင်ရွက်သူမှန်သမျှ **'အရွေးချယ်ခံမည့်ပုဂ္ဂိုလ်များ မဖြစ်စေရ'** ဆိုသည့် ကန့်သတ်ချက်ကိုတော့ သတ်မှတ်ထားသည်။ ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ သရုပ်ဆောင်မှအစ ရုပ်ရှင်အစည်းအရုံးတွင် အလွှာပေါင်း (၁၀) လွှာရှိလေရာ ထို (၁၀) လွှာမှ တစ်လွှာချင်းစီတွင် ပါဝင်ကြသော (ကော်မရှင်တာဝန် ထမ်းဆောင်လိုသည့်) ရုပ်ရှင်လောကသား လေးဦးစီကို ကော်မရှင် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းထားလေသည်။ ထို့ကြောင့် ကော်မရှင်အဖွဲ့သည် အဖွဲ့ဝင်အင်အား (၅၀) နီးပါးမျှရှိပြီး ထိုအဖွဲ့ဝင်များက ခေတ်ကာလအခြေအနေနှင့် မဆီလျော်တော့သော မြန်မာနိုင်ငံ **ရုပ်ရှင်အစည်း**



**အရုံး ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအရ**ကို ပြင်ဆင်တည်းဖြတ်ခြင်း၊ **မဲပေးပိုင်ခွင့်ရှိသူ** စာရင်းများကို စိစစ်အတည်ပြုပေးရခြင်း၊ **အရွေးချယ်ခံပိုင်ခွင့်ရှိသူ** စာရင်းများကို ထုတ်ပြန်ကြေညာပေးရခြင်း၊ ကန့်ကွက်မှုများ၊ ပြဿနာများရှိပါက စည်းမျဉ်းစည်းကမ်းအရ ဖြေရှင်းပေးရခြင်း၊ ရွေးကောက်ပွဲ အောင်မြင်အောင် ကျင်းပပေးရခြင်း... စသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ၁၉၄၇ ခုနှစ်ကဖြစ်သောကြောင့် ယခုဆိုလျှင် နှစ်ပေါင်း (၇၀) ပြည့်မြောက်ပြီဖြစ်ပါသည်။ ရုပ်ရှင် ဖခင်ကြီးများမှသည် 'ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီး' အမည်ဖြင့်လည်းကောင်း၊ 'ရုပ်ရှင်ကောင်စီ စည်းရုံးရေးကော်မတီ' အဖြစ်လည်းကောင်း၊ 'မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး' အမည်ဖြင့်လည်းကောင်း ခေတ်အဆက်ဆက် ယနေ့အထိ စွမ်းအားရှိသလောက် ဆောင်ရွက်လာခဲ့ကြသည်။ မူလ အဆောက်အဦဖြစ်သော 'မြန်မာ့ရုပ်ရှင်ပြတိုက်' အဆောက်အဦကြီးမှစ၍ ခန်းမဆောင်ကြီး၊ သုံးထပ်ဆောင်ကြီး၊ စာသင်ခန်းဆောင်၊ ဗီဒီယိုအဆောင်များအဖြစ် တိုးတက်ဆောက်လုပ်နိုင်ခဲ့ကြသည်။

ရုပ်ရှင် သက်ကြီးပူဇော်ပွဲများ၊ ဝါဆိုသင်္ကန်းကပ်ခြင်း၊ ကထိန်ပွဲကျင်းပခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်း၊ ပင်စင်ထောက်ပံ့ကြေးများ လစဉ်ပေးခြင်း၊ အခါအားလျော်စွာ ပညာသင်စရိတ် ထောက်ပံ့ခြင်း၊ ဆန် ဆီ ဆား အထွေထွေ ပစ္စည်းများ ဝေငှခြင်း အစရှိသည့် လုပ်ငန်းများကို ခေတ်အဆက်ဆက် ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့များက လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ လွန်ခဲ့သည့် (၄) နှစ်ခန့်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၅၂ ခုနှစ်ကတည်းက ကျင်းပချီးမြှင့်သော ရုပ်ရှင်ထူးချွန်ဆုပွဲကိုလည်း မြန်မာနိုင်ငံ

ရုပ်ရှင်အစည်းအရုံးက လွှဲပြောင်းရယူကာ ကျင်းပလာနိုင်ခဲ့သည်ကို တွေ့ရပါသည်။

ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် အသုံးစရိတ်များ ကြီးမားလာရုံမက တာဝန်များလည်း များပြားလာကြောင်း တွေ့ရပြန်ပါသည်။ ထို့ကြောင့် ကြီးမားသော အသုံးစရိတ်နှင့် တာဝန်ကို နိုင်နိုင်နင်းနင်း ဖိဖိစီးစီး ထမ်းရွက်ဖြေရှင်းပေးနိုင်မည့် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ အရေးတကြီး လိုအပ်လာပါတော့သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ဝါသနာ၊ စေတနာအလျောက်ဝင်ရောက်လုပ်ကိုင်နေကြရသော အမှုဆောင် အဖွဲ့ဝင်များအနေဖြင့် လခစားများ မဟုတ်ကြပါချေ။ တစ်ဖက်တစ်လမ်းမှ မိမိ၏ စားဝတ်နေရေးအတွက် ရှာဖွေလုပ်ကိုင်ရင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကြီး၏ အစဉ်အလာ ကောင်းခဲ့သော တာဝန်များကို ထမ်းဆောင်နေကြရခြင်း ဖြစ်ပါသည်။ အချို့ လူမှုရေးစိတ်ဓာတ်ကြီးမားသော ရုပ်ရှင်ပညာသည်အချို့ အမှုဆောင်အဖြစ် အရွေးခံကြသော်လည်း ကြာရှည်မနေနိုင်ကြသည်ကို တွေ့ရသည်။ တစ်ကိုယ်တော် အစွမ်းပြရသည်ထက် အဖွဲ့အစည်းနှင့် ညီညွတ်စွာ လုပ်ကိုင်ရသည်က ပိုမိုခက်ခဲဟန်တူ၏။ အစည်းအရုံးကိုစွန့်ခွာကာ တစ်ဦးကောင်းတစ်ယောက်ကောင်းသာ လုပ်ကိုင်ကြလေသည်။ ရုပ်ရှင်အစည်းအရုံးတွင် တာဝန်ယူမည့်သူသည် တစ်ကိုယ်တော် သူရဲကောင်းလုပ်ချင်၍ မဖြစ်၊ အဖွဲ့အစည်းစိတ်ဓာတ်ရှိပြီး လက်တွဲညီညီ လုပ်ဆောင်တတ်သူများနှင့်သာ သင့်လျော်ပါသည်။

ရုပ်ရှင်အစည်းအရုံးတွင် တာဝန်ယူနေကြသော အမှုဆောင်များသည်လည်း အားလုံး လူမှုရေးစိတ်ဓာတ် အပြည့်အဝဖြင့် လုပ်ဆောင်နေကြသူတွေချည်း မဟုတ်ကြ။ အချို့က တရွတ်ဆွဲလိုက်နေကြသည်။

အချို့က အတ္တကို ရှေ့တန်းတင်ကြသည်။ ရုပ်ရှင်လောကသားများနှင့် တစ်သားတည်း မရှိကြ။

"ခင်ဗျားတို့... ရုပ်ရှင်အစည်းအရုံး မလာချင်ပါဘူးဗျာ။ အခွင့်အရေးသမားတွေ၊ လူရှုပ်တွေများလွန်းလို့" ဟု ပစ်ပစ်ခါခါ ပြောတတ်သူများကို တွေ့ဖူးပါ၏။ ထိုသို့ ပြောတတ်သူ တော်တော်များများမှာလည်း လူမှုရေးစိတ်ဓာတ် အားနည်းသူများ ဖြစ်တတ်ကြသည်။

"ဘာတွေ အခွင့်အရေးယူနေသလဲ"

"ဘာတွေ ရှုပ်နေသလဲ" ဆိုသည်ကို ထောက်ပြဝေဖန်သင့်သည် ထင်ပါ၏။

"အုပ်စုဖွဲ့ မဲဆွယ်ပြီး အမှုဆောင် ဖြစ်သွားကြတာပါဗျာ" ဟု ပြောသူကိုလည်း တွေ့ရသည်။

မကျေနပ်တာတွေ၊ မကြိုက်တာတွေကို ပါးစပ်မှ မပြောချင်လျှင်လည်း ယခုလို ရွေးကောက်ပွဲအချိန်တွင် မကောင်းသူများကို ဖြုတ်၊ ကောင်းသူများကို တင်မြှောက်ပေးရန် သင့်ပါ၏။

အစဉ်အလာကြီးမားသော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကြီး သိက္ခာရှိရှိ သက်တမ်းရှည်ရေးအတွက် ရုပ်ရှင်လောကသားတိုင်းတွင် တာဝန်ရှိပါသည်။ အမှုဆောင်အဖွဲ့တွင် လူကောင်းသူတော်များ ပါဝင်စေရန်အတွက် ကြိုးပမ်းသင့်ပါသည်။

"အလကားပါကွာ... ဒီလူတွေပါပဲ" ဟု ပြောမည့်အစား ထိုက်သင့်သူများ ပါဝင်စေရန် ကြိုးစားသင့်ကြသည်။ ရုပ်ရှင်အစည်းအရုံးကြီးကို မည်သူမျှ မောင်ပိုင်စီး၍ မရပါ။ ရုပ်ရှင်လောကသားအားလုံးနှင့် သက်ဆိုင်သော အဖွဲ့အစည်းကြီး ဖြစ်ပါသည်။ ပစ်မထားကြပါနှင့်။

မကြာမီ အမှုဆောင်သစ်များ ရွေးချယ်ရန် လှုပ်ရှားလျက် ရှိနေပါပြီ။ ကိုယ်နှင့်မဆိုင်သလို နေမည်ဆိုပါက ကိုယ်မှီခိုနေရသော ရုပ်ရှင်

လောကကို ပစ်ပယ်ရာ ရောက်ပါလိမ့်မည်။ ခေတ်အဆက်ဆက် ရုပ်ရှင်လောကကြီးကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ရုပ်ရှင်ဖခင်ကြီးများကိုလည်း ကျေးဇူးကန်းရာ ရောက်ပါလိမ့်မည်။

ခိုင်မာသော ရုပ်ရှင်ဥပဒေ ထွက်မလာသေးသောကြောင့် လောကသားများအတွက် သင့်လျော်မည်ထင်သော "မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း" ဆိုသော ဖွဲ့စည်းပုံစည်းမျဉ်းကို ပထမဆုံး လေ့လာသင့်ကြပါသည်။ ခေတ်နဲ့ မဆီလျော်သည်များ၊ ကွဲလွဲနေသော အကြောင်းအချက်များကို ပြေလည်အောင် ညှိနှိုင်းကြရပါမည်။ **'ရုပ်ရှင်ဥပဒေ'** မပေါ်မချင်း ၎င်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို လက်ကိုင်ထားကာ ရုပ်ရှင်လောက ကောင်းကျိုးအတွက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သက်တမ်း (၇၀) ပြည့်ပြီဖြစ်သောကြောင့် ရုပ်ရှင် (Motion Picture) နှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် အရုပ်အသံပါသည့် အဖွဲ့အစည်း (တီဗီချင်နယ်များ) နှင့် လုပ်ငန်းအဝဝတို့၏ ဖခင်ကြီးသဖွယ် ဖြစ်ပါသည်။

အများပိုင်ကုမ္ပဏီ၊ ရုံ (၁၀၀) ဖြစ်မြောက်ရေးအဖွဲ့၊ ရုပ်ရှင်မင်းသားကျော်သူ (နာရေးကူညီမှုအသင်း)၊ ဝေဠုကျော် (ဖောင်ဒေးရှင်း)၊ နှင်းဆီအငြိမ့်အဖွဲ့သားများ၊ ပြန်ကြားရေး ဝန်ကြီးဌာန (ရုပ်ရှင်ဌာန)၊ ရုပ်ရှင်နှင့်ဆက်နွယ်၍ လုပ်ကိုင်စားသူအားလုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိဆိုသည့်အတိုင်း လေးစားခန့်ညားရှိသေကြရန် လိုအပ်ပါ၏။


အားလုံးက ရိုသေလေးစားလောက်အောင်လည်း ရုပ်ရှင်အစည်းအရုံး၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ကို ရုပ်ရှင်လောကသားတို့က ကြိုးပမ်းဆောင်ရွက် ရွေးချယ်ပေးသင့်ကြပါ၏။ ဆရာတစ်ယောက် ပြော


သလို "အပင်ကြီးလို့သာ ရက္ခစိုးဖြစ်နေရ၊ ဘာတန်ခိုးမှ မပြနိုင်သည့် အဖွဲ့ကြီး" ဖြစ်သွားမှာကိုတော့ စိုးရိမ်သင့်ကြပါ၏။

ရုပ်ရှင်အစည်းအရုံးကြီးက သင့်ကို ဘာပေးမည်နည်းဟု မျှော်နေသည်ထက် သင်က ရုပ်ရှင်အစည်းအရုံးကြီးအတွက် ဘာလုပ်ပေးနိုင်မည်ကို စဉ်းစားကာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်ရွေးချယ်ပွဲတွင် တစ်တပ်တစ်အား ပါဝင်ပြီး လောကသားအားလုံးက ရိုသေလေးစားကြလောက်သည့် ပရဟိတ ရုပ်ရှင်သမားများကို ရွေးချယ်ပေးကြပါကုန်လော့ဟု ဆော်ဩလိုက်ရပါကြောင်း...။

❒

# ထွေထွေရောရာ





## ကင်ဆာ သုံးနှစ်သား

မည်သူမျှ 'ကင်ဆာ' ရောဂါအဖြစ်ခံဖို့ မပြောနှင့်၊ 'ကင်ဆာ' ဆိုတာ အသံကိုပင် ကြားချင်ကြမည် မဟုတ်ချေ။ မောင်ကျောက်ခဲ သည်လည်း ထိုအတိုင်းပင် ဖြစ်ပါ၏။ 'ကင်ဆာရောဂါသည်' လည်း မဖြစ်ချင်၊ ကင်ဆာဆိုသောအသံလည်း မကြားချင်သူများထဲတွင် ပါဝင် ခဲ့ပါ၏။ ထိုသူများထက် ပို၍ ဘဝင်မြင့်သော အချက်တစ်ချက်လည်း ရှိသေး၏။ အခြားမဟုတ်၊ "ငါသည် ဘယ်သောအခါမှ ကင်ဆာရောဂါ ဖြစ်မည့်သူမဟုတ်..." ဟူသောအတွေးပင် ဖြစ်လေ၏။

သို့သော် လွန်ခဲ့သောသုံးနှစ်က အထူးကုဆရာဝန်ကြီးတစ်ဦးက ခိုင်ခိုင်မာမာ ပြောဆိုခဲ့ဖူးလေပြီ။

"ခင်ဗျားအစာအိမ်ထဲမှာ ကင်ဆာအလုံးရှိနေပြီ" ...တဲ့။

စာရှုသူကို ထိုကဲ့သို့ အပြောခံရလျှင် မည်သို့ ခံစားရမည် ထင်ပါ သနည်း။ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ...၊ သည်မောင်ကျောက်ခဲ ပါးစပ် ပုပ်ကြီးနဲ့ ဘာတွေ လျှောက်မေးနေတာလဲဟု မကြည်မဖြူ ဖြစ်ကြပေ လိမ့်မည်။

မောင်ကျောက်ခဲလည်း ထိုကဲ့သို့ပင် ဖြစ်ပါ၏။ "ဘယ်သော အခါမှ ကင်ဆာသည် ငါ့ထံသို့ ရောက်လာလိမ့်မည်မဟုတ်" ဟု အထင် ကြီးထင်ထားခဲ့သည်။

သို့သော် "ခင်ဗျား... အစာအိမ်မှာ ကင်ဆာဖြစ်နေပြီ" ဟု အပြော ခံလိုက်ရသောအခါ ပထမဆုံး "အံ့သြမှု" ကို ခံစားရသည်။ ပြီးတော့ "ဘာဆက်လုပ်ရမလဲ..." ဆိုသော အတွေးပေါ်လာသည်။ ဝမ်းနည်း ကြေကွဲသွားတာမျိုး၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတာမျိုး မရှိခဲ့ ပါချေ။ အဘယ်ကြောင့်ပါနည်း။

ကံကောင်းသောကြောင့် ဖြစ်သည်။ အဘယ်ကဲ့သို့ ကံကောင်းပါ သနည်း။ ၂၀၀၉ ခုနှစ်လောက် မိုးကုတ်ဝိပဿနာ အသင်းချုပ်ကြီးတွင် သုံးကြိမ် တရားရှုမှတ်ခဲ့သည့် အကျိုးကျေးဇူးကြောင့် ကံကောင်းရခြင်း ဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ကြီးက အမြဲတမ်း "အသေ" နှင့် "အလောင်း ကောင်" အကြောင်း ဟောပြောဆုံးမခဲ့သည့် ကျေးဇူးတရားများ ဖြစ် ပါ၏။ လူသည် သေမျိုးဖြစ်ကြောင်း လူတိုင်း နားလည်ကြသော်လည်း နေ့တိုင်း၊ လတိုင်း၊ နှစ်တိုင်း 'အသေ' ကို မေ့နေကြသည်။ မောင်ကျောက် ခဲမှာမူ မိုးကုတ်ဆရာတော်ကြီး ကျေးဇူးကြောင့် 'ကင်ဆာ' အသံ မကြား ခင်ကတည်းက "ကြေးစည်သံ" ကို မကြာမကြာ ကြားနေရသလို ကိုယ့် အသေ ကိုယ်ရှုတတ်သော အကျင့်ကို ရနေခဲ့ပြီ။ (တရား ရနေတာတော့ မဟုတ်ပါ။ ကျင့်သားရနေခြင်းသာ ဖြစ်ပါလိမ့်မည်)

ထို့ကြောင့် 'ကင်ဆာ' ဖြစ်နေပြီဆိုသော အသံကြားကြားချင်း တုန်လှုပ်ခြင်း ပြင်းပြင်းထန်ထန် မခံစားခဲ့ရ။ ဇနီးသည်နှင့်အတူ ရှေ့ ဆက်လက် ကုသရေး ခေါင်းအေးအေးနှင့် ဆွေးနွေးခဲ့ကြပြီး အနီးကပ် ဆွေမျိုးများမှတစ်ပါး ဤသတင်းဆိုးကို လျှို့ဝှက်ထားရန် ဆုံးဖြတ်ခဲ့

ကြသည်။

"ကင်ဆာဆိုသည့်အသံ မည်သူမျှ မကြားချင်ကြ"

ကံအားလျော်စွာ သမီးငယ်က သူ့ခင်ပွန်းနှင့်အတူ စင်ကာပူနိုင်ငံမှာ အလုပ်လုပ်နေသည်။ အဖေ ကင်ဆာဖြစ်ပြီဆိုတော့ နောက်ဆုံးအနေနှင့် ကျေးဇူးဆပ်ချင်ပုံပေါ်သည်။ စင်ကာပူတွင် ကုသခွဲစိတ်ရေးအားလုံး စီစဉ်ပေးတော့သည်။

ဤသို့ဖြင့် သူစိမ်းတွေများလှသော စင်ကာပူ အထွေထွေ ဆေးရုံကြီးပေါ်သို့ ရောက်လာခဲ့သည်။ ခွဲစိတ်ပေးမည့် ဆရာဝန်မလေးက အသက် ၄၀ ကျော်လောက်သာ ရှိဦးမည်။ စကားပြောတာက ပြတ်၏။ ကင်ဆာအမြစ်တွေ တခြားနေရာတွေမှာ ပျံ့နှံ့နေပြီဆိုရင်တော့ ခွဲစိတ်ကုသတော့မည် မဟုတ်တော့ပါတဲ့။ အားတက်စရာပါပဲ...။ မြန်မာနိုင်ငံပြန်ပြီး သေရုံပေါ့လေ...။

သို့သော် ကံမျက်နှာသာပေး၍ ခွဲစိတ်ပေးနိုင်ခဲ့သည်။ ထိုအချိန်ကျမှ မြန်မာနိုင်ငံမှ မိတ်ဆွေများကို "အစာအိမ်ကင်ဆာ ခွဲစိတ်မည်" ဖြစ်ကြောင်း အခိုင်အမာ သတင်းပေးလိုက်တော့သည်။ အားလုံးက ထိုသတင်းကို ဖတ်ပြီး "မောင်ကျောက်ခဲတစ်ယောက် သွားရှာပေရော့မည်။ ခံလှ ခြောက်လ တစ်နှစ်ပေါ့" ဟု စိတ်မကောင်းကြီးစွာဖြင့် မှတ်ချက်ချကြသည်။

'ကင်ဆာ' ဆိုတာ 'သေမိန့်' ပဲမဟုတ်ပါလား...

"မဟုတ်ပါ" ဟု ငြင်းချင်ပါသည်။

"ကင်ဆာ" ရောဂါဖြစ်နေသူများ စိတ်အားမငယ်စေချင်သောကြောင့် ငြင်းခြင်းဖြစ်ပါသည်။ တစ်ချိန်က HIV, AIDS ဖြစ်ပြီဆိုလျှင် သေစာရင်းသွင်းကြသည်။ "လေးလုံး (AIDS) နဲ့ သေသွားတာ" ဟု ပြောလေ့ရှိကြသည်။ သို့သော် ယခု လေးလုံးရောဂါဖြစ်တိုင်း မသေနိုင်

ကြတော့။ ကုရန်ဆေးဝါးများ ထက်မြက်လာလေပြီ။

ကင်ဆာလည်း ထိုနည်းနှင်နှင် ဖြစ်လာသည်။ ကင်ဆာကြောင့် သေဆုံးနှုန်း များလာသော်လည်း ကင်ဆာဖြစ်ပြီး မသေဘဲ သက်တမ်းစေ့ နေနိုင်သူတွေလည်း များလာသည်။ သည်အထဲတွင် မောင်ကျောက်ခဲလည်း (ကံကောင်းထောက်မစွာ) ပါလာပြီ။

"ကံကောင်းထောက်မစွာ" ဆိုသော စကားအဓိပ္ပာယ်ကို အနည်းငယ် ဖွင့်လိုပါသည်။ ကံကောင်းခြင်းဖြစ်လာစေရန် မောင်ကျောက်ခဲသည် ဘယ်အရာမဆို အလွန်အကျွံ မလုပ်ခဲ့ခြင်းဖြစ်သည်။ အရက်၊ ဆေးလိပ်၊ အစားအသောက် အလွန်အကျွံမလုပ်ခဲ့။ ငယ်စဉ်က ဆေးလိပ်သောက်ခဲ့ဖူးသော်လည်း မကောင်းမှန်း သိကတည်းက ဖြတ်ဖြစ်ခဲ့သည်မှာ ကြာပြီဖြစ်သလို အရက်ကို တစ်ခါတစ်ရံမှသာ သောက်တတ်ခဲ့သည်။

သို့သော် အစားအစာနှင့်ပတ်သက်၍ ဆိုးဝါးခဲ့သည်မှာ ကြာရှည်ခံအောင် ပြုပြင်ထားသော ဝက်အူချောင်း၊ ဝက်သားပြား၊ ငါးခြောက်များကို နှစ်သက်စွာ စားခဲ့မိခြင်းဖြစ်သည်။ ဤအစားအစာများသည် သူ၏ အစာအိမ်ကို ကောင်းကောင်း ဒုက္ခပေးခဲ့သည်။ ထို့အပြင် အစားအစာကို များစွာစား၍ ပေါင် ၁၈၀ ကျော်အောင် ကိုယ်အလေးချိန် များခဲ့ခြင်းသည်လည်း အစာအိမ်ကင်ဆာ ဖြစ်စေခြင်း၏ အကြောင်းရင်းများဆိုပါက မမှားနိုင်ပါချေ။

ကျန်းမာရေးလေ့ကျင့်ခန်းအနေဖြင့် ဂေါက်သီးရိုက်ကစားနည်းကို ခုံခုံမင်မင် ကစားခဲ့သည့်အတွက် ကြီးမားသော ကင်ဆာအဆင့်သို့ မရောက်စေခဲ့ခြင်းဖြစ်သည်ဟု ယူဆမိသည်။ ကင်ဆာရောဂါသည် ဘဝသို့ ရောက်သည့်တိုင်အောင် ဆိုးဆိုးဝါးဝါးအဆင့် ရောက်မသွားသည်မှာ အထက်ပါ အကြောင်းအရာများ၏ အထောက်အကူပေးခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။

အဓိက အကြောင်းတစ်ရပ်မှာ ရောဂါကို စောစောကြိုသိခြင်းပင် ဖြစ်ပါ၏။ မောင်ကျောက်ခဲသည် သူ့ကျန်းမာရေး အခြေအနေကို သူ အမြဲ သတိထားနေတတ်သည်။ ဘာကြောင့် နာစေးတာလဲ၊ ဘာကြောင့် ချောင်းဆိုးတာလဲ၊ ဘာကြောင့် နေမကောင်းဖြစ်တာလဲ၊ ဘာကြောင့် ဝမ်းပျက်တာလဲ၊ ဘာကြောင့် အစားအသောက်ပျက်တာလဲ... စသည် ဖြင့် သမားရိုးကျ ဖြစ်နေကျ အနေအထားမှ လွဲမှားလာလျှင် သတိထား လေ့ရှိသည်။

အစာအိမ်ကင်ဆာဖြစ်ကြောင်းမသိမီ နှစ်လလောက်က မသိမသာ အစားအသောက်ပျက်လာသည်။ လေချဉ်တက်လာသည်။ ဝမ်းမမှန် သလိုဖြစ်လာသည်။ **<u>အနေအထိုင် အစားအသောက်နှင့် ပတ်သက်ပြီး မှမမှန်ဖြစ်လာလျှင် အထူးသတိထားရန်လိုကြောင်း ပြောချင်ပါ သည်။</u>** မောင်ကျောက်ခဲက ဒီဇင်ဘာလလောက်ကြမှ ဘန်ကောက်ကို အလုပ်တစ်ခုနဲ့သွားရင်း ဆေးစစ်ကြည့်မည် စိတ်ကူးသော်လည်း ဇနီး သည် မဂ္ဂမ်းပုံက မြန်မာနိုင်ငံက အစာအိမ်နှင့် အူလမ်းကြောင်းအထူးကု ဆရာဝန်ကြီးထံ ပြသရန် စက်တင်ဘာလအတွင်းမှာပင် ကြိုတင် စီစဉ် လိုက်လေသည်။ တစ်နည်းအားဖြင့် စောစောပြသ စစ်ဆေးလိုက်ခြင်း သည်လည်း ကံကောင်းထောက်မမှု တစ်ခုဖြစ်လာသည်။ ဇနီးသည် မဂ္ဂမ်းပုံကိုပဲ ကျေးဇူးတင်ရပေတော့မည်။

မည်သို့ပင်ဖြစ်စေ မောင်ကျောက်ခဲတစ်ယောက် ကင်ဆာသုံးနှစ် သားအရွယ်သို့ ရောက်ခဲ့ပြီ။ စာရှုသူများကို မိမိ အတွေ့အကြုံ တင်ပြ ခြင်းမှာ မိမိကဲ့သို့ ကံကောင်းစေချင်သောကြောင့် ဖြစ်လေသည်။

ကံကောင်းသည်ဖြစ်စေ၊ ကံဆိုးသည်ဖြစ်စေ လူဖြစ်လာလျှင် သေဆုံးခြင်း ပန်းတိုင်ဆီသို့ မလွဲမသွေ ချီတက်ရပါလိမ့်မည်။ ပန်းတိုင် မရောက်မီ အများအတွက် အကျိုးပြုနိုင်မည့် လုပ်ငန်းများ လုပ်ပေးနိုင်

ဖို့ ကြိုးစားကြရပါဦးမည်။ မောင်ကျောက်ခဲကတော့ ကင်ဆာ ဆယ်နှစ်သားလောက်တော့ နေသွားချင်သေးသည်။ မြန်မာ့ရုပ်ရှင် ရာပြည့်ပွဲ အပြီးထိပေါ့လေ...။

အင်း... ကင်ဆာ သုံးနှစ်သား ပြည့်ခဲ့ပြန်ပါပြီ...။

လေးနှစ်သားကြ ပြန်တွေ့ကြပါဦးစို့၊ အားလုံး ကျန်းကျန်းမာမာနဲ့။

❒

# မြောက်ဒဂုံ... ဆုံရပ်

အသေအချာ တွေးကြည့်လိုက်တော့ မြောက်ဒဂုံမြို့သစ်သို့ ရောက်ခဲ့ပြီး အခြေချနေထိုင်ခဲ့သည်မှာ ဘာလိုလိုနှင့် နှစ်ပေါင်း (၂၀) နီးပါးရှိခဲ့ပြီ။ မြောက်ဒဂုံမြို့သစ်သည်ပင် မြောက်ဒဂုံမြို့ဟောင်း ဖြစ်လာလေပြီ။

ဇနီးဖြစ်သူ၏ အစ်ကိုက ပေးသောကြောင့် ၃၄–ရပ်ကွက် ယမနေ(၃)လမ်းထိပ်က မြေကွက်ကလေးကို လာကြည့်စဉ်က ဘေလီတံတားပင် မဆောက်ရသေး။ ယခုမူ ဘေလီတံတားမဟုတ်တော့၊ ကွန်ကရစ်တံတား (၂) စင်းဖြစ်နေပြီ။

ထိုစဉ်က လမ်းတွေကလည်း မကောင်းသေး။ ရွံ့တွေ၊ ဗွက်တွေကြားမှာ သည်နေရာလေးကို ပြုပြင် အခြေစိုက်ခဲ့သည်။ မျိုးစေ့ချလိုက်တိုင်း ပေါက်လာတတ်သော သစ်ပင်များကို ဂရုတစိုက် စိုက်ပျိုးလာခဲ့မိသည်။ အမြန်ကြီးထွားလွယ်သော အော်ရေးရှားပင်၊ ပေါက်ပန်းပင်တို့ကို အစိုက်များကြသည်။ တချို့ကတော့ ရှေ့ရေးအရှည်ကို မျှော်တွေးကာ အုန်းပင်ပေါက်များ၊ သရက်ပင်ပေါက်များကို ကြွပ်ကြွပ်အိတ်ထဲထည့်၍ ဆွဲလာတတ်ကြသည်။ ကိုယ့်မြေကွက်လေးမှာ ကိုယ်ကြိုက်ရာ အပင်လေးကိုစိုက်၍ မြောက်ဒဂုံအိပ်မက် မက်ခဲ့ကြသည်။



၃၄ ရပ်ကွက်တွင် ယမနေ ၃ လမ်းသည် ချောင်အကျဆုံး ဖြစ်ရုံမက ရေအိုင်ကြီးများ၊ ကျူတောကြီးများရှိနေသောကြောင့် တောဆန်သည့်နေရာဖြစ်သည်။

တောဆန်သည့်နေရာလေးကို နားအေးပါးအေးရှိသောကြောင့် သဘောကျစွာ နေထိုင်ခဲ့သည်။ ကားသံလည်း မကြားရ။ လူသွားလူလာ၊ ဈေးသည်အသံတွေလည်း သိပ်မကြားခဲ့ရ။ တယ်အေးချမ်းသကိုး... ကောင်းလိုက်ပါဘိ။

မြို့တွင်းက သူငယ်ချင်းတစ်ယောက် လာလည်သည်။ ဖင်ပူအောင် မထိုင်၊ လူသံဆူသံ မကြားရ၍ တစ်စတစ်စ ကြောက်လန့်ပြီး ပြန်ပြေးဖူးသည်။ မြို့တွင်း ဆူပူရပ်ကွက်မှာ အသားကျ နေထိုင်ခဲ့သူ ပေကိုး။

အချို့ကတော့ တကယ်ပင် မြင်ကြသလော (သို့မဟုတ်) ခြောက်လန့်ချင်ကြသလော မပြောတတ်၊ လမ်းထိပ်ရှိ ကျူတောထဲတွင် ညည မီးစုန်းများ တောက်ကာစားတတ်ကြသည်ဟု ဆိုကြသည်။

"မီး ခဏခဏပျက်တတ်လွန်းလို့ မီးစုန်းတွေ မွေးထားတာ၊ မှောင်တဲ့အခါ လင်းတာပေါ့" ဟု ပြန်ပြောမှ သူတို့ပါးစပ်ပုံပြင်များ တိတ်ဆိတ်သွားကြလေသည်။ ယခုတော့ သူတို့ပြောနေကြသည့် မီးစုန်းတွေ ကျက်စားသော ကျူတောကြီး တစ်စတစ်စ ပျောက်သွားပြီး အိမ်ကြီးအိမ်ကောင်းများ တည်ဆောက်လာကြသည်။ ယခင်က ရေကြက်အော်သံများအစား သံတံခါးတွန်းဖွင့်သံတွေ၊ ကားဟွန်းသံတွေ ကြားလာရပြီး ဆိုးလည်းဆိုး၊ ကောင်းလည်းကောင်း အဆိုးအကောင်း ဒွန်တွဲလျက်သား။

ပင်ကိုစရိုက်က အေးအေးချမ်းချမ်း နေလိုသော်လည်း ခြေရင်းဘက်မှ အပြင်းမောင်းသွားသော ကားသံများနှင့် ကားဟွန်းသံများက

နားငြီးလာသလို ခေါင်းရင်းဘက်ကျုံရှင်အိမ်က ကလေးများနှင့် ကျုံရှင်ဆရာ၊ ဆရာမတို့ စာအပြိုင်အော်သံ၊ သင်ကြားသံတို့ကလည်း ငြိမ်သက်နေသောစိတ်ကို မကြာမကြာ လှုပ်ရှားစေသည်။

ဟိုးတုန်းက အေးချမ်းငြိမ်သက်ခဲ့သော မြောက်ဒဂုံမြို့သစ်၊ ယမနေ (၃)လမ်းလေးကို လွမ်းဆွတ်လာသည်။ လူနေအိမ် ခြေစည်ကားလာသောကြောင့် အိမ်ဈေး၊ မြေဈေးတွေ တက်လာသည်ကို ဝမ်းသာရမည့်အစား ယခင် တောရွာလေးလိုနေခဲ့ရသည့် ဘဝမျိုးကို တမ်းတနေမိသည်။

မည်သို့ပင်ဖြစ်စေ... စနေနေ့တိုင်း အာရုံဆွမ်းခံလှည့်ရှိသော သံဃာတော်များသည် နံနက် ၅ နာရီအချိန်တိုင်း ယခုအချိန်အထိ ကြွရောက်လာသည်ကတော့ အလွန်ကြည်နူးစရာ ကောင်းလှသည်။

လက်ကျန် ဥတောငယ်အတွင်းမှ ရေကြက်အော်သံလေးများသည်လည်းကောင်း၊ ခပ်ကျဲကျဲသာ ကျန်တော့မည့် ချိုး၊ ငှက်တို့၏ ကူသံလေးများသည်လည်းကောင်း၊ “ကျုပ်တို့တောင် ဒီအရပ်ကို စွန့်ခွာမသွားသေးပါဘူးဗျာ” ဟု ပြောနေသည့်နှယ် တစ်ခါတစ်ခါ အသံလေးများ ကြားနေရတတ်သည်ကတော့ ကြည်နူးစရာပင်၊ မြောက်ဒဂုံ၏ သံယောဇဉ်လေးများဆိုက မမှား...။

သို့သော် ကားဟွန်းသံများ၊ ကျုံရှင်အိမ်က စာသင်သံများလို ဆိုးဝါးသော အသံများကို သယ်ဆောင်လာသည့် ငှက်များကတော့ ‘ခို’ ငှက်များဖြစ်ကြသည်။ ခိုသည် ရေကြက်တို့၊ ချိုးငှက်တို့ကဲ့သို့ လူနှင့် ခပ်ဝေးဝေးမနေ။ လူနေအိမ်ခြေဝန်းကျင်တွင် လာရောက်နေထိုင်ကြပြီး အသံကလည်း ဘယ်သောအခါမှ သာယာကြည်နူးဖွယ်မကောင်း။ တဂူးဂူး ညည်းညူနေတတ်သည်။ ‘ခို’ နှင့် ‘ချိုး’ သည် အသွင်သဏ္ဍာန် ခပ်ဆင်ဆင်တူသော်လည်း အကျင့်စရိုက်ချင်းမတူ။ အသံချင်းလည်း

မတူညီချေ။ ချိုးငှက်၏အသံက လွမ်းမောစရာကောင်းသလောက် ခို ငှက်၏ညည်းသံက အလွန် စိတ်ညစ်စရာကောင်းလှသည်။

သို့သော် ယခု မြောက်ဒဂုံ (၃၄) ရပ်ကွက်အတွင်း ခိုငှက်များ အလွန် ပေါက်ဖွားလာကြသည်ကို တွေ့ရသည်။ အချို့က ပြောကြ သည်။

"အိမ်မှာ ခိုရှိတာ လာဘ်ကောင်းတယ်"

ထိုအယူအဆရှိသူ၏ အိမ်သို့ တစ်ရပ်ကွက်လုံးအတွင်းမှ ခိုများကို ခုပို့ပေးလိုက်ချင်သည်။ ကောင်းလိုက်မည့်လာဘ်။

ဆူညံသည်ဖြစ်စေ၊ အေးချမ်းသည်ဖြစ်စေ... သည်ရပ်ကွက် အတွင်းမှာ နေထိုင်လာခဲ့သည်မှာတော့ နှစ်ပေါင်း (၂၀) ပြည့်တော့မည်။ တစ်စတစ်စ ရောက်ရှိလာကြသော စာရေးဆရာ ဦးရေကလည်း တဖြည်းဖြည်း တိုးတက်လာသည်။ အမျိုးသားစာပေဆုရှင် ဆရာသူရ ဇော်ကို ဗဟိုပြုကာ ဒဂုံမြို့နယ်အတွင်းရှိ စာရေးဆရာများကို နှစ်စဉ်လို လို မိမိ၏မွေးနေ့တိုင်း ဖိတ်ကြားဧည့်ခံခဲ့သည်မှာလည်း ကြည်နူးစရာ အကွက်လေးတစ်ကွက်ဟု ဆိုရပေမည်။

မိမိတွင် ရပ်ရှင်အပေါင်းအသင်း၊ စာရေးဆရာ အပေါင်းအသင်း များစွာရှိသူမို့ မွေးနေ့တိုင်း အားလုံးကို ဖိတ်ကြားဧည့်ခံပါက မိမိဘက် ကလည်း တာဝန်မကျေနိုင်သလို လာရသူမှာလည်း မြောက်ဒဂုံချောင်း ခြားမြောင်းခြားဒေသမို့ အခက်အခဲ ရှိကြပေလိမ့်မည်။ ထို့ကြောင့် သွား ရလာရလွယ်ကူသည့် မြောက်ဒဂုံမြို့နယ်အတွင်းမှ စာရေးဆရာများကို သာ ဖိတ်ကြားဧည့်ခံလေ့ရှိခဲ့သည်။ မွေးနေ့လက်ဆောင်ဆိုသည့် အဟန့် အတားကိုလည်း ကျော်လွှားနိုင်စေရန် ရည်ရွယ်ကာ 'စာအုပ်လက် ဆောင်' သာပေးဖို့ တစ်ပါတည်း မှာကြားခဲ့ပြီး နှစ်စဉ်လို ပျော်ပျော်ပါး ပါး တွေ့ဆုံ စကားပြောဖြစ်ခဲ့ကြသည်။

စာအုပ်လက်ဆောင်လေးတွေ များစွာ ရလာသောအခါ မိမိ၏ မွေးရပ်ဇာတိ ရွှေဘိုမြို့၊ ပန်းတောင်းရွာလေးတွင် စာကြည့်တိုက်တစ်တိုက် တည်ဆောက်ပေးလိုစိတ် ရှိလာပြန်ခဲ့သည်။

မိမိ၏ မြန်မာမွေးနေ့ နတ်တော်လဆန်း (၅) ရက် (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်နေ့တွင် ဇာတိရွာ၌ စာကြည့်တိုက်လေးတစ်တိုက် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဒီဇင်ဘာလ (၉) ရက်နေ့တွင် ထုံးစံအတိုင်း မြို့နယ်အတွင်းမှ စာရေးဆရာများကို ဖိတ်ကြားဧည့်ခံနိုင်ခဲ့လေသည်။ ဝါရင့် သက်ကြီးဆရာကြီးများဖြစ်ကြသော စာရေးဆရာ (ဦး) ငွေးမောင်၊ (ဦး) ညိုဝင်း၊ တက္ကသိုလ် စိန်တင်၊ စိမ့် (ပညာရေး)၊ (ဒေါ်)ခင်ဆွေဦး... မှအစ လူလတ်ပိုင်း၊ လူငယ်ပိုင်း စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများနှင့် ရပ်ရွာအပေါင်းအသင်းအချို့ နှစ်စဉ်လိုဆုံတွေ့လေ့ရှိသော ဒဂုံမြို့သစ် ရပ်ကွက်တစ်နေရာက ဤအိမ်လေးမှာ မေ့ပျောက်စရာ၊ ပစ်ခွာသွားရက်စရာမရှိဟု ထင်မိသည်။

ကျူရှင်ဆူညံသံတွေ၊ ကားဟွန်းသံတွေ၊ ခိုညည်းညူသံတွေ မည်မျှပင် ဆိုးဝါးနေစေကာမူ နှစ်စဉ် ဒီဇင်ဘာလ (၉) ရက်နေ့တိုင်း တွေ့ဆုံကြရသည့် စာရေးဆရာများတွေ့ဆုံပွဲ ပျော်ရွှင်စရာလေးက မိမိ၏ နှလုံးသားမှာ စွဲငြိစေသည်မှာ အမှန်... သည်တော့

မြောက်ဒဂုံမှာ သက်ဆုံးတိုင် နေဖြစ်ဦးမည်ဟု စိတ်ထဲတွင် ထင်မှတ်နေမိလေတော့သည်။


❐

# ရောက်ခဲ့ မြင်တော်မူလိမ့်မည်

အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ လူတို့သည် မိမိဘဝအစကို မကြာမကြာ သတိရကြသည်ဟု မောင်ကျောက်ခဲထင်သည်။ အဘယ်ကြောင့်ဆိုသော် မောင်ကျောက်ခဲတစ်ယောက် မိမိဘဝအစငယ်ရွယ်စဉ်က အကြောင်းများကို မကြာမကြာ သတိရလာတတ်သောကြောင့်ဖြစ်သည်။

မောင်ကျောက်ခဲသည် အညာသားဖြစ်၏။ အညာသားဆိုတာတောင်မှ ရိုးရိုးအညာသားမဟုတ်၊ မြစ်နားမနီး မိုးမသည်းတတ်သောမိုးခေါင်ရပ်ဝန်းဒေသတွင် မွေးဖွားခဲ့သော အညာသားဖြစ်သည်။ သို့ပြောလျှင် ရွှေဘိုသားတွေက ကျေနပ်ချင်မှ ကျေနပ်လိမ့်မည်။ ရွှေဘိုသားဖြစ်ပါလျက် ရွှေဘိုကို နှိမ်လှသည်ဟု အောက်မေ့ကြမည်ထင်ပါသည်။ သို့သော် မတတ်နိုင်ပြီ။ အမှန် မောင်ကျောက်ခဲတစ်ယောက်ဆိုးဆိုးဝါးဝါး ရေငန်မသောက် မြက်ခြောက်မစားခဲ့သည် မှန်ငြား၊ မှုံးရေနောက်နောက်၊ ငန်ကျိုကျို ငါးပုစွန်ခြောက်တို့ကိုသာ ငယ်စဉ်ကသုံးစွဲခဲ့ရဖူးပါသည်။

သို့သည့်တိုင်... ပုစွန်ခြောက်ကောင်းကောင်းလေးများ ရလာပြီ



ဆိုလျှင် အမေကြီးတို့ အမေတို့က ဘုန်းကြီးကျောင်းကို လှူဒါန်းလေ့ရှိသည်။ "ပုစွန်ခြောက်ကောင်းကောင်း၊ ငါးခြောက်ကောင်းကောင်းသည် မောင်ကျောက်ခဲတို့လို လူတွေနဲ့ လားလားမှမထိုက်" ဟု သတ်မှတ်ထားလေသလားမသိ။ ငါးပိရည်၊ ငံပြာရည်၊ ငရုတ်သီးစပ်စပ်နှင့် ပြည်ပန်းညို ရွက်ပြုတ်အတို့နှင့် စားရသည်။ နည်းနည်းအဆင့်မြင့်လျှင် ငါးဆားနယ် (ငဆနယ်ဟု အသံထွက်သည်) ခရမ်းချဉ်သီးချက် သုံးဆောင်ကြရသည်။ ထိုသို့... စားရသည့်နေ့သည်ကား လူဖြစ်ကျိုးနပ်သည့်နေ့။

မည်သို့သော နန်းရေတွေပဲ ချိုးရချိုးရ၊ မည်သို့သော ငံပြာရည်ချက်တွေကိုပဲ စားခဲ့ရစားခဲ့ရ... မောင်ကျောက်ခဲတို့ ငယ်စဉ်က အလွန်ပင် ပျော်ခဲ့ကြရသည်။ ပျော်ရသည်လည်း မပြောနှင့်၊ ပျော်စရာပွဲတွေက ရွှေဘိုမှာ အများသား။ တစ်ဝါတွင်းလုံး တစ်ပတ်ပြီးတစ်ပတ် အငြိမ့်ပွဲတွေ၊ ဇာတ်ပွဲတွေ ကြည့်ခဲ့ကြရသည်။ ဝါဆိုလပြည့်ကတည်းက စပျော်လိုက်ကြသည်မှာ သီတင်းကျွတ်လပြည့်နေ့ လောကမာရဇိန် ဘုရားပွဲအထိပါပဲ။ သည်ကြားထဲ တော်သလင်းလကွယ်နေ့မတိုင်မီ တစ်နယ်လုံး ခြိမ့်ခြိမ့်သဲသဲကျင်းပသော မြို့ထောင့်စေတီပွဲကလည်း စည်မှစည်ကြိတ်ကြိတ်တိုးလို့ပါပဲ။

မြို့ထောင့်စေတီပွဲကြီးနှင့် သီတင်းကျွတ်ပွဲကြီး ပြီးသည်မှမကြာသေး၊ မြို့လုံးကျွတ် ဘုံကထိန်ပွဲကြီးကို ရွှေဘိုသားတို့ ဗုံခြီးကျင်းပကြပြန်သည်။ အဘိုးများ အဘွားများ တယ် ကျေးဇူးတင်စရာကောင်းဗျာ။

အခြားဒေသများတွင် မဟာဘုံကထိန်ကို လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ဌာနအလိုက် ကျင်းပဆင်နွှဲကြသည်။ ရွှေဘိုမှာတော့ တစ်မြို့လုံးစုပေါင်း၍ 'ဘုံမဟာကထိန်' အဖြစ် ကျင်းပခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၇၃ မှ စတင်ကျင်းပခဲ့သည်မို့ နှစ် ၁၀၀ ကျော်ခဲ့ပြီး အကြိမ်ပေါင်း

ကတော့ ၁၀၀ ဖြစ်လေသည်။

မြို့ပေါ်တွင်ရှိသော ဘုန်းကြီးကျောင်းများထဲမှ ကျောင်းတစ်ကျောင်းကို မဲချ၍ တန်ဖိုးအများဆုံး ညှပ်မကြီးကို လှူဒါန်းပြီး ကျန်ဘုံအလှူပစ္စည်းများကို ပစ္စည်းတစ်မျိုးလျှင် တစ်ကျောင်းကျ၊ ခွဲဝေမျှ၍ လှူဒါန်းသည်။ ထိုခွဲဝေမှုကို ညှပ်မကြီးမဲကျသော ဘုန်းကြီးကျောင်းတွင် ပြင်ဆင်ခွဲဝေစေသည်။ အခြား မိုးပေါ်ကျ ကထိန်၊ ပုဂ္ဂလိက ကထိန် အနည်းအကျဉ်းရှိသည်ဟု ဆိုပါသည်။

"ဆိုပါသည်" ဟုသာ မောင်ကျောက်ခဲ ရေးရပါလိမ့်မည်။ မောင်ကျောက်ခဲကိုယ်တိုင် တစ်ကြိမ်မျှ ညှပ်မကြီးကျရာ ကျောင်းသို့လည်း မရောက်ဖူးသလို အလှူပစ္စည်းများကိုလည်း ခွဲဝေလှူဒါန်းမှုမျိုး မပြုလုပ်ခဲ့ဖူးပေ။

မောင်ကျောက်ခဲ စိတ်ဝင်စားခဲ့သည်က ရုပ်သေးပွဲ၊ ဇာတ်ပွဲကြည့်ဖို့သာ သိခဲ့သည်။ သာဓုခေါ်ကြပါလေရှော့...။

ထူးထူးခြားခြား အဖေရှိစဉ်တုန်းက အုန်းပင်ပေါက်တွေ လှူဒါန်းတာ တွေ့ဖူးသည်။ ထိုစဉ်တုန်းက ဘုန်းကြီးကျောင်းပေါင်း ၆၀ ရှိသည်ဆိုပါစို့၊ အဖေက အုန်းပင်ပေါက် အပင် ၆၀ ပဒေသာပင်သီးကာ ရွှေဘိုမြို့လယ်သို့ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှ လပြည့်နေ့အထိ ခင်းကျင်းပြသခဲ့သည်ကို မှတ်မိနေသည်။ အုန်းပင်တွေ ရှိမှ ရှိသေးရဲ့လားမသိ၊ သည်တစ်ခါ ရွှေဘိုပြန်လျှင် အဖေ့အမွေတွေ လည်ကြည့်ဖို့ သတိထားရဦးမည်။

ငယ်စဉ်ကအကြောင်းတွေ စဉ်းစားမိတိုင်း စိတ်ထဲမှာ နုပျိုလာသည်။ မဲဇာလီဖူးသုပ် စားဖော်စားဖက်...၊ ကထိန်ပဒေသာပင်များကို လှည့်လည်ကြည့်ရှုဖော်ကြည့်ရှုဖက်...၊ အ.ထ.က (၁) ကထိန်ပွဲလှည့်စဉ်က အရှက်မရှိ ကဖော်ကဖက်...၊ ညသန်းခေါင် သစ်သီးခိုးစား

ဖော်ခိုးစားဖက်... အားလုံးကို သတိရလာသည်။

သွားနိုင်လာနိုင်၊ လှုပ်ရှားနိုင်တုန်း ဇာတိမြေကိုပြန်ဦးမှ။

ထုံးစံအတိုင်း မွေးရပ်ရွာလေးမှာ ဖွင့်ထားသော စာကြည့်တိုက်လေးကိုလည်း ကြည့်ရှုစောင့်ရှောက်ရဦးမည်...။ သူငယ်ချင်းတွေနှင့်လည်း အရည်မရအဖတ်မရ (ငယ်စဉ်ကလို) စကားတွေပြောရင်း အူတက်အောင် ရယ်ရဦးမည်...။ ဆရာကန်တော့ပွဲသို့လည်း သွားရဦးမည်...။ စာပေဟောပြောပွဲလည်း ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရဦးမည်...။ လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေကလည်း များမှများ...။


အားလုံးပြီးလျှင် ထုံးစံအတိုင်း မဟာနန္ဒာကန်တော်သို့ သွားရဦးမည်။ ကန်ရေပြင်ကို ဖြတ်သန်းလာသည့် လေပြေညင်းလေးကို ရှူရှိုက်ရင်း ခေါင်းအေးအေးထားကာ ကန်ထိပ်တွင် စိုက်ထူထားသော စာဆိုအကျော် စိန္တကျော်သူ ဦးဩ၏ "ချစ်၍ခေါ်သည်" ရတုကျောက်စာကိုလည်း အသံထွက်၍ ဖတ်ရဦးမည်...။ ဘာတဲ့...။

**ချစ်၍ခေါ်သည် လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နှင့်၊ အံ့ဖွယ်အတိ၊ တိုင်းမသိသား၊ ပြည်ကြီးတန်ဆာ၊ ကန်နန္ဒာမူ၊ ရာဇာများပန်း မှန်နန်းများရှင်၊ ဖန်စီရင်၍၊ ညာခွင်ချောင်းရိုး၊ ကိုးဆယ့်ကိုးမှရေမိုးယုက်လည်၊ စီးလာသည်ကို၊ ဆီးဆည်သယ်ဖို့၊ တောင်ကဲ့သို့ပင်၊ မို့မို့ညီဖြောင်၊ သင်းကန်ပေါင်နှင့် ရေတောင်မောက်လာ၊ လွမ်းဖွယ်သာသည်၊ ရောက်ခါ မြင်တော်မူလိမ့်မည်။**

... အကြိမ်တစ်ရာပြည့် ရွှေဘို မဟာဘုံကထိန်ပွဲတော်ကြီး ကျင်းပပါတော့မည်...။

... ချစ်ခင်သူအပေါင်း၊ သောင်းတိုက်က ကြားပါစေသား...။

❐



## လွမ်းလို့

မောင်ကျောက်ခဲ ငယ်စဉ်က ရပ်ဝေးမြေခြား နိုင်ငံများသို့ အလွန်သွားချင်ခဲ့သည်။ ထိုအချိန်က နိုင်ငံရပ်ခြား ခရီးသွားရန်ဆိုသည်မှာ အင်မတန်ခက်ခဲသော ဒုလ္လဘတရားဖြစ်လေသည်။ နိုင်ငံခြားမှ ဖိတ်ခေါ်သူ ရှိရမည်။ နိုင်ငံကူးလက်မှတ် ရှိရမည်။ ပြည်ဝင်ခွင့်ဗီဇာ ရှိရမည်... စသည် စသည်... အခက်အခဲ အဟန့်အတားများ ရှိသည်။ ယခုလည်း မရှိမဟုတ်၊ ရှိ၏။ အချို့နိုင်ငံများသို့ သွားရန် ပြည်ဝင်ခွင့် ဗီဇာမလိုသည့်တိုင်အောင် နိုင်ငံကူးလက်မှတ် **(Passport)** ကတော့ မရှိမဖြစ် လိုအပ်သည်။ သို့သော် နိုင်ငံကူးလက်မှတ်ရရှိရန် ယခင်အချိန်အခါကဲ့သို့ မခက်ခဲလှတော့ချေ။

ဘဝပေးကုသိုလ် ကံကောင်းလှသောကြောင့် မောင်ကျောက်ခဲတစ်ယောက် နိုင်ငံရပ်ခြား ရုပ်ရှင်ပွဲတော်များသို့ အကြိမ်ကြိမ်အခါခါ ရောက်ခဲ့ရပါသည်။ သွားရသည့်အခါတိုင်း မပျော်သည့်အခါ မရှိ၊ သွားတိုင်း ပျော်ခဲ့သည်ချည်းဖြစ်ပါ၏။ နောက်တော့ ရုပ်ရှင်ပွဲတော်အတွက်သာ မဟုတ်ဘဲ ရုပ်ရှင်ရိုက်ကူးရေး၊ ရုပ်ရှင်လုပ်ငန်းများ လုပ်ဆောင်ရေးတို့အတွက်ပါ မကြာမကြာ ပြည်ပခရီးများ သွားခဲ့ရပြန်သည်။

ထိုအခါတွင်လည်း ပျော်မိခဲ့သည်ချည်းသာ ဖြစ်လေသည်။ ကမ္ဘောဒီးယားနိုင်ငံမှ အင်ကာ (အင်ကောဝပ်) ရှေးဟောင်းအဆောက်အဦကြီးများကိုလည်းကောင်း၊ ဂျပန်က ကမာကုရနှင့် ဂျပန်ကျွန်းတို့၏ သဘာဝအလှကိုလည်းကောင်း၊ ဟော်လန်နိုင်ငံ၏ လေရဟတ်များကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ နယူးဒေလီနှင့် ဘောလီးဝုဒ်မြို့တော် ဘုံဘေ (မွန်ဘိုင်း) ၏ အငွေ့အသက်များကိုလည်းကောင်း၊ တရုတ်နိုင်ငံ မဟာတံတိုင်းကြီးကိုလည်းကောင်း၊ ကိုရီးယားနိုင်ငံ၏ ဆိုးလ်မြို့နှင့်ဘူဆန်မြို့တို့၏ အလှအပများကိုလည်းကောင်း တဝကြီး ခံစားခဲ့ရဖူးလေပြီ။ "သွားချင်ဦးကွ၊ နိုင်ငံခြား..." ဟု ကြိမ်းဝါးပြီး ကံဇာတ်ဆရာက ကြိမ်နှင့် ဆော်လွှတ်လိုက်သည့်ပမာ မောင်ကျောက်ခဲမျာ ပြည်ပနိုင်ငံများစွာသို့ မကြာမကြာ သွားခဲ့ရလေသည်။

အသက်အရွယ် ကြီးလာသောအခါ တိမ်တွေမိုးတွေကြားမှာ ခရီးသွားရသည်ထက် လယ်ကွင်းတွေ သစ်ပင်တွေကြား ဖြတ်သန်း၍ ခရီးသွားရသည်ကို မောင်ကျောက်ခဲ နှစ်သက်လာသည်။ တစ်နေ့လုံး၊ တစ်ညလုံး လေယာဉ်ထိုင်ခုံတွင် တမေ့တမျောကြီးထိုင်ကာ ခရီးသွားရသည်ထက် ဟိုနေရာနားလိုက်၊ ဒီနေရာနားလိုက်၊ ဟိုစပ်စု ဒီစပ်စု နားနားနေနေသွားရသော မြေပြင်၊ ရေပြင်၊ လယ်ကွင်းပြင် ခရီးများကို ပို၍ နှစ်ခြိုက်လာမိတော့သည်။

အထူးသဖြင့် ကမ္ဘာတစ်ဝှန်း ထူးထူးဆန်းဆန်း နေရာမှန်သမျှထက် မိမိဇာတိရပ်ရွာဒေသမှာရှိသည့် အကြောင်းအရာများမှာ မိမိကိုပို၍ ဆွဲဆောင်နိုင်လာသည်ကို တွေ့ရှိရလေသည်။ ဇာတိစွဲ ကြီးမားပြင်းထန်လှသည်ဟု ဆိုလျှင်လည်း မောင်ကျောက်ခဲ ခံရချေတော့မည်။ မောင်ကျောက်ခဲတို့ ရွှေဘိုဒေသထက်ပို၍ ဆွဲဆောင်နိုင်သော နေရာမျိုးသည်ကမ္ဘာမှာ ရှိတော့မည်မဟုတ်ဟု မောင်ကျောက်ခဲ ဆိုချင်ပါတော့

သည်။

စင်စစ် ရွှေဘိုဒေသမှမဟုတ်၊ မြန်မာနိုင်ငံအတွက် စိတ်ဝင်စားဖွယ်ကောင်းသော ဒေသများစွာ ရှိပါသည်။ ဇာတိသားတို့သည် အနီးကပ်ကြည့်နေလွန်းသောကြောင့် ပြတ်ပြတ်သားသား မမြင်ရ၊ မတွေ့ခဲ့ရခြင်းဖြစ်ပေလိမ့်မည်။

မောင်ကျောက်ခဲသည်လည်း ထိုနည်းတူစွာပင် ဖြစ်မည်ထင်သည်။ သူ့ဇာတိ ရွှေဘိုဒေသကို လွန်၍ ကမ္ဘာကို ပတ်ချင်ခဲ့မိသည်။ ငယ်ငယ်က ကြားခဲ့ဖူးသော ကြွက်မကလေးသားအမိ ခင်ပွန်းရှာသည် ပုံပြင်သို့နှယ် နောက်ဆုံးကြတော့ ကြွက်သတို့သားနှင့်သာ ဖူးစာဖက်ခဲ့ရသည်သို့ပင် ဖြစ်လေသည်။ နောက်ဆုံး မိမိဇာတိချက်ကြွေ မွေးရပ်မြေထက် စိတ်ဝင်စားစရာ ကောင်းသောနေရာ ဒီကမ္ဘာမှာ မရှိတော့ပြီဟု နားလည်လာမိရသည်။

ဆရာကြီးရွှေဥဒေါင်းကျေးဇူးကြောင့် ရွှေဘိုဒေသတစ်ဝိုက် နေရာများကို စာအုပ်များထဲတွင် တွေ့ခဲ့ဖတ်ရှုခဲ့ဖူးသော်လည်း အလှမ်းဝေးခဲ့ပါ၏။ ကမ္ဘာပတ်ချင်သော ရောဂါရှိခဲ့သည်ကိုး။

စင်စစ် ဆရာကြီးရွှေဥဒေါင်း ဖခင်၏ ဇာတိ မန်ကျည်းတုံရွာသည် မောင်ကျောက်ခဲတို့ ပန်းတောင်းရွာလေးနှင့် ဘာမှ မဝေးလှပါချေ။ ရွာအရှေ့ မူးချောင်းကလေးအတိုင်း လိုက်သွား၍ ဝက်လက်မြို့ရောက်လျှင် မန်ကျည်းတုံရွာကို တွေ့လေပြီ။ သည်မှ ဆက်သွားလျှင် ပထမရွှေကျင် ဆရာတော်ကြီး၏ ရွှေကျင်ရွာကို ရောက်ပြန်သည်။ ထိုသို့မဟုတ်ဘဲ ဝက်လက်မြို့ကိုဖြတ်၍ ခြေဆန့်လျှင် ဆရာတော် အရှင်မဟာဇနကာဘိဝံသ၏ သရိုင်ရွာကို ရောက်နိုင်ပြန်သည်။ ထူးချွန်သော ပုဂ္ဂိုလ်တို့၏ ဇာတိရပ်ရွာကို ရောက်တိုင်း လောကနီတိမှ စာများကို သတိရဖွယ်ရှိသည်။

သေလေ သေလေ နမဏိကံ
ဂဇေ ဂဇေ မုတ္တိကံ။
တောင်တိုင်းမှာ ပတ္တမြားမရှိ၊ ဆင်ဟူသမျှ အမြဲတောမရှိ
တောင်ချောင်ကြား၌ ရောက်သောဆူးကို အသူထက် စိမ့်ချွန်သနည်း။

အရှေ့ဘက်သို့ ဆက်သွားလျှင် ဧရာဝတီဆိပ်ကမ်းမှ သစ်ဆိမ့်ကြီးရွာသို့ ရောက်ကာ တောင်ဘက်သို့ချိုးလျှင် 'ရွှေကျွန်းပင်' သာသနာ့ရိပ်သာကို ရောက်နိုင်၏။ ကျွန်းပင်ကြီးများ၏ အရိပ်အာဝါသအောက်တွင် ဗုဒ္ဓတရား အမွေအနှစ်ကို ကြိုးစားပမ်းစား ရှာဖွေနေသူများကား အခြားမဟုတ်၊ မောင်ကျောက်ခဲ ငယ်စဉ်က အလွန်သွားချင်ခဲ့သော နိုင်ငံရပ်ခြားများက နိုင်ငံခြားသားများပင် ဖြစ်လေတော့၏။ ကြည့်ပါဦးတော့၊ မောင်ကျောက်ခဲတို့တစ်တွေက ဟင်းအိုးမွှေသည့် သစ်သားယောက်မများနှယ် ကိုယ့်နိုင်ငံ၏ တန်ဖိုးရှိလှသော ဗုဒ္ဓအမွေအနှစ်၏ အရသာကို နားမလည်ဘဲ နိုင်ငံတကာ လှည့်လည်နေခဲ့မိကြလေပြီ။

မောင်ကျောက်ခဲတို့လို အန္ဓများက လူတွေ ပြွတ်သိပ်နေသော လမ်းမကြီးများပေါ်တွင် လျှောက်ရင်း ကြီးမားထည်ဝါသော ကုန်တိုက်ကြီးများ၊ အဆောက်အဦကြီးများကို အထင်ကြီးစိတ်ဖြင့် ငေးမောကာ မောမောပန်းပန်း လှည့်လည်နေကြစဉ် အေးချမ်းမှု အစစ်အမှန်ကို ရှာဖွေတတ်သော နိုင်ငံခြားသားတွေက မြန်မာနိုင်ငံ ဧရာဝတီမြစ်၏ လေပြေညင်းကို ရှူရှိုက်ရင်း ကျွန်းပင်တွေအောက်မှာ သန္တိသုခကို ခံစားတတ်ကြလေပြီ။ အံ့ဩဖွယ် ကောင်းလေစွ...။

ရွှေကျွန်းပင်စခန်းမှ အကြေဘက်သို့ဆက်လျှင် ဆရာကြီးရွှေဥဒေါင်း ဝတ္ထုများထဲတွင် ထင်ရှားခဲ့သော **ရှိမ်းမကား** ရွာကြီးက ဧရာဝတီမြစ်ကမ်းပါးတွင် ခြေဆင်းလျက် ရှိနေသည်။ ဟိုတုန်းကတော့ **ရှိမ်းမ**

**ကား** ရွာကြီးသည် ဧရာဝတီမြစ်ကမ်းပါးတွင် မေးတင်ခဲ့သောကြောင့် မြစ်ရေက ရွာစပ်အထိ စီးဆင်းသော်လည်း ယခုတစ်ခါ တစ်စတစ်စ အနည်များပို့ချကာ မြစ်ကြောင်းသည် ရွာနှင့် ဝေးဝေးလာသည်။ ထို့ကြောင့်လည်း ဧရာဝတီမြစ်အတွင်း ခြေဆင်းနေသည်ဟု ဆိုလိုက်ရပါသည်။ ဟိုဘက်ကမ်းသို့ လှမ်းကြည့်တော့ ဖွေးဖွေးဖြူနေသော စကျင်တောင်ကို လှမ်းတွေ့ရသည်။ မှုန်ပျနေသည့်တိုင် စကျင်တောင်ကတော့ ထင်ထင်ရှားရှား ကိုယ်ထင်ပြနေ၏။ ဒီလို စကျင် (ခေါ်) မာဘယ်လ် (Marble) ကျောက်တောင်မျိုး နိုင်ငံခြားမှာမြင်ရဖို့ ခက်ပါဘိတောင်း။

ကြည့်ပါဦး... ဧရာဝတီသည်လည်းကောင်း၊ စကျင်တောင်သည်လည်းကောင်း၊ ကျွန်းပင်သည်လည်းကောင်း၊ ကြည်ညိုဖွယ်ကောင်းသော ဆရာတော်ကြီးများသည်လည်းကောင်း၊ မောင်ကျောက်ခဲ၏ မွေးရပ်ဇာတိမြေလေးနှင့် ဘာမှမဝေး အနီးကလေးမှာ ရှိနေသည်။ ဒါဆို ဘာကြောင့် အစောကြီး မမြင်မိခဲ့ပါလိမ့်။ အချိန်တွေ နှမြောစရာ။

ရှေးဟောင်း ပျူမြို့တော် ဟန်လင်းသည်လည်း မောင်ကျောက်ခဲရွာ နှင့် ၁၀ မိုင်မျှပင်မဝေး။ ရေပူရေအေးစမ်းတွေလည်းရှိ၊ သဘာဝဆားတွေလည်းရှိ၊ ကြည့်စရာတွေ အပြည့်၊ နောက်ပြီး အနည်းငယ်ဆက်ပြီး ဧရာဝတီကို ဆန်တက်လျှင် စဉ့်အိုးတွေ စဉ့်ခွက်တွေ လက်ရာကောင်းကောင်း ထုတ်လုပ်နေသည့် ကျောက်မြောင်း ရွှေဂွန် ရွှေတိုက် နွယ်ငြိမ်းဒေသများ...။ မွန်ဆက်တွေလား...၊ ယိုးဒယားဆက်တွေလား မသိ...။ ဘာပဲဖြစ်ဖြစ်... ယခုတော့ ဗမာမှ ဗမာစစ်စစ်တွေ ဖြစ်နေပြီ။ ထို့အတူ... ပေါ်တူဂီတွေ... ပြင်သစ်တွေ... ကသည်းတွေ... ဒီနယ်မြေတွင် အခြေစိုက်ကာ ဗမာလူမျိုးဘဝ နေနေကြပြီ။ အစ္စလာမ်ဘာသာဝင် သူငယ်ချင်းများသည်လည်း သူ့ရွာလေးနှင့်သူ အေးအေးချမ်းချမ်း နေခဲ့ကြသည်မှာ ကြာလေပြီ။ တည်ဘိုပင်ရွာဆိုလျှင် နှစ် (၁၀၀) ကျော်ပြီ။

ရွှေဘိုသားဖြစ်သော မောင်ကျောက်ခဲသည် ရွှေဘိုအကြောင်းကောင်းကောင်း မသိရှာသေးပေ။ မဟာနန္ဒာ ကန်တော်ကြီးအကြောင်း၊ ထန်းတောတွေအကြောင်း၊ ဦးအောင်ဇေယျအကြောင်း၊ ဘုရားသမိုင်းတွေအကြောင်း သိချင်စရာတွေ၊ ကြည့်ချင်စရာတွေ အများကြီးရှိသည်။ မောင်ကျောက်ခဲ မည်သည့်အတွက် နိုင်ငံရပ်ခြားမှာ အချိန်တွေများစွာဖြုန်းတီးမိခဲ့ပါလိမ့်...။

မင်းတုန်းမင်းကြီး၏ ငယ်ချစ်ဦး မိဖုရားတစ်ဦး၏ ရွှေတန်ဆာဘုရားအတွင်းမှ "နှင်းပန်း" ချစ်ပုံပြင်တွေ၊ ပလိုင်းမင်းသမီးနှင့် မြို့လှမြို့စားတို့၏ မာကျောသော အချစ်ဇာတ်လမ်း၊ မဟာနန္ဒာကန်ပေါ်မှ "ချစ်၍ခေါ်သည် လိုက်တော်မူခဲ့..." ဆိုသည့် အချစ်ခေါ်သံတွေ စိတ်ဝင်စားစရာတွေ အများကြီး ရှိနေသေးသည်။

မောင်ကျောက်ခဲ ရွှေဘိုကို မကြာမကြာသွားသောကြောင့် သူငယ်ချင်းတစ်ဦးက ဘာကိစ္စရှိလို့ သွားတာလဲဟု မေးသည်။ မောင်ကျောက်ခဲက "သွားတာမဟုတ်ဘူးကွ ပြန်တာ" ဟု ပြောမိသည်။ "ထားပါတော့ကွာ၊ မင်းက ဘာလို့ ရွှေဘို ခဏခဏ ပြန်နေရတာလဲ" ဟု မရမက ဆက်မေးသည်။

မောင်ကျောက်ခဲအနေဖြင့် ရှည်ရှည်ဝေးဝေး ဖြေစရာစကားမရှိပါ။ ရှည်ရှည်ဝေးဝေးလည်း ဖြေစရာ မလိုတော့ပါ။ တိုတိုနှင့်လိုရင်းပဲ ဖြေမိပါ၏။

"လွမ်းလို့"

❒


## ကိုယ်တို့ သံရွာကလေး

ဘာလိုလိုနှင့် နှစ်ပေါင်းလေးဆယ်အနီးသို့ပင် ကပ်ခဲ့လေပြီ... "အချိန်တို့သည် လူတို့အား စားလေ၏" ဆိုသောစကားမှာ မှန်လေစွ...။ ရုပ်ရှင်လောကသို့ စတင် ဝင်ရောက်ခဲ့သည့်အချိန်ကို ပြန်လည်သတိရလာမိသည်။ ၁၉၇၇ ခုနှစ်၊ မေလ (၇) ရက်...။

အချို့သော ရုပ်ပုံလွှာများ၊ အသံများသည် နှစ်ပရိစ္ဆေဒ ကြာသည်နှင့်အမျှ ဝေဝေဝါးဝါး၊ ပြားပြားပျေပျေ ဖြစ်ခဲ့ချေပြီ။ သို့သော်... ရုပ်ရှင်လောကသို့ စဝင်ခဲ့သည့်အချိန်ကာလကိုတော့ ဘယ်သောအခါမှ မေ့မရ။ အရုပ်တွေ၊ အသံတွေသာမက အနံ့အသက်ကိုပါ ရလာလေ့ရှိသည်ဟု ဆိုပါက လွန်သည်ဟု ထင်ကြလေမည်လား မသိတော့ပြီ။

သို့သော် အမှန်ပင် နှစ် (၄၀) ကြာ ထိုကာလကို သတိတရ ရှိနေသေးသည်။ နေရာက... ကျောက်ဆည်၊ ဟန်မြင်းဗိုလ်၊ သံရွာနောင်ခမ်းရွာဒေသဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင် မကြာသေးမီက ထိုနေရာသို့ စာပေဟောပြောရန် နှစ်ပေါင်းများစွာကြာမှ တစ်ကြိမ် ပြန်ရောက်ခဲ့ဖြစ်လေသည်။

ဟန်မြင်းဗိုလ်ရွာမှ အရှေ့ဘက်သို့ချိုးသော လမ်းလေးအတိုင်း



(၇) မိုင်လောက်အတွင်းသို့ ဝင်ရသည်။ အတန်ငယ် မိုးချုပ်မှ ရောက်သောကြောင့် ထိုလမ်းခွဲကို အတော်ရှာရသည်။ လမ်းချိုးလေးကို စဝင်သည်နှင့် ဟိုစဉ်က အကြောင်းတွေကို သတိရလာသည်။

"ဟိုတုန်းက ဒီလမ်းက မြေကြီးလမ်းကွ။ ဖုန်တထောင်းထောင်းနဲ့ပေါ့ကွာ။ မိုးရွာရင် ဗွက်တွေချည်းပဲ... ခြေသလုံးတစ်ဝက်လောက်မြုပ်တယ်။ အဖေ့ ရုပ်ရှင်လောက ဘဝအစပဲ"

ကားမောင်း၍ လိုက်ပို့သော သားငယ်ဖြစ်သူကို ပြောပြမိသည်။ ထိုစဉ်က သူသည် လူ့လောကသို့ပင် မရောက်သေး။ ဟိုတုန်းက ဖုန်တထောင်းထောင်း၊ ရွှံ့တဗွက်ဗွက်ထနေသော လမ်းဆိုတာ ဟုတ်မှဟုတ်ပါ့မလားဟု လက်ရှိ ကတ္တရာလမ်းကိုကြည့်ကာ သူ တွေးချင်တွေးနေပေလိမ့်မည်။

အမှန်ပင် ကြမ်းခဲ့သောလမ်းဖြစ်သည်။ ထိုလမ်းကြမ်းအတိုင်း ရုပ်ရှင်လောကသား တော်တော်များများ ရုပ်ရှင်လာ၍ ရိုက်ခဲ့သော နေရာဒေသဖြစ်သည်။ ယခုတော့ ရုပ်ရှင်ဗီဒီယိုလောကသားများသည် ရှုခင်းလှလှ၊ ရာသီဥတုအေးမြသော ပြင်ဦးလွင်ဘက်ဆီတွင် ရိုက်ကူးမှုများပြားကြသည်။ ဟိုတယ်များတွင် ဇိမ်ကျကျတည်းခို၍ အလုပ်လုပ်ကြသည်။ ဟိုအရင် ရုပ်ရှင်လောကသားကြီးများကတော့ သည်လမ်းကြမ်းကိုဖြတ်၍ ရွာထဲမှ အိမ်လေးများမှာတည်းခိုကာ ရုပ်ရှင်များစွာ ဖန်တီးခဲ့ကြသည်။ "ရဲစိတ်ရဲမာန် သူ့ကျွန်မခံ"၊ "ကိုလူချောတို့ လာချေပြီ"၊ "ဓားငမောက်"၊ "ပင်းမြို့သူ"၊ "မိုက်တယ်ဆိုတာ လွယ်ပါတယ်" စသည်ဖြင့် ရှုခင်းကောင်းကောင်း ရုပ်ရှင်ကားများကို ပင်ပင်ပန်းပန်း ရိုက်ကူးခဲ့ကြသည်။

စာပေဟောပြောပွဲကျင်းပမည့် နေရာသို့ ရောက်သောအခါ သံရွာနှင့် နောင်ခမ်းရွာသည် ပြောမယုံနိုင်လောက်အောင် ပြောင်းလဲသွား

ကြောင်း တွေ့လိုက်ရသည်။ နောင်ခမ်းသည် ရွာအဖြစ် မဟုတ်တော့ဘဲ သံရွာကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရောက်သွားလေပြီ။ မှတ်မှတ်ရရ တစ်ချိန်က သံရွာမှ နောင်ခမ်းရွာသို့ ရောက်အောင် တော်တော်လေး သွားရသည်။ ဇော်ဂျီမြစ်သို့ရောက်အောင် ကွင်းပြင်များကို ဖြတ်သွားရ ကြောင်း ရေးရေးမှတ်မိနေသည်။ မြို့ကြီးတစ်မြို့အလား ကြီးမားသော ရွာကြီးဖြစ်သောကြောင့် တိုးတက်ကြီးပွားမှုအတွက် အားရဝမ်းသာဖြစ် မိသည့်တိုင် ယခင် သံရွာလေးနှင့် နောင်ခမ်းရွာလေးကို လွမ်းသယောင် ခံစားရသည်။

စာပေဟောပြောပွဲအတွက် ကြိုရောက်နေသူမှာ စာရေးဆရာ လယ်တွင်းသားစောချစ် ဖြစ်လေသည်။ စိတ်ကို အေးချမ်းအောင် နေ တတ်သောဆရာသည် ရွာခံတွေနှင့် တစ်ဦးတည်း ဖြစ်နေသည်။ သူ့ မိသားစု၊ သူ့ရပ် သူ့ရွာမှာ နေနေသလို နေတတ်ထိုင်တတ်သည်။ အား ကျစရာ အလွန်ကောင်း၏။ စိတ်ထားကောင်းသော ဆရာ လယ်တွင်း သားအပေါ် အခွင့်အရေးယူကာ ထိုညက ရှေးဦးစွာ အရင်ဟောပြောပြီး မိမိ၏ ဇာတိရပ်ရွာ ရွှေဘိုသို့ ခရီးဆက်ဖြစ်ခဲ့သည်။ ရွာခံများက ဒေသ ထွက်ဆန်များ၊ ငှက်ပျောခိုင်များ၊ ဆီပုံးများကို ကားပေါ် တင်ပေးလိုက် ကြသည်။ တစ်ခေါက် ပြန်လာခဲ့ချင်သေးသည်ဟု ပြောမိသည်။ လော ကွတ်မဟုတ်၊ ဆန် ဆီ ငှက်ပျောခိုင်တွေကြောင့် မဟုတ်၊ အမှန်ပင် တစ်ခေါက် ပြန်သွားချင်သေးသည်။ နေ့ခင်း လင်းလင်းထင်းထင်းမှာ သံရွာနှင့် နောင်ခမ်းကို ကြည့်ချင်သေး၏။

ဟိုတုန်းက မြင်းတွေနှင့် အလုပ်ရှုပ်ခဲ့သော နေရာ၊ လက်ဖက် ရည်အိုးကြီး၊ ထမင်းအိုးကြီး၊ ဟင်းအိုးကြီးများတင်၍ နွားလှည်းဖြင့် ဖုန်တသောသော လမ်းတစ်လျှောက် သွားခဲ့သော နေရာတို့ကို ကြည့် ချင်သေးသည်။ အားလုံး ပြောင်းလဲသွားပြီ၊ မည်မျှလောက် ပြောင်းလဲ

သွားပြီကို သိချင်လှသည်။

နှားခြူသံများ၊ မြင်းခွာသံများ၊ ဇော်ဂျီမြစ်ရေစီးသံများ၊ ရင်ထဲတွင် ပဲ့တင်ထပ်လာသည်။ ထိုစဉ်က ပါလာသော သိုင်းအဖွဲ့သားများ၏ ရှမ်းအိုးစည်သံ၊ လင်းကွင်းသံ၊ မောင်းသံများကိုလည်း ကြားယောင်လာသည်။ ရိုက်ကွင်းပေါ်မှ "ငြိမ်ပါ" "အားလုံးငြိမ်ပါ" "ကင်မရာ" "ကလက်" ဟု အော်သံများ လွင့်ပျံနေသည်...။ ကြာခဲ့ပြီ။

ထိုစဉ်က အတူတကွ နေခဲ့ထိုင်ခဲ့ စားသောက်ခဲ့ အလုပ်လုပ်ခဲ့ကြသော မိတ်ဆွေများကို စဉ်းစားကြည့်တော့ (ဒါရိုက်တာ) မောင်စိမ်းအောင်၊ (ရုပ်ငြိမ်ဓာတ်ပုံဆရာ) ကိုခင်ညွန့် (ကေသီပန်) နှင့် သားဝင်းချို၊ (သရုပ်ဆောင်) နေစိုး၊ သာညွန့်၊ အုန်းခင်ကြီး၊ ဦးဝမ်ချူး၊ (ဓာတ်ပုံဆရာ) အကယ်ဒမီ ကိုပန်းအေး၊ (တည်းဖြတ်) ကိုတင်ငွေ (ညွန့်မြန်မာ)... စသည် စသည်... လူ့လောကတွင် မရှိကြတော့ပြီ...။ အချိန်သည် လူတွေကို စားသွားခဲ့ချေပြီ။

သို့သော်... ဇော်ဂျီမြစ်ကတော့ စီးမြဲ စီးနေဦးမည်...။ ဆင်ခေါင်းတောင်ကြီးကလည်း မားမားမတ်မတ် ရပ်မြဲ ရပ်နေချေဦးမည်။ တောတောင်စိမ့်စမ်းကို ဖြတ်သန်းတိုက်ခတ်လာသော လေသန့်ပြေးလေးကတောပန်းတို့၏ မွှေးရနံ့ကို သယ်ဆောင်ပေးရင်း သံရွာနှောင်ခမ်းသို့ ရောက်လာချေဦးမည်။

ကျော်ဆွေတို့၊ ညွန့်ဝင်းတို့၊ ကျော်ဟိန်းတို့၊ လင်းထင်တို့၊ အောင်အောင်တို့၊ ခင်ယုမေတို့၊ ခင်သန်းနုတို့၊ ဆွေဇင်ထိုက်တို့တစ်တွေ ခြေရာထပ်ခဲ့ရာနေရာ သံရွာကြီးသည် တစ်ချိန်က ရုပ်ရှင်လောကသားတို့၏ ရုပ်ရှင်ရိုက်ကွင်းနေရာကြီး ဖြစ်ခဲ့သည့်အလျောက် ယနေ့ထိ ရွာသားအိုကြီးများက ဟိုစဉ်က ရုပ်ရှင်အကြောင်း ပြောနေဆဲပင်...။

ကိုယ့်မွေးရာဇာတိ မဟုတ်သည့်တိုင် ရုပ်ရှင်ပညာ အစပျိုးခဲ့ရာ


နေရာမို့ 'သံရွာ' ဆိုသော အသံကြားရရုံမျှနှင့် အာရုံကြောတွေ နိုးကြား လန်းဆန်းလာတတ်သည်။ အခါသင့်၍ အခွင့်သာဦးမည်ဆိုလျှင်တော့ ဇော်ဂျီမြစ်ကမ်းဘေးက သံရွာဆိုသော ရွာကလေးကို အလွမ်းဖြေဖို့ မြို့ကြီးတစ်မြို့နှယ် စည်ကားနေသော သံရွာကြီးသို့ တစ်ခါတစ်ခေါက် အရောက်လာဖို့ ကြိုးစားရပါဦးမည်။


**"အလွမ်းပြေပေါ့ သံရွာရယ်..."**

(ပူးတွဲပါပုံမှာ ထိုစဉ်က ဇော်ဂျီမြစ်ကမ်းပါး ဆက်တင်တွင် ရိုက်ကူးထားသော မောင်ဇေဒါနှင့် ကြည်စိုးထွန်းတို့ပုံ ဖြစ်ပါသည်)

❐

# မောင်ကျောက်ခဲ





## ဗိုလ်ကလေး ကျောက်ခဲ

"ဗိုလ်ကလေး" ဆိုသည်မှာ "ဗိုလ်ကြီး" အောက်အဆင့် အရာရှိ စစ်ဗိုလ်ကို ခေါ်ခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့်ရေးလျှင် လက် ဖတင်နင် (သို့မဟုတ်) လျူတင်းနင့် LIEUTENANT ဟု ရေးရပါ လိမ့်မည်။

'ဗိုလ်' ဆိုပါတော့

ထို 'ဗိုလ်' အညွှန်းအနွှန်းနှင့်ပတ်သက်ပြီး မောင်ကျောက်ခဲတစ် ယောက် ဗိုလ်ကလေးတင့်အောင်နှင့် တော်တော်လေး စကားပြောဖြစ်ခဲ့ ဖူးသည်။ အခြားမဟုတ်ပါ။ ယခု "ဘိုကလေးမြို့" ဟူသော စာလုံး ပေါင်းနှင့် ပတ်သက်ပြီး "ဘိုကလေးမြို့သား" ဖြစ်သော 'တင့်အောင်' က ဘာကြောင့် 'ဘိုကလေးတင့်အောင်' မဖြစ်ဘဲ 'ဗိုလ်ကလေးတင့် အောင်' ဖြစ်နေရခြင်းအကြောင်းကို သိချင်စိတ်နှင့် မေးမြန်းခဲ့မိသော ကြောင့်ပင်။

ဗိုလ်ကလေးတင့်အောင်က ဤသို့ ရှင်းပြခဲ့ဖူးပါ၏။

"အလောင်းမင်းတရားကြီး တတိယမြန်မာနိုင်ငံတော်ကြီး တည် ထောင်တဲ့အခါ မွန်လူမျိုးတွေ မြစ်ဝကျွန်းပေါ်ဘက်ကို ရောက်လာကြ

တယ်။ အဲ့ဒီအထဲမှာ မွန်စစ်ဗိုလ်ကလေးဟာ ဒီနေရာကိုရောက်ပြီး ဒီမြို့ကို တည်ခဲ့တာပေါ့။ အဲဒီဗိုလ်ကလေးကို အမှတ်အသားပြုပြီး ဗိုလ်ကလေးမြို့လို့ ခေါ်တယ်လို့ ကြားဖူးတာပဲ။ အဲ့ဒါကြောင့် ငါ့နာမည်ရှေ့မှာ ဗိုလ်ကလေးကို ထည့်ခဲ့တာပဲကွ"

ဗိုလ်ကလေးဖြစ်ဖြစ်၊ ဘိုကလေးဖြစ်ဖြစ်... ထိုမြို့သားများနှင့် မောင်ကျော်ကျော်ခဲ အလွန်ခင်မင်ခဲ့ဖူးလေ၏။ ထိုမြို့သားများနှင့် ဆက်နွယ်မိသောကြောင့်လည်း သဘော်ခရီးရှည် သွားခဲ့ရဖူးသည်။ ဆန်ရောင်းခဲ့ရဖူးသည်။ အံ့သြစရာ။

စင်စစ် မောင်ကျော်ကျော်ခဲ၏ဘဝ၌ မမေ့နိုင်စရာ အချက်သုံးချက်ရှိသည်။ (၁) မိမိဇာတိ (၂) မိမိရုပ်ရှင်လုပ်ငန်းနှင့် (၃) မိမိသင်ယူခဲ့ဖူးသော ဘူမိဗေဒပညာရပ်နှင့် ပတ်သက်သော အချက်များဖြစ်ကြသည်။ ဘူမိဗေဒဘာသာရပ်ကို သင်ကြားခဲ့မိသောကြောင့် ဗိုလ်ကလေးသားတော်တော်များများနှင့် ခင်မင်သိကျွမ်းခဲ့သည်။

မိုးခေါင်ရပ်ဝန်းမှာမွေးသည့် မောင်ကျော်ကျော်ခဲနှင့် ရေဖောင်ဖောင်မှာ မွေးကြသည့် ဗိုလ်ကလေးသားများ ခင်ခင်မင်မင် ရှိကြသည်မှာလည်း ထူးတော့ ထူးဆန်းသည်ဟု ဆိုရပေမည်။ ပထမဆုံး သိကျွမ်းခင်မင်ခဲ့ရသော (ကို) သိန်းအောင်ဆိုလျှင် မောင်ကျော်ကျော်ခဲအပေါ် တကယ့်ကို သည်းခံပေါင်းသင်းနိုင်စွမ်းရှိသူ ဖြစ်ခဲ့သည်။ သူနှင့် ခင်မင်ခဲ့ရုံသာမက သူ့မိဘ၊ သူ့မောင်နှမ၊ သူ့ဆွေမျိုးအားလုံးနှင့် မောင်ကျော်ကျော်ခဲ ခင်မင်ခဲ့ပြီး ထိုမှစကာ မောင်ကျော်ကျော်ခဲတစ်ယောက် ဗိုလ်ကလေးကျော်ခဲ ဖြစ်ခဲ့သည်ဆိုက မှားမည်မထင်။ သူ့ညီ (ကို) သောင်းဝင်းသည်လည်း မောင်ကျော်ကျော်ခဲကို အစ်ကိုကြီးတစ်ဦးသဖွယ် လေးစားအားကိုးခင်မင်ကာ ရုပ်ရှင်ထုတ်လုပ်ရေးများ လုပ်ခဲ့ဖူးသည်။ လူပျိုကြီးကိုဖိုးစွံ၊ မမမောင်မောင်မို့မို့၊ သမီးနှင့်အမေများ၊ မသုဓမ္မစာရီ ရုပ်ရှင်

ကား တော်တော်များများ ထုတ်လုပ်ခဲ့ဖူးသည်။ (ကို) သောင်းဝင်းနှင့် နွယ်၍ မောင်နိုင် (ကျော်ရဲအောင်) သည်လည်း မောင်ကျောက်ခဲနှင့် ဇာတ်ကားပေါင်းများစွာ တွဲ၍ ရိုက်ခဲ့ရသည်။ မောင်နိုင် (ကျော်ရဲအောင်) သည်လည်း ဗိုလ်ကလေးမြို့သားပင်...။

ဗိုလ်ကလေးမြို့သားတွေထဲက သတိရစရာကောင်းသူများစွာထဲက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ရာထူးအထိ တာဝန်ထမ်းဆောင်သွားသော (ပါမောက္ခ–ဦး)သိန်းဝင်းနှင့် အပုလေး (ကို) ခင်ဝင်းတို့ကိုလည်း ချန်လှပ်၍မရပါ။ မောင်ကျောက်ခဲနှင့် သူတို့နှစ်ယောက် ရှမ်းပြည်နယ် ဘော်ဆိုင်းဘက်တွင် တတိယနှစ် ဘူမိဗေဒကျောင်းသားများအဖြစ် အတူတကွ ကွင်းဆင်းခဲ့ဖူးကြသည်။ ၁၉၆၇ ခုနှစ်လောက်ကဆိုတော့ နှစ်ငါးဆယ်တောင် ရှိပါပေါ့...။

မှတ်မိသေးသည်။ သိန်းဝင်းက အဆိုတော် မောင်သိန်းဝင်းနှင့် နာမည်တူသောကြောင့်လားမသိ သီချင်းဆို အလွန်ဝါသနာပါသည်။ ဟို ကိုသိန်းဝင်းက အဆိုတော်...၊ ဒီငနာသိန်းဝင်းက အတော်ဆို...။

မောင်ကျောက်ခဲက မယ်ဒလင် မတောက်တခေါက် တီးတတ်သူမို့ အတော်ဆိုသိန်းဝင်းနှင့် အတီးချာ မောင်ကျောက်ခဲတို့ တွဲမိခဲ့ကြကာ ရွာရိုးတစ်လျှောက် သီချင်းဆို မယ်ဒလင်တီး၍ ညာညာဝါးဝါး တောင်းရမ်းစားသောက်ခဲ့ဖူးလေ၏။ ရိုးသားဖြူစင်သော ဓနုတောင်ရိုး ရှမ်းလူမျိုးများ၏ ခင်မင်တတ်သောစိတ်ကြောင့် မောင်ကျောက်ခဲတို့တစ်တွေ အစားအသောက် တော်တော့်ကို အဆင်ပြေခဲ့ကြသည်။ တွေးကြည့်တော့ နှစ်ငါးဆယ်လောက်က သူတောင်းစားများ အခုအခါ ပါမောက္ခဖြစ်သူကဖြစ်၊ ရုပ်ရှင်ဒါရိုက်တာ ဖြစ်သူကဖြစ်၊ ဖြစ်ချင်တိုင်းဖြစ်နေသော လောကကြီးပါတကား... ဟုသာ အောက်မေ့ရချေတော့မည်။

ဗိုလ်ကလေးမြို့သား နောက်တစ်ယောက်က (ဂါကြီး) မြင့်သိန်း။

သူတို့ဗိုလ်ကလေးမှာ အိမ်သာတွေကို မြစ်ကမ်းပါးမေးထိုးဆောက်တတ်ကြသည်မို့ အစာဟောင်းစွန့်သည့်ကိစ္စ အဆင်ပြေလှသည်။

ဘူမိဗေဒ ကွင်းဆင်းသည့်အခါ အညာဒေသထဲ တောင်ထဲနေရသည်မို့ သူတို့ဇာတိရပ်ရွာလို ကမ်းနဖူးမေးတင် အိမ်သားမျိုးမရှိ၊ တောထဲခြုံထဲ သွားလာရသော သဘာဝမို့ (ဂါးကြီး) မြင့်သိန်းတစ်ယောက် အတော် ဒုက္ခရောက်ခဲ့သည်။ သဘာဝချင်းက မတူပါပေ...။

သည်တော့ (ဂါးကြီး) မြင့်သိန်းတစ်ယောက် အစာဟောင်းထုတ်လုပ်ရေးကိစ္စ ညအခါ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် လှည်းလမ်းကြောင်းမှာ သွား၍သွား၍ ပါရရှာ၏။ တစ်နေ့သောည (ဂါးကြီး) မြင့်သိန်း ထုတ်လုပ်မှုကိစ္စ ဇိမ်ကျကျလုပ်နေစဉ် မြို့သို့ လူနာပို့သော လှည်းတစ်စီးအပြင်းမောင်းလာခဲ့သဖြင့် ခွေးပြေးဝက်ပြေး အလူးအလဲ အပေပေထပြေးရသည့်အဖြစ်က ယနေ့အထိ မောင်ကျော်ကျော်ခဲ့တို့ (နှာခေါင်းပိတ်) ပြော၍မဆုံး။

ပြီးတော့...။

(ထိပ်ပြောင်) ခင်မောင်ထွေးနှင့် (တောသူကြီးသား) ခင်ဇော်...

နှစ်ဦးစလုံး ရေခြားမြေခြား ဩစတြေးလျနိုင်ငံသို့ ရောက်နေကြပြီး ဗိုလ်ကလေးမြို့ ကျွန်းညိုကြီးကိုမှ တွေးမိပါစေ။ မိန်းမလှကျွန်းက မိန်းမလှတွေကိုမှ သတိရပါစေ။ စောင်းသံတွေကိုလည်း မေ့များ မေ့ချေပြီထင့်...။

ရန်ကုန်တက္ကသိုလ်ရောက်ခါစက ပြောင်စပ်စပ် ကြောင်တက်တက် ငနဲတွေ နိုင်ငံရပ်ခြား တစ်နေရာမှာ ထင်ရှားစွာ အခြေစိုက်မိကာ တစ်ယောက်က ဘူမိဗေဒလုပ်ငန်းလုပ်ပြီး အနားယူသွားပြီး (တောသူကြီးသား) ခင်ဇော်ကတော့ တက်စ်မေးနီးယား (TESTMANIA) တက္ကသိုလ်မှာ ကမ္ဘာသိထင်ရှား ခပ်မားမား ဘူမိဗေဒ ပါမောက္ခ ဒေါက်

တာခင်ဖော်အဖြစ် ကျော်ကြားလျက်ရှိလေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀) လောက် ရန်ကုန်တက္ကသိုလ် ရောက်စတုန်းကတော့ သက္ကလတ် ဦးထုပ်၊ ရုပ်အင်္ကျီတိုနံ့နံ့နှင့် တကယ့် တောသူကြီးသားရုပ်...။

ဘယ်ကောင်တွေ ဘယ်လောက်ကြီးသွားကြီးသွား ဗိုလ်ကလေးသားများကို မောင်ကျောက်ခဲက နံ့ပြည်စုတ်လောက်ပဲ ထင်နေမိသည်။ သူတို့ကလည်း မောင်ကျောက်ခဲ ဘာကောင်ကြီးဖြစ်ဖြစ်၊ ပုရွက်ဆိတ်ကလေးလောက်ပဲ အောက်မေ့ကြပေလိမ့်မည်။ အော်... ငယ်သူငယ်ချင်းတွေဆိုတော့လည်း ဘယ်သောအခါမှ ကြီးမသွားသည်မှာ ဓမ္မတာပါပဲ။

"ဒီကောင်တွေ မြို့ကလူတွေ ကားမြင်ဖူးတာမဟုတ်ဘူး၊ ကားကြည့်ချင်ရင် မီးသတ်ရုံးမှာ သွားကြည့် ရတယ်..." ဟု မောင်ကျောက်ခဲက မှိုချိုးမျှစ်ချိုးပြောသလို သူတို့ကလည်း...

"မမြင်ဖူး မှုးမြစ်ထင်ဆိုတာ ဒီကောင်ပေါ့၊ ရေငန်သောက် မြက်ခြောက်စားလေ" ဟု ပယ်ပယ်နယ်နယ် တွယ်ကြသည်။ မောင်ကျောက်ခဲက အလျှော့မပေး။

ဒီကောင်တွေ Geology Fieldဆင်းမှ မီးရထားစီးဖူးတဲ့ကောင်တွေ။ တောင်ဆို မြင်ဖူးတာမဟုတ်ဘူး။ တို့အညာမှာ ရှိတဲ့ "တောင်တွေ" မြင်တော့ ပျော်လိုက်ကြတာ ဆွေ့ဆွေ့ကို ခုန်နေတာပဲဟု လူထုထုကြားမှာ အော်ကြီးဟစ်ကျယ် ချေပပြောဆိုခဲ့သည်။ ယနေ့တိုင် မရိုးနိုင်သောပြက်လုံး။

အမှန်ဝန်ခံရလျှင် မောင်ကျောက်ခဲတစ်ယောက် မီးသင်္ဘောကြီးဖြင့် ရေလမ်းခရီးရှည်ရှည် တစ်ကြိမ်မှ သွားခဲ့ဖူးသူမဟုတ်၊ သူတို့ ဗိုလ်ကလေးကို လိုက်လည်သောအခါမှ တစ်ညလုံး ပျင်းသွားအောင်ကို စီးခဲ့ဖူးရခြင်းဖြစ်သည်။

ကားတွေ စီးခဲ့ရသလို ခုန်ဆွခုန်ဆွလည်းမဟုတ်၊ ရထားစီးခဲ့ရ

သလို ဘယ်ယိမ်းညာယိမ်းလည်းမဟုတ်၊ ဖွားခနဲ ဖွားခနဲ ရေပြင်ကို သင်္ဘောဦးဖြင့်ခွဲကာ တငြိမ့်ငြိမ့်တအိအိ စီးနင်းခဲ့ရသော ရေလမ်းခရီး၏ အရသာကား တစ်မျိုး ထူးခြားခဲ့သည်တော့ အမှန်ပေ…။

ဘူမိဗေဒပညာရပ်သည် ဗိုလ်ကလေးမြို့သားနှင့် ဆွေမျိုးတော်သလားမသိ။ ဗိုလ်ကလေးမြို့သား တော်တော်များများ ဘူမိဗေဒပညာရှင်များ ဖြစ်ကြသည်။ မောင်ကျောက်ခဲတို့ ဘူမိဗေဒဆရာ ပါမောက္ခ ဒေါက်တာ မောင်သိန်းသည်လည်း ဗိုလ်ကလေးမြို့အနီးက မော်လမြိုင်ကျွန်းသား။ ရုပ်ရှင်လောကတွင် တွေ့ရသော ဗိုလ်ကလေးမြို့သား မင်းအုပ်စိုးသည်လည်း ဘူမိဗေဒကျောင်းသားဟောင်း…။ ဆန်စက်လုပ်ငန်းရှင် တင်မောင်ဦးသည်လည်း ဘူမိဗေဒ အဓိက…။ နောက်… မောင်ကျောက်ခဲမသိသော ဘူမိဗေဒ ဗိုလ်ကလေးသားများစွာ ရှိသေးသည်… ဥပမာ – နယ်စပ်စည်ပင်က ကိုစိုးအောင်…။

မောင်ကျောက်ခဲ ရုပ်ရှင်ဖလင်တွေပြတ်ပြီး သားသမီးတွေနှင့် ဒုက္ခရောက်နေချိန် ဗိုလ်ကလေးမြို့သား ဘူမိဗေဒကျောင်းသားဟောင်း (ကို) သိန်းအောင်ကူညီ၍ ဆန်အကြောင်း လုံး၀ နားမလည်ပါဘဲနှင့် ဆန်ကုန်သည်ဘ၀ ရောက်ခဲ့ဖူးလေသည်။ တယ် လွမ်းစရာကောင်း…၊ ကျေးဇူးတင်စရာလည်း ကောင်းလှ…။


ရှေးဘ၀ ဘ၀တွေက ရေစက်တွေကြောင့်ထင်ပါ၏။ ယနေ့ထိ ဗိုလ်ကလေးမြို့သား တစ်ဦးမဟုတ် တစ်ဦးနှင့် မကြာမကြာ ဆုံနေသေးသည်။ အနည်းဆုံး အစ်ကိုလေး (ဗိုလ်ကလေးတင့်အောင်) နှင့် ရုပ်ရှင်အစည်းအရုံးမှာ တစ်လနှစ်ခေါက်လောက်တော့ ဆုံဖြစ်သည်။ (ကို) သိန်းဝင်းနှင့်ကလည်း တစ်ရပ်ကွက်တွင်းမှာ အတူနေကြသလို ဘူမိဗေဒ အဖွဲ့တွေ တွေ့ဆုံဝိုင်းလုပ်တိုင်း တွေ့ဖြစ်ကြသည်။ တယ် ပျော်စရာကောင်း။

"ခင်ရာဆွေမျိုး"... ဆိုသော မြန်မာစကားပုံကား မှန်လေစွ။

ရေခြောက်မြေခြောက်မှာ မွေးခဲ့သော မောင်ကျောက်ခဲ ရေစိုမြေစိုက လူသားများနှင့် ဆွေမျိုးသဖွယ် ခင်မင်ခဲ့ရသည်မှာ အံ့သြဖွယ်ရာပါပေ...။

ဗိုလ်ကလေးသား ဗိုလ်ကလေးတင့်အောင်၏နောက် ဗိုလ်ကလေးဘယ်သူဘယ်ဝါဟူ၍ ပေါ်မလာတာ မောင်ကျောက်ခဲ သတိထားမိသည်။ သူ့လို အသက်ရှည်ရှည်၊ သူ့လို ပျော်ပျော်ပါးပါး၊ သူ့လို အနုပညာသမား ဖြစ်ချင်သည့်အတွက် သူပေးပေး၊ မပေးပေး သူ့ 'ဗိုလ်ကလေး' ဘွဲ့ကို ဖွတ်ယူကာ ကိုယ့်ကိုယ်ကိုယ် သညာပြုလိုက်ပါ၏...။ ဟုတ်ကဲ့... "ဗိုလ်ကလေးကျောက်ခဲ" ဟု ခေါ်ကြပါလေ...။

❐



## ကြေးစည် မောင်ကျောက်ခဲ

မြန်မာတူရိယာများသည် အခြေခံပစ္စည်းငါးမျိုးဖြင့် ဖန်တီးထားကြောင်း မူလတန်းကျောင်းသား အရွယ်များပင် သိကြမည်ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မူလတန်းဖတ်စာတွင် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဖြင့် တူရိယာများကို ဖန်တီးထားကြောင်း ပါဝင်သောကြောင့် ဖြစ်လေသည်။

ထို ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်၊ ပစ္စည်းများမှ "ကြေး" ဂီတတူရိယာသည် မောင်ကျောက်ခဲတို့ လူသားများနှင့် အရင်းနှီးဆုံး တူရိယာဖြစ်လေသည်ဟု အဆိုပြုပါက ငြင်းဆန်သူ နည်းလိမ့်ထည် ထင်ပါသည်။ ဗုဒ္ဓဘာသာဝင်များက ပို၍ ထောက်ခံချက် ပေးကြလိမ့်မည်။

မောင်ကျောက်ခဲအနေဖြင့် မည်သည့် တူရိယာကိုမှ ကျွမ်းကျွမ်းကျင်ကျင် မတီးတတ်သော်လည်း ကြေးစည်ကိုတော့ ကောင်းကောင်း တီးတတ်ခဲ့သည်။

"ဒါများကွာ... လူတိုင်း တီးတတ်တာပေါ့" ဟု ဆိုကောင်းဆိုကြလိမ့်မည်။ ကြေးစည်တီးနည်းကို ခက်သည် ယူဆကြပုံမရ။

တကယ်တော့ ကြေးစည်သံတွင် ခံစားချက်များစွာပါသော ကြောင့် ကြေးစည်ကို ခံစားချက်ဖြင့် တီးတတ်ဖို့လိုသည်ဟုပြောလျှင် "ပေါက်ပေါက်ရှာရှာ ပြောတတ်ပလေ" ဟု မှတ်ချက်ချကြပေလိမ့်မည်။

ပေါက်ပေါက်ရှာရှာ ပြောခြင်းမဟုတ်၊ အကယ်ပင် ခံစားချက်ပါ ပါဖြင့် တီးမှသာလျှင် ကြေးစည်သံ၏ ရသပေါ်လွင်မည် ဖြစ်ပေသည်။

မောင်ကျောက်ခဲ ငယ်စဉ်က တီးခဲ့ဖူးသော ကြေးစည်မှာ အမေကြီး (အမေ၏မိခင်) ဘုရားစင်တွင် ချိတ်ဆွဲထားသော ကြေးစည်ဖြစ်လေသည်။ မောင်ကျောက်ခဲ၏ အစ်ကိုကြီးဖြစ်သူ ကိုကြည်မောင်က ပြောဖူးသည်။

"ကြေးစည်ဆိုတာ နားရွက်ကို မိအောင် ရိုက်ရတယ်ကွ။ ဒါမှ အသံလွင်တာ" ဟု သင်ပေးသည်။ ကလေးဘဝ ကြေးစည်မတီးတတ်တော့ ကြေးစည်၏ အလယ်ဗဟိုကို "လက်ခတ်" ဖြင့် ရိုက်ခဲ့မိသောကြောင့် သင်ပေးခြင်းဖြစ်သည်။ စင်စစ် ကြေးမောင်းဆိုတာမှ အလယ်ဗဟိုကို တီးပေးရခြင်းဖြစ်လေသည်။ အသက်ကြီးလာတော့ လူရွှင်တော်တွေပြောသည့် ကြေးစည်နှင့်ပတ်သက်သော ဟာသစကားများကိုလည်း ကြားလာမိရသည်။

"နားရင်းလည်း နာနာ အရိုက်ခံရသေး၊ အော်လည်း အော်ရသေးတယ်ကွာ။ ကြေးစည်ဘဝ မသက်သာလိုက်တာ..." ဟူသောစကား။

ရွှေမန်းတင်မောင်သီဆိုသော "ရွှေကြေးစည်" သီချင်းကို နားထောင်ကြည့်လျှင် ကြေးစည်၏ အဓိပ္ပာယ်က ပို၍ ပေါ်လွင်လာပြန်သည်။

"စကြဝဠာ ကမ္ဘာမြေမိုး ထိုးဖောက်၍ ကြားရပါပေသည် ရွှေကြေးစည်... ကောင်းတာပြုရင် သုဂတိဌာနေ မသွေမှန် ရောက်ကြပါလိမ့်မည်။ မကောင်းတာပြုကြရင်ဖြင့် ဒုဂတိအပါယေ ဧကန်ရောက်

မည် မလွဲဟု... ရွှေကြေးစည် တီးလို့သတိပေးမည်..." တဲ့။

ကောင်းလိုက်တဲ့အသံ၊ တန်ဖိုးရှိတဲ့စာသား...။ ယနေ့ထိ... ထင်ရှားနေဆဲ...။

ဒီထက် အသက်အရွယ်လေးရလာတော့ လူငယ်တို့သဘာဝ သာရေးနာရေးလုပ်ငန်းများတွင် ပါဝင် ပတ်သက်လာကြရသည်။ တိုက်ပုံလေးတစ်ထည် အရင်းပြု၍ အလှူ့ငွေ၊ မင်္ဂလာဆောင်တွေမှာ ဧည့်ခံလူပျိုသားအဖြစ် ထမ်းရွက်ခဲ့ရသလို နာရေးများတွင်လည်း လက်ဖက်ကမ်း၊ ကြေးစည်ထမ်း တာဝန်တွေ ယူခဲ့ရသည်။ ကြေးစည် အတီးကောင်းသူအဖြစ် မောင်ကျောက်ခဲကို အသုဘရှေ့သွား ကြေးစည်သမားအဖြစ် ခန့်အပ်ထားကြသည်။

"ဦးမည်သူ (သို့မဟုတ်) ဒေါ်အဝှာ၏ နာရေးဈာပန မကြာမီ သုသာန်တစ ပို့ဆောင်တော့မည်ဖြစ်ပါ၍ ကြားကြားသမျှ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ အသုဘအိမ်သို့ ကြွကြပါဗျို့" ဟု ဖိတ်ကြားသည့်ပမာ အသုဘချခါနီး မောင်ကျောက်ခဲနှင့် သူ့သူငယ်ချင်းချိုဝင်းတို့ ကြေးစည်ကို စတင်တီးခတ်လိုက်ကြသည့်အခါ အငိုသန်သောအိမ်ခံတွေရှိလျှင် ကြေးစည်သံနှင့်အပြိုင် အော်ဟစ်ငိုယိုကြလေ၏။ သူတို့တစ်တွေ ငိုသံကို ငဲ့ကွက်ပြီး ကြေးစည်ကို ဆက်မတီး၍ မဖြစ်၊ အသုဘကို လိုက်ပို့မည့် ပရိသတ် နိုးနိုးကြားကြားရှိစေဖို့ ထပ်၍ တီးကြရပြန်သည်။ စိတ်တော့ မကောင်းလှ...။ သို့သော် စီးချက်ကျ၍ အလုပ်ဆက်လုပ်ခဲ့ရသည်။ ဩော်... ကြေးစည်...။

အမေကြီး ဘုရားရှိခိုးမေတ္တာပို့ပြီး အမေကြီးကိုယ်စားဝင်၍ တီးပေးသည့် ကြေးစည်သံက ရလဒ်က တစ်မျိုးဖြစ်၏။ အသုဘ ကြေးစည်သံနှင့်မတူ၊ အသံသေးသော်လည်း ကြားရသူအပေါင်းကို နိုးကြားတက်ကြွစေ၏။ လန်းဆန်းစေ၏။ သာဓုခေါ်စေ၏။

ကြေးစည်သံချင်း အတူတူ ဘာကြောင့် ခံစားချက် မတူကြပါလိမ့်။ မောင်ကျောက်ခဲသည် ကြေးစည် တစ်ခုတည်းကိုပင် နေရာနှစ်မျိုးတွင် တီးခဲ့ရဖူးသည်။ တစ်ခုက ဆွမ်းတော်ကြီးခံပွဲများတွင်ဖြစ်၍ နောက်တစ်မျိုးကတော့ အထက်တွင် ဖော်ပြခဲ့သော ဈာပန အခမ်းအနားတွင် ဖြစ်သည်။

ကြားရသူ လူအများ၏ ခံစားချက်ပေါ်တွင် ခွဲခြား အမည်ပေးပြောရလျှင်တော့ သာစုကြေးစည်သံနှင့် သံဝေဂကြေးစည်သံ ဖြစ်ပေလိမ့်မည်။ ထို ကြေးစည်သံနှစ်မျိုးကို ငယ်စဉ်က များစွာ တီးခတ်ခဲ့ရဖူးသည်။ စန္ဒရားချစ်ဖေ၊ စန္ဒရားလှထွဋ် စသည်၊ ထရမ်းပက်ဝင်းဦး၊ ဂီတာဖေဝင်း၊ ဘင်ဂျိုမောင်မောင်၊ အကော်ဒီယံအုန်းကျော်... စသည့် ကိုယ်ကျွမ်းကျင်ရာ တူရိယာပစ္စည်းကို ရှေ့ကတပ်၍ အမည်ပေးစတမ်းဆိုလျှင် မောင်ကျောက်ခဲကိုလည်း ကြေးစည် မောင်ကျောက်ခဲဟု အမည်ပေးစရာကောင်းလောက်အောင် ရသမြောက်စွာ မောင်ကျောက်ခဲတစ်ယောက် ကြေးစည်များစွာ တီးခတ်ခဲ့ဖူးပါ၏။

အသက်ကြီးလာသောအခါ တီးသူအဖြစ်မှ ကြားသူဘဝ ရောက်ခဲ့ရသည်။ မောင်ကျောက်ခဲတို့ ဒဂုံမြို့သစ် (၃၄) ရပ်ကွက်၊ ယမနေလမ်းတစ်ဝိုက်၊ စနေနေ့ နံနက်တိုင်း သံဃာတော်များ အာရုံဆွမ်းခံပြုတော်မူကြသည်။ သံဃာတော်များ ကြွမလာမီ ကြေးစည်သံ ကြားရတတ်သည်။ ငါးနာရီ အချိန်မှန်မှန် နိုးလာတတ်သော မောင်ကျောက်ခဲသည် ကြေးစည်သံ ကြားရတိုင်း ကြည်နူးစွာဖြင့် 'သာစု' ခေါ်မိလေသည်။

တစ်ခါတစ်ရံမှာမူ နေ့လယ်နေ့ခင်းဘက် ကြေးစည်သံရှည် ကြားရတတ်ပြန်သည်။ For whom the bell tolls... ပေါ့။ အသုဘ ကြေးစည်သံပင်တည်း။ အင်း... အနိစ္စ... အနိစ္စ... အနိစ္စ... မြိခြင်းဟူ၍

မရှိပါတကားဟု သံဝေဂ ရမိလေသည်။

လူသားတော်တော်များများသည် မောင်ကျောက်ခဲကဲ့သို့ ကြေးစည်သံကြားလျှင် ကြည်နူးစိတ်သော်လည်းကောင်း၊ သံဝေဂစိတ်သော်လည်းကောင်း ရကြလိမ့်မည်ထင်ပါ၏။


သို့သော်...

ခွေးများသည် ကြေးစည်သံ၏ အဓိပ္ပာယ်ကို သိဟန်မတူ၊ ကြေးစည်သံ၏ ရသကို ခံစားတတ်ပုံမပေါ်၊ ကြေးစည်သံ၏ တန်ဖိုးကို နားမလည်။ အူတူတူ အတတ အဓိပ္ပာယ်ဖြင့် အူတတ်ကြလေသည်။

သို့ဆိုလျှင် ရွှေမန်းတင်မောင်၏ ရွှေကြေးစည်သီချင်းကို အဘယ်မှာ ခံစားတတ်နိုင်ပါမည်နည်း...။ ခက်လေစွ...။

"ရွှေကြေးစည်... ရွှေကြေးစည်... ရွှေကြေးစည် ရိုက်ခတ်လို့ တီးသံကြားလိမ့်မည်။ အမိုက်ဇာတ်တွေ သိမ်းကြဖို့အတွက် အကျိုးမျှော်ကာ နှိုးဆော်ပါရသည်..."

❐



# ရတနာပုံ မောင်ကျောက်ခဲ

"ရတနာပုံ" တဲ့။ တော်တော့်ကိုလှတဲ့ နာမည်လေးပါပဲ။

လှလည်းလှပ၊ ခံ့လည်းခံ့ညား၊ ထူးလည်း ထူးခြားတယ်လို့ ပြောရမယ့် နာမည်ပါပဲ။ ခံ့ညားတာလည်း မပြောနဲ့။ ဒီနာမည်လေးကို ဝတ္ထုတစ်ပုဒ်အဖြစ် ဖန်တီးပေးခဲ့တဲ့ သူတို့က... မန္တလေးမြို့သား ဆရာကြီး ရွှေဥဒေါင်းပါ။ သည်တော့... 'ခွန်အား' လည်း ရှိသွားပြန်ပါလေရော။

ဒီလောက်ကောင်းတဲ့နာမည်ကို မောင်ကျောက်ခဲရဲ့ ရှေ့မှာထားပြီး "ရတနာပုံ မောင်ကျောက်ခဲ" လို့ ခေါင်းစဉ်တပ်လိုက်ကတည်းက မောင်ကျောက်ခဲတစ်ယောက် အမှီကောင်း သဟဲကောင်းကို ဘယ်လောက် အားကိုးသလဲဆိုတာ မြင်လောက်ပြီထင်ပါရဲ့...။

မလိုတဲ့သူတွေကတော့ ပြောပါလိမ့်မယ်။ "ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်တဲ့ စိတ်ဓာတ်မျိုး မရှိတော့ အမှီကောင်း ရှာမှာပေါ့" ရယ်လို့...။

ဆတ်ဆတ်ထိမခံတတ်တဲ့ မောင်ကျောက်ခဲကြီးကလည်း ပြန်ပြောပါလိမ့်မယ်ခင်ဗျ။ "ဟော့ ဘုရားတောင် အမှီရှိမှ ပွင့်ရတာကွ...၊ ကဆုန်လပြည့်နေ့တိုင်း ညောင်ရေသွန်းနေရတာကိုပဲကြည့်" ရယ်လို့။

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မောင်ကျောက်ခဲတစ်ယောက် သူ့ကိုယ်သူ 'ရတနာပုံ မောင်ကျောက်ခဲ' လို့ ကင်ပွန်းတပ်လိုက်ပါပြီခင်ဗျာ။

'ရတနာပုံ မောင်ကျောက်ခဲ' ဆိုလို့ သူ့ကို မန္တလေးမြို့ကြီးသားလို့ မထင်လိုက်ကြပါနဲ့။ မန္တလေးမြို့တော်ကြီးကို ၁၃-၄ နှစ်သားကြမှ ရောက်ဖူးတဲ့သူပါ။ မန္တလေးမပြောနဲ့၊ ရွှေဘိုမြို့ကိုတောင် ၅ နှစ်သားကျော် အရွယ်ကြမှ ရောက်ဖူးတဲ့ တောသားပါ။ ရွှေဘိုတောင်ဘက် လေးမိုင်လောက်ဝေးတဲ့ ရွာကလေးတစ်ရွာမှာ မွေးတဲ့ ကျေးတောသားလေးပါ။

သည်ကျေးတောရွာသားလေးက ရာရာစစ "ရတနာပုံ မောင်ကျောက်ခဲ" ရယ်လို့ အမည်သညာ ပေးလိုက်တာနဲ့ ပတ်သက်ပြီး အစာမကျေသူတွေကို ရှင်းပြပါရစေ။ ဘာ့ကြောင့် 'ရတနာပုံ မောင်ကျောက်ခဲ' လို့ ခေါ်ရတဲ့အကြောင်း။

သည်အကြောင်းပြောရရင် လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်နီးပါး အတိတ်ကာလကို ပြန်ပြောင်းပြောမှ ရနိုင်မယ်ထင်ပါတယ်။ ၁၉၅၈ ခုနှစ်လောက်ကပေါ့။ မောင်ကျောက်ခဲ ၁၃-၄ နှစ်သားအရွယ်မှာပါ။

မောင်ကျောက်ခဲမှာ အစ်ကိုနှစ်ယောက်၊ အစ်မတစ်ယောက်၊ နှမတစ်ယောက် ရှိပါတယ်။ ၁၉၅၈ ခုနှစ်မှာ မောင်ကျောက်ခဲရဲ့အစ်ကိုနှစ်ယောက်စလုံးက ၁၀ တန်းကို တစ်နှစ်တည်း တစ်ပြိုင်နက် အောင်ခဲ့ကြပါတယ်။ အဲ့ဒီခေတ်က ၁၀ တန်းအောင်ဖို့ဆိုတာ တော်တော့်ကို ခက်ပါတယ်။ လူ ၁၀၀ မှာ ၁၀ ယောက်အောင်ဖို့တောင် မလွယ်တဲ့ခေတ်ပါ။ အဲ့ဒီလို ခေတ်မျိုးထဲမှာ မောင်ကျောက်ခဲရဲ့အစ်ကို နှစ်ယောက်စလုံး တစ်နှစ်တည်း တစ်ပြိုင်တည်း အောင်တာဆိုတော့ ဂုဏ်ယူပျော်ရွှင်စရာကြီးပေါ့ဗျာ...၊ ဒါပေမဲ့...။

ဒါပေမဲ့ မောင်ကျောက်ခဲအဖေ မပျော်နိုင်ပါဘူးခင်ဗျာ။ ဒီသား နှစ်ယောက် တက္ကသိုလ်ကျောင်းထားဖို့စရိတ် ဘယ်လို ရှာရပါ့မလဲဆို တာ စဉ်းစားရင်း ညည အိပ်လို့တောင် မပျော်ရှာခဲ့ပါဘူး။

ကြွားတယ်လို့တော့ မထင်ကြပါနဲ့။ အဲ့ဒီအချိန်မှာ မောင်ကျောက် ခဲတို့မိသားစု ချမ်းသာကြွယ်ဝလိုက်ပုံမှာတော့ အစ်ကိုနှစ်ယောက်စလုံး စာမေးပွဲအောင်စာရင်း ရေဒီယိုက ကြော်ငြာတာနားထောင်ဖို့ အိမ်မှာ ရေဒီယိုမရှိလို့ ရပ်ကွက်လူကြီးတစ်ယောက်အိမ်မှာ သွားပြီး နားထောင်ခဲ့ ကြရပါတယ်။ အဲ့ဒီတုန်းက ၁၀ တန်းအောင်စာရင်းကို ရေဒီယိုက ကြော်ငြာပေးပါတယ်ခင်ဗျ။ အင်္ဂလိပ်လိုနော်၊ အဆင့်မြင့်သလား မမေး နဲ့။

ဆယ်တန်းစာမေးပွဲအောင်စာရင်း အဆင့်မြင့်ပေမဲ့ မောင်ကျောက် ခဲတို့မိသားစုကတော့ အဆင့်မြင့်တဲ့ အတန်းအစားထဲမှာ မပါခဲ့ပါဘူး။ စားဝတ်နေရေးအတွက် ရုန်းရုန်းကန်ကန်၊ လှုပ်လှုပ်ရှားရှား နေခဲ့ကြရ သူတွေပါ။

ဒါပေမဲ့ မောင်ကျောက်ခဲအဖေနဲ့ မောင်ကျောက်ခဲ အစ်မကြီးက မဖြစ် ဖြစ်အောင် တက္ကသိုလ်ကျောင်းပို့မယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အဖေနဲ့အစ်မ ကျေးဇူးကြောင့် မောင်ကျောက်ခဲ အစ်ကိုနှစ်ယောက် တက္ကသိုလ်တက်ခွင့် ရခဲ့ကြပါတယ်။ မန္တလေးတက္ကသိုလ်ပေါ့။

မောင်ကျောက်ခဲက ငယ်သေးတော့ လူကြီးတွေရဲ့ အပူအပင်ကို သိပ်မသိလှပါဘူး။ ဘဝကို ပေါ့ပေါ့ပါးပါးပဲ ဖြတ်သန်းလာခဲ့ပါတယ်။ ပျော်တဲ့အခါလည်း ကျောင်းတက်၊ ပျင်းတဲ့အခါလည်း ကျောင်းလစ်၊ ဦးအောင်ဖေယျ အမွေပေးခဲ့တဲ့ ဥယျာဉ်တော်ရှာက ထန်းတောကြီးနဲ့ မဟာနန္ဒာ ကန်တော်ကြီးကလည်း ရှိနေသမို့ ရေကူးလိုက်၊ ထန်းရည် သောက်လိုက်နဲ့ပေါ့ဗျာ...၊ လိမ္မာလိုက်တဲ့ မောင်ကျောက်ခဲ။

ဒီ့ထက်ဒီ ခြေဆန့်ချင်လာပြီ ဆိုတဲ့အခါမှာတော့ မန္တလေးတက္က သိုလ်မှာ ကျောင်းတက်နေကြတဲ့ အစ်ကိုတွေဆီ မောင်ကျောက်ခဲတစ်ယောက် အလည်အပတ် ထွက်လေ့ရှိခဲ့တယ်ဗျ။ အစ်ကိုတွေနေတဲ့ အဆောင်က 'ရတနာပုံဆောင်' တဲ့။

အဲ့ဒီမှာပဲ မောင်ကျောက်ခဲတစ်ယောက် ရတနာပုံ ဆိုက်ခဲ့ရပါတယ်။ အစ်ကိုတွေရဲ့ ခုတင်ပေါ်မှာ တက်အိပ်၊ အစ်ကိုတွေနဲ့ အတူလိုက်စား၊ တစ်ခါတစ်ခါ အစ်ကိုတွေရဲ့ သူငယ်ချင်း တစ်ဦးဦး အိမ်ပြန်သွားရင် သူ့နေရာမှာအိပ်၊ သူ့နေရာမှာစား ကြီးပွားချင်တိုင်း ကြီးပွားနေခဲ့တဲ့ မောင်ကျောက်ခဲပါပဲ။ ကိုယ်ကသာ ခုနစ်တန်းပဲ ရောက်သေးတယ်၊ တက္ကသိုလ်ကျောင်းသားတစ်ယောက်လို နေလာခဲ့ရတဲ့ နေရာကတော့ မန္တလေးတက္ကသိုလ် ရတနာပုံဆောင်မှာပါ။

မောင်ကျောက်ခဲ နှစ်ပေါင်း ၆၀ နီးပါးရောက်တဲ့အထိ မမေ့နိုင်တဲ့ အရာတစ်ခုကတော့ သူ့အစ်ကိုကြီးရဲ့ အခန်းထဲက စာကြည့်စားပွဲကြီး ဖြစ်ပါတယ်။ အဲဒီ့ စာကြည့်စားပွဲကြီး နှုတ်ခမ်းတစ်လျှောက်မှာ စန္ဒရား ခလုတ်ပုံစံ အကွက်ကလေးတွေ အစီအရီ ဖောင်တိန်မင်နဲ့ ရေးဆွဲထားတာ တွေ့ရပါတယ်။ တကယ့် စန္ဒရားခလုတ်တွေ အတိုင်းပါပဲ။ ကြားသံ ခလုတ်အမည်းတွေလည်း ထည့်ထားပါသေးတယ်။

မနက်မနက် အဲ့ဒီ စန္ဒရားသံကြောင့် မောင်ကျောက်ခဲ အိပ်ရာက လန့်လန့်နိုးရပါတယ်။ စန္ဒရားသံတင် မဟုတ်ဘူးခင်ဗျ၊ မောင်ကျောက်ခဲ အစ်ကိုကြီးရဲ့ တေးဆိုသံပါ တွဲပါလာပါတယ်။

"စည်းနဲ့ဝါး... စည်းနဲ့ဝါး... တိန်ပူနယ်ဖြောင်... တိန့်ပူနယ်ဖြောင်..."

"တံတျာတေရှင်... ထံတျာတေရှင်... တေပူနယ်ဖြောင်...တိန့်ပူနယ်ဖြောင်..."

"ဒလု... ဒလု... ထုံ ချန့် ချန့်... တိန်ပူနယ် တိန်ပူနယ် တိန် ပူ နယ် ပူနယ်..."

အလန့်တကြား ခြင်ထောင်ကို မပြီး စားပွဲဆီကို ကြည့်လိုက်တော့ မောင်ကျောက်ခဲရဲ့ အစ်ကိုကြီးဟာ စားပွဲပေါ်မှာ ရေးထားတဲ့ စန္ဒရားခလုတ်တွေကို လက်နဲ့နှိပ်ရင်း ပါးစပ်ကအော်နေတာ ဖြစ်ပါတယ်။ ရတနာပုံကျောင်းဆောင်တစ်ဆောင်လုံး မောင်ကျောက်ခဲ အစ်ကိုကြီးရဲ့ ပါးစပ် စန္ဒရားသံနဲ့ စီစီညံလို့ နေပါတော့တယ်။ ဆိုတဲ့ သီချင်းသံကလည်း သူ့ပါးစပ်က ထွက်တာဖြစ်သလို စန္ဒရားသံကလည်း သူ့ပါးစပ်ကပဲ ထွက်လာတာဖြစ်ပါတယ်။

စန္ဒရားခလုတ်တွေကို သူ့လက်က လိုက်နှိပ်ပေမဲ့ အသံမထွက်ပါဘူးခင်ဗျာ။ သစ်သားကို လက်နဲ့ထောက်တဲ့ အသံလောက်ပဲ တစ်ခါတစ်ခါ ထွက်လာလေ့ရှိပါတယ်။

မောင်ကျောက်ခဲ အစ်ကိုကြီးဟာ ဂီတဝါသနာ ပါတာကြောင့် မန္တလေး ပန်တျာ ညနေ စန္ဒရားတီး သင်တန်းကို သွားတတ်လေ့ရှိပါတယ်။ လေ့ကျင့်ဖို့ စန္ဒရားမပြောနဲ့၊ ဝါးပတ္တလားလေးလောက်တောင် မဝယ်နိုင်ရှာလို့ စန္ဒရားလက်ကွက်တွေကို စားပွဲခုံအစွန်းမှာ ရေးပြီး လေ့ကျင့်နေခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့ ရတနာပုံကျောင်းဆောင် နှစ်ပတ်လည် ညစာစားပွဲကျရင် ရတနာပုံ ရုပ်ရှင်ဇာတ်ကားနဲ့ ခေါင်းစီးတေးဖြစ်တဲ့ 'ရတနာပုံ' သီချင်းကို စန္ဒရားတီး ဖြေဖျော်မယ်ရယ်လို့ ယုံကြည်ချက် အပြည့်အဝနဲ့ တစ်ဆောင်တည်းနေ အပေါင်းအသင်းတွေကို သူက ကတိပေးထားခဲ့ပါတယ်။ ဒါပေမဲ့ မောင်ကျောက်ခဲ တစ်လတစ်ခါ၊ နှစ်လတစ်ခါ ရတနာပုံဆောင်ကို ရောက်တိုင်းရောက်တိုင်း ရတနာပုံသီချင်းကို မကြားရဘဲ ဒလု ဒလု ချန့် ချန့် ဆိုတဲ့ အဆင့်မှာပဲ အစ်ကိုကြီးက မြောနေပါတော့

တယ်။ အော်... ရတနာပုံနဲ့ ဝေးခဲ့ရတဲ့ အစ်ကိုကြီးကို သတိရနေရင်းနဲ့...

ဆရာကြီး ရွှေဥဒေါင်းရဲ့ "ရတနာပုံ" ဝတ္ထု၊

အေဝမ်းမောင်တင်မောင် ရိုက်ကူးခဲ့တဲ့ "ရတနာပုံ" ရုပ်ရှင်ကား။

အလင်္ကာကျော်စွာ ရွှေပြည်အေး ရေးစပ်ခဲ့တဲ့ "ရတနာပုံ" တေးသီချင်း။

မန္တလေးတက္ကသိုလ်ရဲ့ ရှေးအကျဆုံး "ရတနာပုံ" အဆောင်၊

ဒီထင်ရှားမှုတွေကို မှီပြီး မောင်ကျောက်ခဲတစ်ယောက် ဆင်ဖြူတော်မှီပြီး ကြံစုတ်သလို သူ့အမည်နာမရဲ့ရှေ့မှာ "ရတနာပုံ" ထည့်သွင်းခေါ်ဆိုလိုက်ရခြင်းဖြစ်ပါတယ်။ ကလေးဘဝမှာ စတင် တွေ့ဆုံခဲ့ရတဲ့ ရတနာပုံ မြို့တော်ကြီးကိုပဲ အမှတ်တရဖြစ်နေတဲ့ သဘောပါပဲ။

ရတနာပုံ မောင်ကျောက်ခဲလို့ ခေါ်နိုင်ပါတယ်ခင်ဗျ။

ဒါမှ မကျေနပ်သေးဘူးဆိုရင်လည်း မင်းတုန်းမင်းတရားကြီးရဲ့ ပြည်သုံးငွေ ဒင်္ဂါးထဲမှာ ပါတဲ့အတိုင်း "ရတနာပုံမ် မောင်ကျောက်ခဲ" ... ဒါမှမဟုတ်သေးဘူးဆိုရင်လည်း သာသနာပိုင်ဆရာတော်ကြီး အသုံးပြုသလို "ရတနာပုဏ်ဏ မောင်ကျောက်ခဲ" လို့ ကဗ္ဗည်းမော်ကွန်း တင်နိုင်ပါကြောင်း ကြေညာမောင်းခတ်လိုက်ရပါတယ်ခင်ဗျား...။

❒

# သစ်မျိုးသစ်နွယ် မောင်ကျောက်ခဲ


သစ်မျိုးသစ်နွယ်ဟူ၍ "သစ်ပင်သစ်သား" နှင့် ဆက်စပ်အမျိုးတော်သူမှာ သူကောင်းသားကြီး မောင်ကျောက်ခဲ ဖြစ်လေသည်။

'သစ်' နှင့် 'ကျောက်ခဲ' မစပ် စပ်မိအောင် ဆက်စပ်၍ 'သစ်မျိုးသစ်နွယ် မောင်ကျောက်ခဲ' ဟူ၍ မည်သို့နှယ် အမည်ခေါ်ဆိုရပါသနည်း။ မဆီလေးရယ်တဲ့မှ အိုမဆိုင်၊ သစ်သားနှင့် ကျောက်ခဲ တခြားစီပါတကား။

သစ်ပင်သစ်သားဆိုသည်က အသက်ရှိသည်ဟု ယူဆနိုင်သည်။ မျိုးစေ့လေးမှသည် အပင်ပေါက်၊ အပင်ပေါက်မှ သစ်ပင်ငယ်၊ သစ်ပင်ငယ်မှ သစ်ပင်ကြီး စသည်ဖြင့်... လူတို့နှယ် အရွယ်ကြီးမားလေ့ရှိသည်။ ကျောက်ခဲကတော့ ငယ်ရာမှ ကြီးသည်ဟူ၍မရှိ။ ကြီးရာမှသေးကာ နောက်ဆုံး သဲမှုန်၊ ဖုန်မှုန့်ဘဝ ရောက်ရသည် မဟုတ်ပါလား။ သို့သော်...။

သို့သော် တစ်ခါတစ်ခါ ဆန့်ကျင်ဘက်အရာတို့ ပေါင်းစည်းသွားသည့်အချိန်တွင် ထူးထူးခြားခြား အခြေအနေတစ်ရပ်တော့ ပေါ်ထွက်လာလေ့ရှိပါ၏။ ဆိုကြပါစို့... အလွန်မာကျောသော စိန်တို့၊ ပတ္တမြားတို့လို ကျောက်ကို 'ဂွမ်း' ပေါ်တွင် ထင်ရှားပြသည့်အခါမျိုးဆိုပါတော့။

နူးညံ့သောဂွမ်းနှင့် မာကျောသောကျောက်တို့ ပေါင်းစည်းသောအခါ ထူးခြားလှပသော အကြောင်းအရာတစ်ရပ် ပေါ်လာတတ်သည်



မဟုတ်ပါလော။

မောင်ကျောက်ခဲသည်လည်း ထိုကဲ့သို့ပင် ဖြစ်ပါ၏။ အညာသား မောင်ကျောက်ခဲသည် အောက်ပြည်အောက်ရွာသူ 'မဂွမ်းပုံ' နှင့် ဖူးစာဆုံပြီး အိမ်ထောင်တစ်ခုကို တည်ဆောက်ခဲ့လေသည်။ မောင်ကျောက်ခဲက မြေသားနှင့် ကျောက်ခဲ ပညာရပ်ကို လေ့လာဆည်းပူးလာသူဖြစ်သော်လည်း မဂွမ်းပုံကတော့ သစ်လုပ်ငန်းတွင် အလုပ်လုပ်နေသူ။

မောင်ကျောက်ခဲနှင့် အိမ်ထောင်ကျတော့ မဂွမ်းပုံက သစ်လုပ်ငန်းရုံးချုပ်တွင် အလုပ်လုပ်လျက် ရှိနေပြီ။ မောင်ကျောက်ခဲက ဘွဲ့ရပြီးသော်လည်း သူနှင့်ဆိုင်သော သတ္တုတွင်းဌာနဘက်သို့မသွား။ မိန်းမရှိသောရန်ကုန်မှ တစ်ဖဝါးမှ မခွာချင်သောကြောင့် ဆောက်လုပ်ရေး မြေစမ်း သုတေသနရုံးတွင် နေ့စားဝန်ထမ်းအဖြစ် ဝင်လုပ်ခဲ့ရသည်။ လင်မယားနှစ်ယောက်၊ အိုးမရှိအိမ်မရှိ၊ စုဆောင်းငွေမရှိ၊ အပူအပင်လည်း မရှိ၊ အနာဂတ်ကိုလည်း မစဉ်းစား။

အိမ်ထောင်ဦးဆွမ်းကျွေးတော့... မဂွမ်းပုံ၏ မိတ်ဆွေများဖြစ်သော သစ်လုပ်ငန်းရုံးက ကိုတင်ရှိန်နှင့် ကိုစိန်ဟန်တို့ မုန့်ဟင်းခါးချက်ကြသည်။ မင်္ဂလာပွဲလာ ဧည့်ပရိသတ်များက အတော် ချီးကျူးကြ၏။ တူးစော်နံသောကြောင့်...။

ဤသို့ဖြင့် မောင်ကျောက်ခဲသည် သစ်မျိုးသစ်နွယ်ဘဝသို့ ရောက်ခဲ့သည်။ 'သစ်' ဆိုသည်မှာ မြန်မာနိုင်ငံ၏ သင်္ကေတဖြစ်သည်။ ဂုဏ်ယူစရာတစ်ခုလည်းဖြစ်သည်။ အဲ နောက်ပြီး... သစ်နှင့်ပတ်သက်ပြီး ကြီးပွားချမ်းသာသူတွေ အလွန်များသည်။

မောင်ကျောက်ခဲမှာမူ မဂွမ်းပုံနှင့်ပတ်သက်၍ သစ်မျိုးသစ်နွယ်ဖြစ်ခဲ့သည့်တိုင် ဘာမှ ကြီးပွားချမ်းသာခြင်းမရှိ။ တိုးတက်ထွန်းကားခြင်းလည်း မရှိ။ အဲ... ဇနီးမောင်နှံနှစ်ဦး တက်ညီလက်ညီ ကြိုးစားခဲ့ကြ

၍ စုမိဆောင်းမိတာတစ်ခုတော့ ရှိသည်။ တခြားမဟုတ်၊ အိမ်ထောင်သက် (၇) နှစ်အတွင်း သားသမီးလေးဦး ထွန်းကားစုဆောင်းမိခြင်းပင် ဖြစ်လေတော့သည်။... သစ်မျိုးသစ်နွယ်တွေပေါ့လေ...။ အင်း...။

သစ်နှင့်ပတ်သက်ပြီး ကြီးပွားသူများထဲတွင် မောင်ကျောက်ခဲတို့ ဇနီးမောင်နှံ မပါဝင်သော်လည်း 'သစ်' ကျေးဇူးက မကင်းပါ။

သစ်လုပ်ငန်းတွင် အလုပ်လုပ်နေသော ဇနီး မငွမ်းပုံထံမှ ရုံးသူရုံးသားများ၏ ဘ၀၊ ရုံးသူ ရုံးသားများ၏ ရှန်းကန်မှုနှင့် နေကြထိုင်ကြ ရုံးတက်ကြရသည့် အခြေအနေများကို ဒါရိုက်တာပေါက်စ မောင်ကျောက်ခဲ မကြာမကြာ ကြားရလေ့ရှိသည်။ ထိုခံစားချက်များကို အခြေခံ၍ ရုံးတွင်းဇာတ်လမ်းတစ်ပုဒ် ဖန်တီးခဲ့သည်။ 'လူပျိုကြီးကိုဖိုးစွံ' အမည်ဖြင့် ညွန့်ဝင်း၊ ခင်သန်းနုတို့နှင့် ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးဖြစ်ခဲ့သည်မှာ သစ်မျိုးသစ်နွယ်ဖြစ်ခဲ့ရသည့် ကျေးဇူးဆိုက မမှားပါချေ။

သစ်နှင့်ပတ်သက်ပြီး ကြီးပွားချမ်းသာခြင်းမရှိသည်မှာ မှန်သော်လည်း သစ်ကျေးဇူးကတော့ မကင်းခဲ့။

ရုပ်ရှင်လုပ်ငန်းတွင် ရိုးရိုးသားသား ကြိုးကြိုးစားစား ဝါသနာအရင်းခံ ကြိုးစားခဲ့သောကြောင့် မောင်ကျောက်ခဲတို့မိသားစု စမ်းချောင်းကျွန်းတောလမ်းတွင် အိုးပိုင်အိမ်ပိုင်လေးနှင့် နေနိုင်ခဲ့သည်။ သို့သော် ကျွန်းတောလမ်းကြီးကို ချဲ့ပြီး ကားကြီးတွေ အသွားအလာ များသောအခါ မောင်ကျောက်ခဲ စိတ်ညစ်လာသည်။ ကိုယ့်ဝင်း ကိုယ့်ခြံသစ်သားအိမ်လေးနှင့် သစ်ပင်စားပင်ရိပ်ကလေးအောက်တွင် အေးအေးဆေးဆေး နေထိုင်လိုစိတ် ပေါက်လာသည်။

ထိုစဉ်မှာပင်... နိုင်ငံတော်အစိုးရက ဝန်ထမ်းများအား မြေကွက်လပ်များ နေရာချပေးလာသည်။ သို့သော် မငွမ်းပုံမှာ ဝန်ထမ်းသက်မပြည့်၊ မြေရနိုင်သော အခွင့်အရေးမရှိ။ နောက်ပြီး သမီးလေးတွေ

အသက်အရွယ်ရလာပြီဖြစ်၍ ရုံးမှ ပင်စင်ယူခဲ့လေပြီ။

သို့သော် မဂ္ဂမ်းပုံ၏အစ်ကိုမှာ မြေကွက်တစ်ကွက် ရထားသည်။ ထိုမြေကွက်က အလွန်ချောင်ကျသောနေရာတွင်ရှိပြီး လမ်းကလည်း မကောင်း၊ ရွံ့တွေ ဗွက်တွေ မြက်ရိုင်းတွေကြားမှာ ဖြစ်သည်။ ကျွန်းတောလမ်းအိမ်ကို ငြီးငွေ့လာသော မောင်ကျောက်ခဲတို့ ဇနီးမောင်နှံ မြောက်ဒဂုံ အကွက် ၃၄ မှ မြေကွက် ၁၁၉ ကို သွားကြည့်ကြသည်။ ပေ ၆၀ × ပေ ၄၀။

မက်မောစရာ မရှိလှသော်လည်း မဂ္ဂမ်းပုံအစ်ကိုကြီးက မြေကွက်ပြန်အပ်တော့မည်ဆိုသောကြောင့် မောင်ကျောက်ခဲတို့ ထိုမြေကွက်ကလေးကို မဖြစ်မနေ ယူလိုက်ကြရသည်။ ကျွန်းတောလမ်းအိမ်ထက် စာလျှင်တော့ အသက်ရှူချောင်လိမ့်မည်။ လေကောင်းလေသန့် ရလိမ့်မည်ဟု… ယုံကြည်မိကြသည်။

ထိုယုံကြည်ချက်ကြောင့် ရွံ့ထဲရေထဲ ချိုင့်ခွက်တွေထဲတွင် အိမ်ကလေးကို အကောင်အထည် ဖော်လိုက်ကြသည်။

အိမ်ကလေး ဆောက်ပြီးသည့်တိုင် မောင်ကျောက်ခဲ၏ ပတ်ဝန်းကျင်သည် စိုပြည်မလာခဲ့ချေ။ အိမ်ကလေးပေါ်မှ အနောက်ရပ်ဆီသို့ မျှော်ကြည့်လိုက်လျှင် ရေတွေ ပြည့်လျှမ်းနေသော ကိုင်းတောကွင်းပြင်ကြီးကို တွေ့ရတတ်သည်။ ရေကြက်တွေ၊ ငှက်တွေ၊ မြွေတွေ၊ ကြွက်တွေ၊ ငါးရှဉ့်တွေ ပေါများသည့်နေရာ။

သို့သော် မောင်ကျောက်ခဲက လတ်ဆတ်သောလေ ရှူရခြင်းကို ကြည်နူးကျေနပ်နေခဲ့သည်။

နောက်ဆုံး မောင်ကျောက်ခဲမြေကွက်နှင့် ကပ်လျက်ရှိသော ထောင့်ကွက်လေးကို ပိုင်ရှင်လယ်သမားက ရောင်းချင်သည်ဟု ဆိုလာသည်။ မောင်ကျောက်ခဲတို့ ဇနီးမောင်နှံ ရှိရှိသမျှလေးတွေ ကုတ်ခြစ်၍

ဝယ်လိုက်သည်။

ပေ ၆၀ × ပေ ၇၀ မြေကွက်ပိုင် သစ်မျိုးသစ်နွယ်ကြီးဘဝကို မောင်ကျောက်ခဲတို့ ရောက်ခဲ့ကြလေပြီ။ နောက်ဆုတ်၍ မဖြစ်တော့။

မောင်ကျောက်ခဲမြေကွက် အနောက်ဘက် ကိုင်းတောထဲမှာ မီးစုန်းတွေ၊ သရဲတွေရှိသည်ဟု ပြောသူက ပြောကြသည်။ မြွေတွေ၊ ကင်းပုစွန်တွေ၊ ငှက်ဆိုးတွေရှိသည်ဟု ပြောသူက ပြောကြသည်။ သရဲပဲရှိရှိ၊ မီးစုန်းပဲရှိရှိ၊ မြွေနဂါးတွေပဲရှိရှိ… မောင်ကျောက်ခဲတို့ နောက်ဆုတ်၍မရပြီ။ မြောက်ဒဂုံသစ်လုပ်ငန်းကွက် ၃၄ တွင် မောင်ကျောက်ခဲတို့ မိသားစု အခိုင်အမာ အခြေစိုက်ခဲ့ကြလေပြီ။

ယခုတော့ အားလုံး ပြောင်းလဲခဲ့ချေပြီ။ တစ်ချိန်က မောင်ကျောက်ခဲအိမ်သို့ လာသူများသည် မောင်ကျောက်ခဲ၏ အိမ်ကို အမှိုက်ပုံကြီးနားမှာ ရှိတယ်လေဟုလည်း ပြောကြသည်။ ရေစင်ကြီးဘေးမှာလေဟုလည်း ညွှန်ကြသည်။ ကိုင်းတောရေကန်ကြီးနားမှာ ရှိတယ်ဟူ၍လည်း လမ်းပြကြသည်။ ယခုတော့ အားလုံးလွဲချော်လေပြီ။

လွှဲလွှဲလေးပဲ ကောင်းပါတယ်ဟု ထင်ကောင်းထင်ကြပေမည်။ သို့သော် မောင်ကျောက်ခဲကတော့ ဟိုစဉ်က သင်္ကေတများကို လွမ်းနေဆဲဖြစ်ပါ၏။ လမ်းတွေ ကောင်းလာသည်နှင့်အမျှ ကားတွေ အဖြတ်အသန်းများလာသလို ကားဟွန်းသံတွေကလည်း ဆူညံလာသည်။

တိုက်တာအိမ်ခြေတွေများ၍ စည်ကားလာသည်နှင့်အမျှ အသက်ရှုကျပ်စရာတွေ ဖြစ်လာသည်။ ဧပြီလကြလျှင် ရေတွင်းရေတွေ ခန်းခြောက်စပြုလာသည်။

အိမ်ဈေးမြေဈေးတွေ တရိပ်ရိပ်တက်လာ၍ ဝမ်းသာကျေနပ်ရမည့်အစား အိမ်မဲ့မြေမဲ့ဘဝ ပိုင်ရှင်များအတွက် ရင်လေးလာသည်။ မောင်ကျောက်ခဲသည်လည်း တစ်ချိန်က မြေမရှိ၊ အိမ်မရှိဘဝမှာ အား

ငယ်ခဲ့ရဖူးသည် မဟုတ်ပါလော။

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ... သစ်မျိုးသစ်နွယ် မောင်ကျောက်ခဲကတော့ အချို့က 'သစ်တောကွက်' ဟု ခေါ်ဆိုကြသော မြောက်ဒဂုံ ၃၄ ရပ်ကွက်တွင် တကယ့် ဓားမဦးချနေထိုင်သူအဖြစ် ခိုင်ခိုင်မြဲမြဲ နေထိုင်လျက်ရှိလေပြီ။

သစ်လုပ်ငန်းရပ်ကွက် ဖြစ်သည်နှင့်အညီ ရပ်ကွက်လမ်းအမည်များကို သစ်အမည်များဖြင့် မှည့်ခေါ်ထားသည်။ ဥပမာ–ကျွန်းရွှေဝါလမ်း၊ ပိတောက်မြိုင်လမ်း၊ သင်းဝင်လမ်း၊ ယမနေလမ်း... စသည်ဖြင့် ခေါ်ဆိုကြသည်။ လမ်းအမည်နှင့် လိုက်ဖက်အောင် သက်ဆိုင်ရာ အပင်များကိုလည်း စိုက်ပေးခဲ့သည်။

မောင်ကျောက်ခဲတို့လမ်းမှာ ယမနေလမ်းသွယ် ဖြစ်သောကြောင့် မောင်ကျောက်ခဲ၏ အိမ်တည်ရာ ယမနေ (၂) လမ်းနှင့် ယမနေ (၃) လမ်းထောင့်တွင် ယမနေပင်တစ်ပင် စိုက်ပေးထားခဲ့သည်။

ယခုအချိန် ၃၄ ရပ်ကွက်ကို ကြည့်လိုက်လျှင် ယခင် မြေပိုင်ခဲ့ကြသူများလည်း တစ်စတစ်စ ရောင်း၍ စွန့်ခွာသွားကြသလို လမ်းအမည်နှင့်လိုက်ဖက်အောင် စိုက်ပေးခဲ့သော သစ်ပင်များသည်လည်း တော်တော်များများ မရှိကြတော့ပြီ။ သို့သော်...။

သို့သော် သစ်လုပ်ငန်းနှင့် လုံးဝမဆိုင်ဟု ထင်ခဲ့ရသော မောင်ကျောက်ခဲတစ်ယောက် တစ်စတစ်စ ကြီးထွားလာသော ယမနေပင်ကြီးအား ပြုစုစောင့်ရှောက်ရင်း သည်ရပ်ကွက် သည်သစ်ပင်တွေကြားမှာ **သစ်မျိုးသစ်နွယ်**ပီပီ ရှင်သန်နေဆဲ...၊ ဇနီးသည်နှင့်အတူ လမ်းလျှောက်နေဆဲ...၊ သားသမီးများနှင့် ပျော်ရွှင်နေဆဲ...၊ မိတ်ဆွေများနှင့် တွေ့ဆုံနေဆဲ... ဆဲ... ဆဲ...။

❒



## ကျားကြီးကျောက်ခဲ

ကျားကြီးဗဆွေတို့၊ ကျားဘညိန်း၊ ကျားဦးသိန်းမောင်တို့၊ ကျားခင်စိန်တို့ကို အားကျ၍ မောင်ကျောက်ခဲက သူ့ကိုယ်သူ "ကျားကြီးကျောက်ခဲ" ဘွဲ့ ပေးအပ်ခဲ့ခြင်း မဟုတ်ပါ။

ကျားကြီးဗဆွေဆိုလျှင် တစ်ချိန်က ဒု–ဝန်ကြီးချုပ်ရာထူးအထိ တိုင်းပြည်တာဝန် ထမ်းဆောင်ခဲ့ဖူးသော မြန်မာ့မျိုးချစ် နိုင်ငံရေးသမားတစ်ဦးဖြစ်ပါ၏။ ကျားဘညိန်းဆိုလျှင်လည်း ကိုဝင်းငြိမ်း၏ အဖေ...။ မြန်မာ့လက်ဝှေ့ပညာကို အားကစားလောကအတွင်း ရဲရဲတင်းတင်း နေရာရအောင် စွမ်းဆောင်ပေးခဲ့သူ။

ထို့အတူ ရှေးခေတ်ရုပ်ရှင်ဒါရိုက်တာကြီး ဦးသိန်းမောင် ဆိုပါလျှင်လည်း သူရိုက်ကူးခဲ့သော "ကျား" ရုပ်ရှင်ဇာတ်ကား အလွန်ကောင်း၊ အလွန်အောင်မြင်ခဲ့သောကြောင့် အများက "ကျားဦးသိန်းမောင်" ဟူ၍ အမွှမ်းတင်ခေါ်ဆိုခံခဲ့ရသူ။

ကျားခင်စိန်ကတော့ ဒါရိုက်တာ ရွှေဒုံးဘီအောင် ရိုက်ကူးသော 'သားဗိုလ်အောင်ဒင်' ရုပ်ရှင်ကားထဲမှ မင်းသမီး ခင်အုန်းမြင့်၏ ဇာတ်ကောင်နာမည်ဖြစ်ပြီး တစ်ချိန်က ပရိသတ်ကြားတွင် အသည်းစွဲခဲ့ရသော

နာမည်တစ်လုံးဖြစ်လေသည်။ "ကျားခင်စိန် ကျားခင်စိန် ဇမ္ဗူမှာ ပြိုင်သူရှားတဲ့ ကျားခင်စိန်..."

'ကျား' ဘွဲ့ရသူများအားလုံး အစွမ်းအစ လုပ်ရည်ကိုင်ရည် ရှိကြသောကြောင့် ထိုက်ထိုက်တန်တန် နာမည်ရရှိခဲ့သူတွေသာလျှင် ဖြစ်ကြသည်။

ကျားကြီးကျောက်ခဲသည်ကော မည်သို့သော ထူးခြားမှုများကြောင့် "ကျား" ဘွဲ့ရခြင်းဖြစ်ပါသနည်း။ ကျားတောင်မှ ရိုးရိုးကျားမဟုတ်၊ ကြီးမားသော ကျားကြီးဖြစ်လေ၏။

တကယ်တော့ မောင်ကျောက်ခဲ ကျားဘဝမဖြစ်မီက ညှောင်တောင်တောင် ကြောင်ဘဝ ရောက်ဖူးပါ၏။ ညှောင်တောင်တောင် ကြောင်မှ တကယ့် ပိန်ညှောင်ညှောင်ကြောင်ကလေး ဖြစ်ခဲ့ဖူးလေ၏။ အဘယ်ကြောင့်ဆိုသော်... ကျန်ခဲ့သော သုံးနှစ်နီးပါးက မောင်ကျောက်ခဲ တစ်ယောက် 'ကင်ဆာ' ဆိုသော သေကောင်ပေါင်းလဲ ရောဂါဆိုးကြီးကို ခံစားခဲ့ရဖူးလေသည်။ ယနေ့ထိ ကင်ဆာတစ္ဆေ အခြောက်ခံနေရရှာသည်။ သူ့ဘဝတံခါးကို ကင်ဆာတစ္ဆေက မကြာမကြာ လာခေါက်လေ့ရှိသလို "မရဏနုဿတိ" သည် မောင်ကျောက်ခဲ နေ့တိုင်းရွတ်နေရသော သံဝေဂတရား ဖြစ်လာလေသည်။

လူ့ဘဝ အသက်ရှင်နေရသည့်အခိုက် မောင်ကျောက်ခဲ ဆန္ဒရှိသမျှ လုပ်သွားချင်သည်။ အထူးသဖြင့်... ဇာတိချက်ကြွေ မွေးရပ်မြေရွာကလေးတွင် စာကြည့်တိုက်လေး တည်ဆောက်ပေးချင်သည်။ ကျန်းမာရေးကောင်းစဉ်က အဖေအမေကို ရည်စူး၍ "ဦးထွန်း၊ ဒေါ်လှပညာသင်ဆု" တည်ထောင်ပေးခဲ့သည်။ အလယ်တန်း ကျောင်းခွဲဝင်းအတွင်း စာကြည့်တိုက်လေးကို တည်ဆောက်ဖို့ ကြိုးစားခဲ့သည်။

စာကြည့်တိုက် ဆောက်တော့မည်ဆိုကတည်းက မောင်ကျောက်ခဲ

ဇာတိရွှေဘိုမြို့ ပန်းတောင်းရွာလေးသို့ အကြိမ်ပေါင်းများစွာ သွားလေ့ရှိသည်။ အသက်ကြီးလာသောကြောင့် ထင်သည်၊ ငယ်စဉ်က နေခဲ့ဖူးသော မိမိချက်ကြွေ ဇာတိမြေကို ပို၍ ခင်တွယ်လာသည်။ ရွာနီးချုပ်စပ် ရွာတွေရောက်အောင် လှည့်လည်သွားလာချင်လာသည်။

မောင်ကျောက်ခဲတို့ ရွာကလေး၏ ရှေ့ဘက်တွင်ရှိသော တူးမြောင်းကလေးအတိုင်း တောင်ဘက်အရပ်ဆီသို့သွားလျှင် ဆရာကြီး ရွှေဥဒေါင်း၏ 'မန်ကျည်းတုံရွာ' သို့ ရောက်နိုင်သည်။

ရွှေဘိုတွင် မောင်ကျောက်ခဲ၏ အစ်မကြီးနှင့်နှမတို့ ရှိကြသည်။ အစ်မက အသက် (၈၀) အနီးကပ်နေပြီ။ နှမကလည်း အသက် (၆၀) ကျော်ပြီ။ သို့သော် မောင်ကျောက်ခဲ ရွှေဘိုသို့ လာသည့်အခါတိုင်း မောင်ကျောက်ခဲအတွက် ဒေသအစာလေးများ စီမံပေးကြ၊ သွားလိုရာ လိုက်ပို့ကြဖြင့် ဒုက္ခမျှဝေခံကြလေသည်။

မောင်ကျောက်ခဲသည်လည်း အငြိမ်နေသူမဟုတ်၊ အစ်မတွေ နှမတွေသာမက ရှိရှိသမျှ ငယ်သူငယ်ချင်းတွေကို စုပြီး စားလိုက်၊ သွားလိုက် လုပ်လေ့ရှိသည်။ မောင်ကျောက်ခဲ လာတော့မည်ဆိုလျှင် အားလုံးက ရှိသမျှအလုပ်တွေကို ကြိုတင်ရှင်းလင်းထားပြီး မောင်ကျောက်ခဲနောက်သို့ တကောက်ကောက် လိုက်ကြရသည်။ 'ချိုဝင်း' ဆိုသည့် သူငယ်ချင်းမှာမူ နံနက် (၅) နာရီလောက် အိပ်ရာမှ စောစောထပြီး မောင်ကျောက်ခဲ လမ်းလျှောက်လေ့ကျင့်သည့်နောက်သို့ လိုက်လျှောက်ရသည်။ တစ်ခါတစ်ခါ မောင်ကျောက်ခဲ စိတ်လိုလက်ရရှိသည့်အခါ ရွှေဘိုမြို့၏ တောင်ဘက်ထိပ်မှ မြောက်ဘက်ထိပ်အထိ လျှောက်တတ်သည်။ နှမဖြစ်သူ၏ ခင်ပွန်း မောင်ကျောက်ခဲ၏ ယောက်ဖသည်လည်း "ဝါသနာပါသော တရားလေး" တောင် မရှုမှတ်နိုင်ရှာ။ မောင်ကျောက်ခဲ လမ်းလျှောက်ရာသို့ လိုက်ရတတ်သည်။ လျှောက်ပြီဆိုလျှင်လည်း စိတ်ကူး

တရ ရွှေဘိုတောင်ဘက် တူးမြောင်းဘောင်အတိုင်း တောင်တံခါးမှ 'မင်းကုန်းရွာ' အထိ အသွားအပြန် လျှောက်တတ်လေသည်။

သူငယ်ချင်းတွေကလည်း ငယ်သူငယ်ချင်း ဖြစ်သောကြောင့်လား မသိ၊ မောင်ကျောက်ခဲရောက်သည်နှင့် မောင်ကျောက်ခဲသွားရာနောက် တကောက်ကောက်လိုက်ကြသည်။ ခင်ဦး၊ သီးလုံးရွာ၊ မန်ကျည်းတုံရွာ၊ လှတောရွာ၊ ရွှေကျင်ရွာ၊ ပန်းတောင်းရွာ၊ ဖွတ်လှိုင်းရွာ၊ တောင်တင်းရွာ၊ မေဂွန်ရွာ၊ ရွာရိုးကိုးပေါက် မောင်ကျောက်ခဲ လျှောက်သွားသည်။ သူငယ်ချင်းအားလုံးက စိတ်ရှည်လက်ရှည်သည်းခံ၍ လိုက်ပေးကြရှာသည်။

'မေဂွန်'အမည်ရှိ ထူးထူးဆန်းဆန်းရွာကလေးမှာ မောင်ကျောက်ခဲတို့ ရွှေဘိုမြန်မာဘုရင်များ လက်ထက်ကတည်းက မဟာနန္ဒာကန်တော်အတွင်း တည်ဆောက်ပေးသွားသော ရွာကလေးဖြစ်သည်။ စစ်သုံ့ပန်းဖြစ်သော ပေါ်တူဂီလူမျိုးများကို မဟာနန္ဒာကန်အတွင်း ငါးဖမ်း၊ ဖားဖမ်း၊ ကြက်မွေး၊ ဘဲမွေး၍ နေထိုင်စားသောက်ရန် ခွင့်ပေးသနားခဲ့သည်။ သူတို့က ရိုမန်ကက်သလစ် ခရစ်ယာန်များဖြစ်ကြ၍ မောင်ကျောက်ခဲတို့က သူတို့ကို 'ဘရင်ဂျီ' ဟု ခေါ်ကြသည်။ မှတ်မှတ်ရရ ဘရင်ဂျီဘုန်းတော်ကြီးတစ်ပါးက သူတို့ ပေါ်တူဂီလူမျိုးများနှင့်ပတ်သက်၍ မောင်ကျောက်ခဲကို ဤသို့ ပြောဖူး၏။

"ကျွန်တော်တို့က မစ္စတာဖီးလစ်ဒီဘရစ်တိုရဲ့ အနွယ်တွေပါ" မစ္စတာဖီးလစ်ဒီဘရစ်တိုကား အခြားမဟုတ်၊ ကျွန်တော်တို့ငယ်ငယ်က ဖွင်ကာကူ (သို့မဟုတ်) ငဇင်ကာဟူ၍ နှိမ်နှိမ်ချိုးချိုး ခေါ်ဝေါ်ဖူးသည့် သံလျင်မှာ ဘုရင်ဘွဲ့ခံခဲ့သူ ဖြစ်ပါ၏။

"ကျွန်တော်တို့ ပေါ်တူဂီအနွယ်တွေ ရွှေဘိုမြို့နယ်ထဲ ရောက်လာတော့ မြန်မာဘုရင်တွေက ကျွန်တော်တို့ကို သားသတ်လိုင်စင်ဖွင့် သနား

တော်မူပြီး နွားမွေး၊ ကြက်မွေး၊ ဝက်မွေး၊ ဘဲမွေး၊ ငါးဖမ်းလုပ်ငန်းများ လုပ်စေခဲ့ပါတယ်"

"တစ်နည်းအားဖြင့်ပြောရရင်... သားသတ်လိုင်စင်ဆိုတာ မြန်မာဘုရင်တွေ လက်ထက်ကတည်းက ကျွန်တော်တို့လူမျိုးတွေ ရယူပိုင်ဆိုင်ခဲ့တဲ့ အမွေပါပဲ"

ထိုအမွေကို မေဂွန် ရွာသူရွာသားများ ဆက်ဆံခဲ့ကြပြီး မဟာနန္ဒာကန်တော်အတွင်း ဘရင်ဂျီ ဘုရားရှိခိုးကျောင်းကလေးဆောက်ကာ အေးချမ်းစွာ နေထိုင်လာခဲ့ကြသည်။

လွန်ခဲ့သော (၁၀) နှစ်ကျော်လောက်ကတော့ မဟာနန္ဒာကန်အတွင်းမှ မေဂွန်ရွာကလေးကို အနီးအနားရှိ ကုန်းမြေပေါ်သို့ သက်ဆိုင်ရာက ရွှေ့ပြောင်းလိုက်သည်။ ရေထဲမှငါးကို ကုန်းပေါ်သို့ တင်လိုက်သည့်နှယ်ပင်။

သစ်ပင်၊ မြက်ပင်၊ ပန်းပင်မရှိ။ နေပူကျဲကျဲအောက်က ကုန်းခေါင်ခေါင်ကြီးမှာ အိမ်ကလေးတွေ ဆောက်၍ နေထိုင်ကြရရှာသည်။ မောင်ကျောက်ခဲနှင့် သူ့သူငယ်ချင်း သစ်တောအရာရှိကြီး ကိုအုန်းလွင်တို့ မနေနိုင်မထိုင်နိုင် သစ်ပင်တွေ စိုက်ပေးခဲ့ရာမှ မေဂွန်ရွာကလေးကို မောင်ကျောက်ခဲ သံယောဇဉ် တွယ်ခဲ့မိသည်။

ထို့ကြောင့် ကျောင်းသူ/သားဦးရေ (၇၀) ပင်မပြည့်သော မေဂွန်မူလတန်းကျောင်းလေးသို့ မောင်ကျောက်ခဲတစ်ယောက် ရောက်၍လာပြီး အလှူအတန်း ပြုလုပ်လေ့ရှိသည်။ မျက်လုံးပြာပြာ၊ မျက်လုံးညိုညိုပိုင်ရှင် ဘရင်ဂျီကလေးများကိုလည်း ခင်တွယ်လာသည်။ ကျောင်းသူ/သားများထဲတွင် ဘရင်ဂျီသာမဟုတ် ဟိန္ဒူရော၊ မွတ်ဆလင်ရော၊ ဗုဒ္ဓဘာသာရော ဘာသာပေါင်းစုံ ပါဝင်နေသောကြောင့်လည်း ကလေးတွေကို ပို၍ ခင်တွယ်လာမိပြန်သည်။

မောင်ကျောက်ခဲ၏ အစ်မ၊ နှမနှင့်တကွ သူငယ်ချင်းအားလုံး မောင်ကျောက်ခဲသွားရာနောက် တကောက်ကောက်လိုက်ရင်း မောပန်းလာသောအခါ မောင်ကျောက်ခဲနှမက မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် ပုံပြင်လေးတစ်ပုဒ်ကို ပြောပြခဲ့သည်။

"ဟိုးတုန်းက ရွာတစ်ရွာကို ဇာတ်အဖွဲ့လေးတစ်ဖွဲ့လာပြီး ကပြသတဲ့။ ကတဲ့ဇာတ်က "မောင်ရင်မောင် မမယ်ဥ" ဇာတ်လမ်းတဲ့။ အဲဒီဇာတ်လမ်းမှာ တောင်ပြုံးမင်းကြီးမင်းလေးက မယ်ဥကို စီးတော်ကျားနဲ့ တိုက်တဲ့အခန်းပါတယ်။ မယ်ဥကို ကျားကိုက်သတ်ပြီး ကျားချီတဲ့အခန်းပေါ့"

"ဒီဇာတ်လမ်းများ အဆန်းလုပ်လို့ဟာ၊ ကလေးကအစ သိပြီးသားဇာတ်လမ်းကြီးပဲ"

"ဆက်နားထောင်ဦးအစ်ကို၊ ဒီဇာတ်လမ်းက အစ်ကိုနဲ့ဆက်နွယ်နေလို့"

"ဟေ... ကြံကြံဖန်ဖန်... ငါလည်း နတ်မယုံတတ်ပါဘူး၊ ကဲ ဆက်ပြောစမ်းပါဦး" ဟု လမ်းခင်းပေးတော့ နှမက ဆက်ပြောသည်။

"အဲဒီမယ်ဥကို ကျားနဲ့ ကိုက်သတ်တဲ့အခန်းလည်းပြီးရော... ဇာတ်အဖွဲ့က အကြံအဖန်လုပ်လာတယ်"

"ဘယ်လိုအကြံအဖန်လုပ်တာလဲ၊ အင်း... ပြောစမ်းပါဦး"

"အဲဒီအခန်းလည်းပြီးရော သေသွားရာတဲ့မယ်ဥကို ဆွမ်းသွတ်ဖို့အတွက်ဆိုပြီး ပရိသတ်ထဲဝင် ဖလားကြီးတွေကိုင်ပြီး ဇာတ်သမားတွေက အလှူခံသတဲ့။ ပရိသတ်ကလည်း ကျားကိုက်ခံရတဲ့ မယ်ဥလေးကို ကြင်နာသနားကြပြီး အလှူခံဖလားထဲကို ပိုက်ဆံတွေထည့်ကြတာ တော်တော်ကို ရတယ်ဆိုပဲ"

"ဇာတ်အဖွဲ့ကလည်း အကွက်ကောင်းတွေ့တာနဲ့ နောက်တစ်ည

လည်း မယ်ဥကို ကျားနဲ့ကိုက်တဲ့ဇာတ်ကိုပဲ ပြန်ပြီး အလှူခံဖလားနဲ့ အလှူခံပြန်သတဲ့၊ ပိုက်ဆံရပြန်တာပဲ။"

"အင်း တယ် ဟန်ကျပါလားဟ"

"အဲ ကောင်းမှန်းသိ သာအိတစိုစိုဆိုသလို... ဇာတ်အဖွဲ့ကလည်း နောက်တစ်ည မောင်ရင်မောင် မမယ်ဥဇာတ်ကိုပဲ ကပြန်သတဲ့။"

"လွန်ပြီထင်တယ်ဟေ့"

"ဇာတ်လမ်းအရ တောင်ပြုံးမင်းလေးက စီးတော်ကျားနဲ့ မယ်ဥကို တိုက်တဲ့အခါ... မယ်ဥက ရှေ့ကပြေး ကျားက နောက်ကလိုက်ပေါ့လေ၊ ပရိသတ်ကလည်း ရင်တထိတ်ထိတ်နဲ့ ကြည့်ရင်းကြည့်ရင်း ပြိုင်တူလိုလို အော်လိုက်ကြသတဲ့"

"ဘယ်လိုအော်ကြသလဲဟင်" ဟု မောင်ကျောက်ခဲ၏ သူငယ်ချင်းတစ်ယောက်က ဝင်၍မေးသည်။ မောင်ကျောက်ခဲနှမ၏ အဖြေသည်ကား...။

"မယ်ဥရေ... လွတ်အောင်ပြေး လွတ်အောင်ပြေး..."

"လွတ်အောင်ပြေး မယ်ဥရေ... ကျားကြီးလာပြီဟေ့... ကျားကြီးလာပြီဟေ့...' တဲ့

မောင်ကျောက်ခဲ၏ သူငယ်ချင်းများ တဝါးဝါး တဟားဟား အော်ကြီးဟစ်ကျယ် ရယ်မောလိုက်ကြသည်။ မောင်ကျောက်ခဲကို လက်ညှိုးထိုးကာ "ကျားကြီး ကျားကြီး" ဟု ဝိုင်းအော်ကြလေသည်။

မောင်ကျောက်ခဲ ဇာတိမြို့သို့ ပြန်လာတိုင်း ပြန်လာတိုင်း မောင်ကျောက်ခဲသွားရာနောက်၊ စားရာနောက် အလုပ်ပျက်အကိုင်ပျက် လိုက်နေကြရရှာသော အစ်မ၊ နှမနှင့် သူငယ်ချင်းများအတွက်တော့... မောင်ကျောက်ခဲသည် မောင်ရင်မောင် မမယ်ဥဇာတ်ထဲက ကျားကြီးဖြစ်မှန်းမသိ ဖြစ်နေသည်လား မဆိုတတ်ပြီ။

သို့သော်လည်း... မောင်ကျောက်ခဲသည် ဇာတိမြေသို့ မပြန်ဘဲ မနေနိုင်၊ အချိန်တန်လျှင် ပြန်ချင်စိတ် ပေါ်ပေါ်လာသည်။ ယခုနှစ် ရွှေဘိုတန်ဆောင်တိုင် ကထိန်ပွဲတော် နှစ်တစ်ရာပြည့်လေပြီ။

မသွား၍မဖြစ်၊ သွားဦးမှ သွားဦးမှ...။


ကဲ အစ်မတို့၊ နှမတို့၊ သူငယ်ချင်းတို့ရေ...

လွတ်အောင် ပြေးကြပေရော့...

ကျားကြီးမောင်ကျောက်ခဲကတော့... ဒန် တန့် ဒန်...။

❐

# ဇာတ်ညွှန်း



## ကျွန်တော်နှင့် ဗိုလ်ချုပ်အောင်ဆန်း

ခေါင်းစဉ်ကို ဖတ်ပြီးသည်နှင့်တစ်ပြိုင်နက်...

"နောက်တစ်ခါ လာပြန်ချည်သေး... ဟော့... အို... အို... အို... ဝါး" ဟုလည်းကောင်း၊

"ရောင်တော်ပြန်ကြီးလာပြီဟေ့" ဟူ၍တစ်နည်း၊

"ခါတော်မီလုပ်စားလိုက်ပြန်ပြီဗျို့" ဟူ၍တစ်ဖုံ၊

သြဘာပေးကြ၊ နှိပ်ကွပ်ကြပေလိမ့်မည် ထင်ပါ၏။

ပြောလည်း ပြောက်လောက်စရာပင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် စာအုပ်များ၊ ဆောင်းပါးများ၊ ပလူပျံနေသည်မှာ အတော်ကြာပြီ။ မှန်ကန်တိကျတာတွေလည်း ပါ၏။ ကြားဖူးနားဝ မတိမကျ အကြောင်းအရာတွေလည်း ပါ၏။ အခြားသူများ ရေးသားပြုစုထားသော စာများကို ကိုယ့်မူလုပ်ကာ ခပ်တည်တည် ဆော်ထည့်ကြသူများလည်း ပါ၏။ ကြာတော့ ဗိုလ်ချုပ်အောင်ဆန်းကိုတောင်မှ အားနာစရာ။

သည်လို ဖောင်းပွနေသော ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးနေသူများထဲတွင် ကျွန်တော် ဘာကြောင့် ပါရသနည်း။ ရောင်တော်ပြန်... ခါတော်မီ... ပွဲလန့်ဖျာခင်း... ငါးပွက်ရာ ငါးစာချ လုပ်ချင်သော

ကြောင့်လော... ဟု ပြောဖွယ်ရာ ရှိလာပါတော့သည်။

စင်စစ် ကျွန်တော်ရေးသားမည့် အကြောင်းအရာမှာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိမဟုတ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း မမီပါ။ မသိပါ။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသည့်အချိန် ကျွန်တော့်အသက်မှာ ၂ နှစ်ပင် မပြည့်သေးပါ။ အတိအကျဆိုရလျှင်... တစ်နှစ်ခုနစ်လဆယ်ရက်သာ ရှိသေးသည်။ အဘယ်မှာဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သိနိုင်ပါအံ့နည်း။ သို့သော်...

အဖြစ်က "ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်" ဇာတ်ကားရိုက်ကူးရန် အစီအစဉ်ပေါ်လာသည့်အကြောင်းကြောင့် ဖြစ်လေသည်။

တိုက်တိုက်ဆိုင်ဆိုင်... မိမိက ရုပ်ရှင်လောကသားတစ်ယောက်လည်းဖြစ်၊ ရုပ်ရှင်ဇာတ်ညွှန်းရေးသူ၊ ရုပ်ရှင်ဒါရိုက်တာလည်း ဖြစ်နေသောအခါ... ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ညွှန်းရေးရန် အကြောင်းက ဖန်လာလေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့က ဇာတ်ညွှန်းပိုင်းဆိုင်ရာအတွက် ဇာတ်ညွှန်းရေးသူ ၃ ဦး ရွေးခဲ့သည်။ အကယ်ဒမီငြိမ်းမင်း၊ စာရေးဆရာ ချစ်ဦးညို နှင့် ကျွန်တော် တို့ဖြစ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ဘဝမှ ကျောင်းသားဘဝ၊ သခင်ဘဝတို့ကို အပိုင်းတစ်ပိုင်း၊ မြေအောက်သခင်ဘဝမှ ရဲဘော်သုံးကျိပ်ဗိုလ်ဘဝ၊ ဗြိတိသျှတော်လှန်ရေး ဒေါ်ခင်ကြည်နှင့် စတင်တွေ့ပုံ၊ လက်ထပ်ပုံများ၊ ဂျပန်တော်လှန်ရေး၊ နေသူရိန် အစည်းအဝေးထိ တစ်ပိုင်း၊ ထိုမှ အာဇာနည်ဘဝ အလုပ်ကြံခံရသည်အထိ တစ်ပိုင်း... အပိုင်းသုံးပိုင်းခွဲခဲ့သည်။ ဇာတ်ညွှန်းဆရာသုံးယောက် ခွဲရေးရန် သဘောတူခဲ့ကြသည်။

ပထမပိုင်းကို အကယ်ဒမီငြိမ်းမင်းနှင့် ဒုတိယပိုင်းကို ကျွန်တော်၊ တတိယပိုင်းကို စာရေးဆရာ ချစ်ဦးညို စသည်ဖြင့် ခွဲဝေခဲ့ကြသော်လည်း... အကယ်ဒမီ ငြိမ်းမင်းခမျာ ထာဝရမန္တလေးနှင့် အိမ်သူ့ကျန်းမာရေးတို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ပထမပိုင်းနှင့် ဝေးခဲ့လေသည်။

သည်တွင် စာရေးဆရာ ချစ်ဦးညိုက အကယ်ဒမီငြိမ်းမင်းအပိုင်းကို တာဝန်ယူပြီး ရေးလေသည်။ ဇာတ်ညွှန်းကို သုံးပိုင်းခွဲပြီး ရေးကြမည် သဘောတူစဉ်က ကျွန်တော် ရယ်စရာပြောမိသည်။

"အင်း... ဇာပ်ညွှန်းဆိုတာသာ "ငါး" နဲ့တူရင် ကျွန်တော် ပွတာပဲ။ ငါးအလယ်သားရဖို့ လွယ်တာမှ မဟုတ်တာ... ဟီး... ဟီး...၊ အဲ အဲ ဒါပေမဲ့ ဇာတ်ညွှန်းသဘောမှာ 'အခင်း' တဲ့၊ 'အခက်' တဲ့၊ 'အဖြေ' တဲ့။ ဒီမှာကတော့ အလယ်သားက 'အခက်' ဗျ။ မလွယ်ဘူး" ဟူ၍ စကားနောက်တရားပါ ပြောကြားခဲ့သည်။

ကျွန်တော့်သူငယ်ချင်း စာရေးဆရာ ချစ်ဦးညိုအတွက်... 'အခင်း' သည်လည်း လွယ်မည်မဟုတ်ပါ။ 'အဖြေ' သည်လည်း ခက်ခဲစရာရှိပါသည်။ ရေးရမည့် ဇာတ်ညွှန်းပုံစံက အခြားဇာတ်ညွှန်းတွေလို ခံစားချက်ရသချည်း ဦးတည်ရေး၍မရ။ တကယ့်အဖြစ်အပျက်ဆိုတော့ 'သုတ' ပိုင်းလေးလည်း ပါဦးမှ ဖြစ်ပေလိမ့်မည်။ တိကျသေချာမှ ဖြစ်ပါလိမ့်မည်။ လွဲလျှင် ဆဲမည့်သူတွေအပြည့်၊ 'ဘယ်ကောင်တွေလဲကွ၊ မလေ့လာဘဲ ဇာတ်ညွှန်းရေးတဲ့ကောင်တွေ' ဟု ဝါးရင်းတုတ်နဲ့ နားရင်းအုပ်မည့်သူတွေကလည်း တန်းစီလျက်။

မြန်မာလူမျိုးတစ်ယောက်အနေနှင့် ဗိုလ်ချုပ်အောင်ဆန်းကို သိသင့်သလောက် သိပါ၏။ လေးစားကြည်ညိုမှုလည်း ရှိခဲ့ပါ၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် စာအချို့လည်း ဖတ်ခဲ့ဖူးပါ၏။ သို့သော်...။

ဗိုလ်ချုပ်အောင်ဆန်းဘဝ သရုပ်ပေါ်အောင် ဇာတ်ညွှန်းရေးရ တော့မည် ဆိုသောအခါ...။

ဟိုတုန်းက သိခဲ့သလို ရဲဘော်သုံးကျိပ်၊ မျိုးချစ်ပုဂ္ဂိုလ် လူငယ် သုံးဆယ်သည် ဂျပန်နိုင်ငံသို့ စစ်ပညာသင်ကြပြီး ဂျပန်များနှင့်အတူ မြန်မာနိုင်ငံသို့ ဝင်ရောက်လာကာ နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ထုတ် ကြလေသည်ဟု ခပ်ပါးပါးရေးသား၍ မရ၊ သေချာတိကျအောင် စာအုပ် တွေ ဖတ်ရတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေး ရုံးခန်းက စာအုပ် ၃၀ လောက် ရွေးထုတ်ယူခဲ့သည်။ ကိုယ့်အပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်း နှင့် ဒေါ်ခင်ကြည်တို့ စတွေ့သည့်အပိုင်း ပါနေသောကြောင့် ဒေါက်တာ မြင့်ဆွေ၏ 'ဂျပန်ခေတ် ဆေးရုံကြီးပေါ်ဝယ်' စာအုပ်လည်းပါ၏။ ဗိုလ် မင်းရောင်(ရွှေတူ)၏ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်စာအုပ် လည်းပါ၏။ သုတေသီမြင့်ထွန်း၏ 'အမ္ဗိုင်သို့ လျှို့ဝှက်ခရီး' လည်း ပါ၏။ စာအုပ်သုံးဆယ် ရှိသည့်အနက်မှ ဤစာအုပ်ကို ဘာကြောင့် ရွေးနုတ်ဖော်ပြရသနည်းဟူမူ... ကိုင်လျှင် ကြွေတော့မည့် စာရွက်များ ကြောင့် ဖြစ်သည်။ အကြောင်းအရာတစ်ခု သိချင်ဖတ်ချင်လျှင် ရှိရှိ သေသေကိုင်၍ ရွရွဖွဖွလှန်၍ ဖတ်ရသောကြောင့်ပင်ဖြစ်သည်။ မီနာမိ ကီကန်းတွေရော၊ တက္ကသိုလ်စိန်တင် စာအုပ်တွေရော၊ ရန်ကုန်တက္က သိုလ်သမိုင်းဌာနမှ သုတေသီ စာရေးဆရာကြီးများ စုပေါင်းရေးသား ထားသော စာအုပ်တွေရော... သေတ္တာတစ်လုံးစာ စာအုပ်များ ဖတ်ဖို့ယူ လာခဲ့ရသည်။

သည့်နောက် သမိုင်းသုတေသီ ဆရာဦးဇော်လင်းက ထပ်၍ ဆွမ်း ကြီးလောင်း၏။ ဗိုလ်ကျော်ဇော ကိုယ်တိုင်ရေး မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ် ယောက်အကြောင်း၊ မအေးမင်းသန်း၏ 'ရဲဘော်သုံးကျိပ်' မဟာဝိဇ္ဇာဘွဲ့

ကျမ်း၊ တပ်မတော်သမိုင်း ပ၊ ဒ၊ တ စာအုပ်များ၊ ဦးကျော်ငြိမ်းအကြောင်း စာအုပ်များ၊ သခင်မြအကြောင်း စာအုပ်များ တနင့်တပိုး ကျွေးလိုက်ပြန်သည်။ သူ့အိမ်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆက်နွယ်သော စာအုပ်တွေ မနိုင်မနင်း သယ်၍ပြန်လာချိန် မေတ္တာစကား ပြောလိုက်သေးသည်။ "ဗုဒ္ဓစာပေနှင့်ပတ်သက်ပြီး ဖတ်ချင်ရင်လည်း ကျွန်တော့်ဆီမှာ အများကြီးရှိတယ်နော်၊ အားမနာနဲ့..." တဲ့... ဗုဒ္ဓေါ။

တိုက်တိုက်ဆိုင်ဆိုင် စိတ်ကူးချိုချိုစာအုပ်တိုက်က စာအုပ်ရောင်းပွဲတော် ကျင်းပရာ ဖိတ်စာတစ်စောင် ပေးလိုက်ပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဇာတ်ညွှန်းထဲတွင် 'မြုပ်နေပေါ့ ပေါ်မလာ' ဘ၀မှ ရုန်းထွက်ကာ ပွဲတော် ပထမနေ့မှာပင် အရောက်သွားလိုက်သည်။ ကိုယ့်လူ ကိုစန်းဦးကလည်း ပိုင်ပါပေ့...။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သောစာအုပ်များကို သီးသန့်ကဏ္ဍထားပြီး ပြသရောင်းချထားသည်...။ ၀ယ်ခဲ့ရပြန်ပေါ့...။

မကြာမီ ရာပြည့်စာအုပ်တိုက်က အရောင်းပွဲတော်နှင့် ပန်းဆိုးတန်းဆိုင်သစ်ဖွင့်ပွဲ ကျင်းပပြန်သည်။ ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းမှာ စစ်ရေးလေ့ကျင့်နေရာက ပန်းဆိုးတန်းသို့ ရောက်လာခဲ့ရပြန်သည်။ ၀ယ်လိုက်ဦးဟ...။

"အမယ်လေး ဖတ်ရမယ့် စာအုပ်တွေကလည်း များလိုက်တာ၊ ဇာတ်ညွှန်းတစ်ခုရေးတာ ဒီလောက်ဖတ်ဖို့ တကယ်လိုလို့လား၊ လူအထင်ကြီးအောင် အပိုတွေလုပ်နေတာလား" ဟု မေးချင်သူအချို့ ရှိကောင်းရှိနိုင်ပါသည်။

မဖတ်၍မဖြစ်သည့်အကြောင်း ပထမဆုံး အခန်းတစ်ခန်း စရေးကတည်းက ကျွန်တော့်မှာ ခံစားရပါသည်...။ ထိုအခန်းက သခင်အောင်ဆန်းနှင့် သခင်လှမြိုင်... ဟိုင်းလီသင်္ဘောဖြင့် တရုတ်နိုင်ငံ အမွိုင်မြို့သို့

မသွားမီည...။ သခင်တင်မောင် (ကျုံမငေး) ၏ ဆောင်းပါးနှင့် ဦးရည်စိန်၏ လက်နက်ကိုင် တော်လှန်ရေးပြင်ဆင်မှု သုတေသန စာတမ်းပေါ် အခြေခံ၍ ထိုတစ်ခန်းကို ရေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းက သူ၏ ဆောင်းပါးတစ်ခုတွင် ယခု ကျွန်တော်ရေးတော့မည့် ဇာတ်ညွှန်းထဲမှ ပထမဆုံးအခန်း ဖြစ်ပေါ်ချိန်ကို...

**"ကျွန်ုပ်၏ ခရီးဆုံးဌာနမှာ အမွိုင်မြို့ဖြစ်၍ ထိုမြို့မှနေ၍ လုပ်ဆောင်စရာရှိသည့် ကိစ္စများကို ခန့်ခွဲစီမံရမည် ဖြစ်ပါ၏။ အကျွန်ုပ်အဖြစ်ကား သန်းခေါင်လကွယ် တောအုပ်အလယ်၌ ရောက်သူပမာ ရှိနေတော့သည်..."** ဟု ရေးသားခဲ့သည်။

ထို့ကြောင့် ကျွန်တော်၏ဇာတ်ညွှန်း ပထမအခန်းကို ညခန်းဖြင့် စတင်ခဲ့သည်။ သခင်အောင်ဆန်း၏ သခင်ဘဝဖြင့် မြေအောက်လှုပ်ရှားမှု ပြုလုပ်နေရပြီး လက်နက်ကိုင်တော်လှန်ရေးအတွက် နိုင်ငံခြားသို့ ခရီးမထွက်မီ ညတစ်ညအဖြစ် စတင်ခဲ့သည်။

**"ကျွန်ုပ်အရှေ့သို့ ထွက်လာသည့်အရေးမှာ အမှောင်တိုက်အတွင်း သက်ဆင်းသည်နှင့် တူလှ၏ဟု ကျွန်ုပ်ဆို၏။ လူငယ်တို့ တစ်ရှူးထိုး (တုံးတိုက်ကျားကိုက်) စိတ်၏ လှုံ့ဆော်မှုကြောင့်သာ ထွက်ခဲ့မိခြင်း ဖြစ်သတည်း"** (၁၉၄၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့ ဗမာ့ခေတ်သတင်းစာပါဆောင်းပါး)

သခင်တင်မောင် (ကျုံမငေး) နှင့် ဦးရည်စိန်တို့၏ အဆိုအရ – သခင်အောင်ဆန်းသည် သူ၏ ရဲဘော်ရဲဘက်များနှင့် ကျောင်းသားသမဂ္ဂအဆောက်အဦတွင် အနာဂတ်အရေးအတွက် တွေ့ဆုံစကား ပြောခဲ့ကြသည်။ ပါဝင်သူများက... ကိုကျော်ငြိမ်း၊ ကိုထွန်းအုန်၊ နဂါးနီ ကိုထွန်းအေး၊ ကိုလှမောင်၊ ကိုမောင်မောင်၊ သခင်ထွန်းရွှေတို့ ဖြစ်ကြသည်။

'ကိုကျော်ငြိမ်း' ဆိုပါလား။ နု–တင်၊ ဆွေ–ငြိမ်းရယ်လို့ နာမည်ရ

ခဲ့သော တကယ့်နိုင်ငံရေးပုဂ္ဂိုလ်ကြီး၊ သူက သခင်အောင်ဆန်းထက် အသက်ကြီးလား၊ ငယ်လား၊ ကျောင်းမှာ ဘယ်သူက စီနီယာကျသလဲ၊ ဆက်ဆံရေးကရော... ဘယ်လိုလဲ။ ရင်းနှီးလား၊ စိမ်းသလား၊ နေပါဦး သခင်နု၊ သခင်အောင်ဆန်းတို့ရှိပြီး "သခင်ကျော်ငြိမ်းရော မဟုတ်ဘူးလား" တို့ဗမာ အစည်းအရုံးဝင်ဆိုရင် သခင်ကျော်ငြိမ်း ဖြစ်ရမှာပေါ့။ စာအုပ်တွေထဲမှာ ဖတ်ဦးမှ၊ ကဲ ကိုကျော်ငြိမ်းအကြောင်း ဖတ်ရမည် မဟုတ်ပါလော။ ထို့အတူ ကိုထွန်းအုန်၊ နောက်ကြတော့ မြူနီစီပယ် မင်းကြီး ဦးထွန်းအုံဆိုတဲ့ ပုဂ္ဂိုလ်ကြီး...။ နေပါဦး နေပါဦး... ဂျပန်တော်လှန်ရေးမှာ ဗိုလ်မှူးထွန်းအုံဆိုပြီး ပေါ်လာတာ တစ်ယောက်ရှိပါသေးတယ်...။ သူပဲလား... တခြားတစ်ယောက်လား...။ မဖြစ်သေးပါဘူး ဦးဇော်လင်းဆီ ဖုန်းဆက်မေးဦးမှ... အို... သူချည်း ခဏခဏ မေးနေရလား အားနာစရာ၊ စာအုပ်ဖတ်ဦးမှ... (ကဲ... သွားပြန်ပြီ)

နောက်တစ်ယောက်... ဘယ်သူတဲ့ နဂါးနီ ကိုထွန်းအေးတဲ့ "ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်၊ လူမွဲတွေက မနေးခေတ်မီ သူဌေးဖြစ်တော့မည်... တို့နဂါးနီ" ဆိုသည့်သီချင်းကို မကြာမကြာ ကြားဖူး၏။ ထိုခေတ်က လူငယ်များကို နိုင်ငံရေးစိတ်ဓာတ်နိုးကြားပေးသော နဂါးနီစာအုပ်တိုက်အကြောင်း သိုးသိုးသံ့သံ့ သိဖူး၏။ နဂါးနီ (လူပျိုကြီး) ကိုထွန်းရှိန်အကြောင်း လေးစားဖွယ်ရာ တစ်ဆင့်နားမျှ ကြားဖူး၏။ နဂါးနီ ကိုထွန်းအေးအကြောင်းကိုတော့ အပေါ်ယံမျှသာသိရ၏။ သူ့အကြောင်းလည်း လေ့လာဦးမှ... ကဲ ဖတ်ဦးဟ...၊ မောင်သစ်လွင် (လူထု) ရဲ့ နဂါးနီနိဒါန်း...။

ကိုလှမောင်သည်ကား... ရဲဘော်သုံးကျိပ်မှ ဗိုလ်ဇေယျ၊ နောက်တစ်ယောက် သခင်ထွန်းရွှေ...၊ သခင်ထွန်းရွှေသည် နဂါးနီထွန်းရွှေ မဟုတ်။ နဂါးနီထွန်းရွှေက ကိုကျော်ငြိမ်းကဲ့သို့ပင်... သခင်အမည်

မတပ်၊ တို့ဗမာ အစည်းအရုံးဝင်မဟုတ်...၊ ယခု သခင်ထွန်းရွှေက နောင်တစ်ချိန် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လင်းယုန်ဖြစ်မည့်သူ...။ သခင်အောင်ဆန်းထက် ငယ်သလား၊ ကြီးသလား၊ ဘယ်ဇာတိလဲ ကဲ... ဖတ်ဦးဟ။ မအေးမင်းသန်း မဟာဝိဇ္ဇာစာတမ်း 'ရဲဘော်သုံးကျိပ်'၊ တက္ကသိုလ်စိန်တင်၏ 'ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်' ပိုသေချာသွားအောင် ဖတ်လိုက်ဦးဟ... ဗိုလ်မင်းခေါင်၊ (ရွှေတူ)၏ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်...။

ယခုလောက်ဆိုလျှင်... ကျွန်တော်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ ဆက်နွယ်မှုကို စာရှုသူတို့ ရိပ်စားမိလောက်ပြီဟု ယူဆပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကား၊ ဇာတ်ညွှန်းအခန်းတစ်ခန်းရေးဖို့ မည်မျှ အားထုတ်အချိန်ပေးရသည်ကို အနည်းငယ်မျှ သိရှိနိုင်တော်မူကြရန် အသနားခံစာတင်ခြင်း ဖြစ်ပါ၏။


အဘယ်ကြောင့်ဆိုသော်... 'အင်တာနက်ဝေဖန်စာများအရ' ဗိုလ်ချုပ်အောင်ဆန်းဇာတ်ကားက ပြီးပါဦးမလား... ဟု အားမလိုအားမရဖြစ်နေကြသော ပရိသတ်များ၊ သည်းခံမှုအတိုင်းအတာ အတော်လေးမာလာပြီဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့ အပေါင်းအသင်းရောင်းရင်းများ အတန်ငယ် မျက်ပြေစေရန်အလို့ငှာ ဤဇာတ်ညွှန်းရေးဆရာ သူကောင်းသားကြီးများ နစ်လိုက်မြုပ်လိုက် အတော်ကြာ ပေါ်မလာ ဇာတ်ညွှန်းရေးနေပုံကို တင်ပြလိုက်ခြင်းဖြစ်ပါ၏။ သို့သော် (စာအုပ်ပုံတွေကြားထဲမှာ)... မြုပ်လေပေါ့ ပေါ်မလာ... ဖိုးရွှေကြာက နစ်ကောင်တည်း... အယက်အကန်ခံလို့... အချိန်တန်လာမှာမလွဲ... ပန်းပန်လျက်ပဲဟုသာ ညည်းချင်းချ ဖွင့်ဟ ဝန်ခံလိုက်ရပါကြောင်း။

❐

## ရဲဘော်သုံးကျိပ် တစ်ယောက်

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ညွှန်းကို ရေးရတော့မည် ဆိုသောအခါမှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း နှိုက်နှိုက်ချွတ်ချွတ် မလေ့လာ၍ မရတော့။ ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးအကြောင်းကိုသာမက သူ့မိသားစု၊ သူ့ပတ်ဝန်းကျင်၊ သူ့နေထိုင်မှုဘဝ၊ သူ့မိတ်ဆွေအပေါင်းအသင်း၊ သူ့စိတ်နေသဘောထား၊ သူ့အမူအကျင့်... အားလုံး ဖတ်ရှုနားထောင် လေ့လာခဲ့ရလေပြီ။

အမှန်ဝန်ခံရလျှင်... ဗိုလ်ချုပ်အောင်ဆန်းဘဝ ဇာတ်ကြောင်းနှင့်ပတ်သက်ပြီး အကြမ်းဖျင်း အပေါ်ယံကြောမျှလောက်သာ သိခဲ့သည်။ ဆိုပါစို့... သခင်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်တို့ အင်္ဂလိပ်ဗြိတိသျှကို တော်လှန်ရန် ဂျပန်ပြည်သို့သွားပြီး စစ်ပညာသင်ကြားကြကြောင်း၊ စစ်ပညာသင်ပြီး ဂျပန်တပ်မတော်နှင့် ပူးပေါင်းကာ မြန်မာပြည်တွင်းသို့ ပြန်ဝင်လာ၍ အင်္ဂလိပ်အစိုးရကို တိုက်ထုတ်ခဲ့ကြောင်း စသည်ဖြင့် ခပ်ပါးပါးလေးသာ သိခဲ့ရသည်။ ရုပ်ရှင်ဇာတ်ညွှန်း ရေးရတော့မည် ဆိုသောအခါ... လုံးချ၍မရ၊ ဖြီးဖြန်း၍မရ၊ အတိအကျဖော်ပြရတော့မည်။



သည်တွင် စာအုပ်တွေကြား ခေါင်းတိုးခဲ့သည်။ လေ့လာထားသူများ ပြောစကားများကို နားထောင်မှတ်သားရပြန်သည်။ ရဲဘော်သုံးကျိပ် ဂျပန်သို့သွား၍ စစ်ပညာသင်ကြားသည်ဆိုသော စာကြောင်းလေးတစ်ကြောင်းနောက်တွင် သိစရာအကြောင်းတွေ အများကြီးရှိနေသည်။ ကွဲလွဲချက်တွေလည်း ပေါ်လာသည်။ တိမ်မြုပ်နေသော အကြောင်းအရာများကလည်း ရှိနေသည်။

တကယ်တော့... ရဲဘော်သုံးကျိပ်သည် ကိုယ်စိတ်ကူးယဉ်ထားသလို လူငယ်သုံးဆယ် တစ်စုတစ်ဝေးတည်း ဂျပန်သို့ သွားခဲ့ခြင်းမျိုး မဟုတ်ပေ။ ပထမဆုံး မြန်မာနိုင်ငံမှ ထွက်လာသော ရဲဘော်သုံးကျိပ်ဝင် သခင်အောင်ဆန်း(ဗိုလ်တေဇ)နှင့် သခင်လှမြိုင် (ဗိုလ်ရန်အောင်) တို့သည်လည်း ဂျပန်ကို တိုက်ရိုက်ထွက်ခွာခြင်းမျိုးမဟုတ်၊ အမှောင်ထုအတွင်း လမ်းလျှောက်ရသလို စမ်းတဝါးဝါး ထွက်လာခဲ့ရခြင်းမျိုး ဖြစ်သည်။

သူတို့နှစ်ဦး ရောက်သွားသည့်နေရာက ဂျပန်ပြည်မဟုတ်၊ တရုတ်ပြည့် အမွိုင်မြို့သို့ဖြစ်လေသည်။ အမွိုင်တွင် ယောင်လည်လည်နှင့် နှစ်လကြာ နေခဲ့ရပြီးကာမှ ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်မှတစ်ဆင့် ဗိုလ်မှူးကြီး ဆူဇူကီး အဆက်အသွယ်ဖြင့် ဂျပန်နိုင်ငံသို့ ၁၉၄၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ရောက်သွားကြခြင်းဖြစ်သည်။ ရဲဘော်သုံးကျိပ်ထဲက သူတို့နှစ်ဦး ပထမဆုံး ဂျပန်သို့ ရောက်သည်ဆိုပါက မှားပေလိမ့်မည်။ သူတို့အရင် ဂျပန်ရောက်နေသူက... နောင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထိန်ဝင်းဖြစ်သည်။ သူ့အမည်ရင်းက ကိုဆောင်းဖြစ်ပြီး ရော်ဘာလုပ်ငန်းပညာတော်သင်အဖြစ် ဂျပန်သို့ ၁၉၃၈ ခုနှစ်ကတည်းက ရောက်ရှိနေခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသို့ တိုက်ရိုက်သွားရန်ရည်ရွယ်၍ ထိုင်းနိုင်ငံဘက်မှ

ဖြတ်ကျော်ကြိုးစားသူလည်း ရှိပြန်၏။ သခင်ဗစိန်၊ သခင်အောင်သန်း၊ သခင်သန်းတင်တို့ ဖြစ်ကြသည်။ သခင်ဗစိန်မှာ ပုလိပ်အဖမ်းခံရသော ကြောင့် ရဲဘော်သုံးကျိပ်ဝင် မဖြစ်ခဲ့ရသော်လည်း သခင်အောင်သန်း မှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာဖြစ်ခဲ့ရသလို သခင်သန်းတင်သည် လည်း ရဲဘော်သုံးကျိပ်ဝင် ဗိုလ်သန်းတင် ဖြစ်ခဲ့သည်။ သို့သော် ဗိုလ် သန်းတင်သည် စစ်ပညာတောင်မှ သင်ကြားခွင့် မရရှာခဲ့ဘဲ ဖော်မိုဆာ တွင် ကျန်းမာရေးချို့တဲ့ပြီး ကွယ်လွန်ခဲ့ရရှာသည်။

ကျွန်တော် တွေးထားခဲ့သလို မြန်မာလူငယ်သုံးဆယ် တစ်စုတစ် စည်းတည်း ဂျပန်ပြည်သို့ သွားခဲ့ကြခြင်းမျိုးမဟုတ်။ သခင်အောင်ဆန်း နှင့် ဗိုလ်မှူးကြီး ဆူဇူကီးတို့ တွေ့ဆုံပြီးမှ သခင်အောင်ဆန်းက မြန်မာ နိုင်ငံသို့ တစ်ခေါက်ပြန်လာပြီး တို့ဗမာအစည်းအရုံးဝင်သခင်များ၊ ဗမာ့ လက်ရုံး တပ်ဖွဲ့ဝင်များ၊ ဗမာ့ထွက်ရပ်ဂိုဏ်းဝင်များ၊ ပြည်သူ့အရေးတော် ပုံ ပါတီဝင်များထဲမှ လူငယ်များကို စည်းရုံးကာ ဂျပန်ပြည်ပြန်ကြခြင်း ဖြစ်လေသည်။

သွားကြသောအခါတွင်လည်း တစုတစည်းတည်း သွား၍မရ။ အင်္ဂလိပ်နယ်ချဲ့တို့ အုပ်ချုပ်မှုလက်အောက်တွင် ပုန်းလျှိုးကွယ်လျှိုး ပြုကာ ထွက်ကြရခြင်းဖြစ်သည်။ သခင်လှမြိုင် (ဗိုလ်ရန်အောင်) ကို ဂျပန်မှာ ဓားစာခံ ထားခဲ့ပြီး မြန်မာနိုင်ငံ ပြန်လာခဲ့သူ သခင်အောင်ဆန်း က သခင်ဗဂျမ်း (ဗိုလ်လရောင်)၊ သခင်လှဖေ (ဗိုလ်လကျ်ာ)၊ သခင် ထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ သခင် အေးမောင် (ဗိုလ်မိုး) တို့ကို ပထမအသုတ် ရေကြောင်းမှ သင်္ဘောဖြင့် ခေါ်ဆောင်သွားသည်။

ဒုတိယအသုတ်အနေဖြင့် သခင်စောလွင် (ဗိုလ်မင်းခေါင်)၊ သခင် သန်းတင် (ဗိုလ်မြဒင်)၊ သခင်ကိုစိုး (ဗိုလ်မြင့်အောင်)၊ သခင်ထွန်းရွှေ (ဗိုလ်လင်းယုန်)၊ ကိုရွှေ (ဗိုလ်ကျော်ဇော)၊ သခင်တင်ဧ (ဗိုလ်ဘုန်းမြင့်)၊

သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်) တို့ကို ခေါ်ဆောင်သွားခဲ့သည်။

တတိယအသုတ်အနေဖြင့် သခင် ခင်မောင်ဦး (ဗိုလ်တာရာ)၊ သခင်လှမောင် (ဗိုလ်ဇေယျ)၊ သခင်စံမြင့် (ဗိုလ်တောက်ထိန်) တို့ကို ခေါ်ဆောင်သွားခဲ့သည်။

စတုတ္ထအသုတ်အနေဖြင့် သခင်ထွန်းအုပ်၊ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ သခင်စံလှိုင်(ဗိုလ်မှူးအောင်)၊ သခင်ထွန်းခင် (ဗိုလ်မြင့်ဆွေ)၊ သခင်ထွန်းလွင် (ဗိုလ်ဗလ)၊ သခင်ငွေ (ဗိုလ်စောအောင်)၊ သခင်သစ် (ဗိုလ်စောနောင်)၊ သခင်ကျော်စိန် (ဗိုလ်မိုးညို)၊ သခင်မောင်မောင် (ဗိုလ်ဉာဏ)၊ သခင်လှ (ဗိုလ်မင်းရောင်)၊ သခင်သန်းညွန့် (ဗိုလ်ဇင်ယော်) တို့ ဖြစ်ကြသည်။

ရဲဘော်သုံးကျိပ်တွင် မူရင်းနာမည်များရှိသလို ဂျပန်နာမည်များလည်း ရှိကြသည်။ စစ်သင်တန်း တက်သည့်အခါ တစ်ဦးကိုတစ်ဦး ဂျပန်နာမည်များ ခေါ်ဝေါ်ကြကြောင်း တွေ့ရသည်။ စစ်သင်တန်းတက်သည့်အခါတွင်လည်း အားလုံးစုံမှ တက်ကြသည်မဟုတ်၊ အရင်ရောက်သည့်အဖွဲ့က အရင် စစ်သင်တန်းတက်ကြပြီး နောက်အဖွဲ့က နောက်ပိုင်းကြမှ အချိန်ပို အချိန်ပြည့် အပင်ပန်းခံ သင်ကြရသည်ကို တွေ့ရသည်။ အသက်အရွယ်ကလည်း အသက် (၁၈) နှစ်နှင့် (၃၀) နှစ်ကြားတွင် ရှိကြ၍ ကြီးသူက ငယ်သူကို မင်းနှင့်ငါနှင့် ပြောပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့၏ အသက်များကိုလည်း စာရင်းပြုစုရပြန်သည်။ ရဲဘော် သုံးကျိပ်ဝင် တစ်ဦးကိုတစ်ဦးခေါ်လျှင် မူရင်းအမည်၊ ဂျပန်အမည်၊ ဗိုလ်အမည်များ ရှိသောကြောင့် အမည်သုံးခုစီ ရှိသည်။ ထို့ကြောင့် နာမည် ကိုးဆယ်နီးပါးနှင့် ရင်းနှီးထားဖို့ လိုပြန်သည်။

သူတို့ သွားသလိုသွား၊ သူတို့ စားသလိုစား၊ သူတို့ လေ့ကျင့်သလို လေ့ကျင့်၊ သူတို့ အိပ်သလို အိပ်၊ သူတို့နှင့် ဓာတ်ညွှန်းဆရာ

အတူတကွ နေခဲ့ရသည်မှာ ကြာပြီ။ ထို့ကြောင့် တစ်ခါတစ်ခါ "ဂျပန်မှာ စစ်ပညာသင်ခဲ့တာ ရဲဘော်သုံးကျိပ်တစ်ယောက်ဗျ" ဟု ပြောမိသည်။

"ကြားဖူးပေါင်ဗျာ၊ ရဲဘော်သုံးကျိပ်ပဲ ကြားဖူးပါတယ်။ တစ်ယောက်က... ဘယ်က ပါလာတာလဲ"

"ဓာတ်ညွှန်းဆရာက ရဲဘော်သုံးကျိပ်နဲ့ လုံးထွေးနေရလွန်းလို့ ရဲဘော်သုံးကျိပ်တစ်ယောက် ဖြစ်သွားတာဗျ" ...ဟု ပြောသောအခါ သူတို့က ရယ်လိုက်ကြသည်။


ပင်ပန်းနေသည့်ကြားထဲက လက်ခနဲ ပျော်မိသွားတော့သည်။

❐

## အိုးပိနပ်ထမ်း

"ရဲဘော်သုံးကျိပ်တစ်ယောက်" အမည်ရှိ စာတစ်ပုဒ်ကို ရေးပြီးသောအခါ ဓာတ်ညွှန်းဆရာသည် ကိုယ့်လိပ်ပြာကိုယ်မလုံ...။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အသက်၊ သွေး၊ သွေး စတေး၍ ရယူပေးခဲ့ကြသော ရဲဘော်သုံးကျိပ်အကြောင်း စဉ်းစားကြည့်သောအခါ... အလွန်အံ့သြစရာ၊ ချီးမွမ်းစရာများကို တွေ့ရသည်။ အခြားအကြောင်းအရာများကို မစဉ်းစားပါနှင့်ဦး။ ဂျပန်ပြည်တွင် စစ်ပညာသင်ကြားခဲ့ကြသည့် အရွယ်ကိုပဲကြည့်၊ အသက်အကြီးဆုံး သခင်စံလှိုင် (ဗိုလ်မှူးအောင်) မှာ အသက် (၃၀) သာ ရှိသေးသည်။ အသက်အငယ်ဆုံး သခင်အောင်သိန်း (ဗိုလ်ရဲထွဋ်) က (၁၈) နှစ်၊ သခင်အောင်ဆန်းက အသက် (၂၅)၊ တကယ့် ငယ်ငယ်ရွယ်ရွယ်ကလေးများ ဖြစ်ကြသည်။

သည်နေ့ မိမိပတ်ဝန်းကျင်တွင်ရှိသော အသက် (၁၈) နှစ်မှ အသက် (၃၀) အတွင်း လူငယ်များကို စူးစမ်းလေ့လာကြည့်မိသည်။ အချို့က ရိုးရိုးသားသား ကြိုးကြိုးစားစား ရှိကြသည်။ အများအကျိုးသယ်ပိုးလိုစိတ် ရှိကြသည်။ အမျိုးသားရေး၊ နိုင်ငံကောင်းစားရေးအတွက် စိတ်စေတနာကောင်း ရှိကြသည်။ အချို့ကတော့ လမ်းလွဲလိုက်နေကြသည်။ ကိုရီးယားလူငယ်စတိုင်ဖမ်းကာ ဆံပင်နီကြောင်ကြောင်၊ ထောင်



တောင်တောင်အမောက်၊ တောက်တောက်ပပအဝတ်အစား (မိန်းကလေးတွေကြတော့ အပေါ်မလုံ၊ အောက်ဟောင်းလောင်း ဖက်ရှင်) တွေနှင့် ဘီယာ၊ အရက်သောက်သူ၊ ကော်ရှူသူတွေ... များမှများ။ ရဲဘော်သုံးကျိပ်တွေနှင့် နှိုင်းယှဉ်ကြည့်လိုက်က အသည်းယားစရာ။

ဟိုတုန်းက လူငယ်တွေက သခင်စိတ်ဖြင့် မျိုးချစ်စိတ်ကို မြင့်တင်ခဲ့ကြသလောက် သည်ခေတ်လူငယ်တွေက သူများနောက်လိုက် အတုခိုးကျွန်စိတ်ဖြင့် အမျိုးပျောက်အောင် လုပ်ဆောင်နေကြလေပြီလား မသိ။

အမယ်လေး... အမယ်လေး... ဓာတ်ညွှန်းဆရာ၊ ခင်ဗျားငယ်ငယ်တုန်းကရော ဘယ်လောက်များ တော်ခဲ့လို့လဲဟု မေးစရာရှိပါ၏။ စင်စစ် ဓာတ်ညွှန်းဆရာသည်လည်း ငယ်စဉ်တုန်းက သိပ်ကောင်းလှသူမဟုတ်။ စာပေ၏ ကျေးဇူး၊ ဘာသာတရား၏ ကျေးဇူး၊ ပတ်ဝန်းကျင်ကောင်း၏ ကျေးဇူးကြောင့်သာ လူလူသူသူ ဖြစ်လာခဲ့ရသည်။ ပင်ကိုအရည်အသွေးတိုင်းသာဆိုလျှင် လေးစားဖွယ်ရာ မရှိလှ။

သို့သော် ကံတရားနှင့် ပတ်ဝန်းကျင်ကောင်း၊ စာပေကောင်းတို့၏ ပို့ဆောင်ပေးမှုကြောင့် မည်သို့ပင်ဆိုစေ... အများချစ်ကြည်လေးစားသော ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဓာတ်ညွှန်းကို ရေးခွင့်ရလာခဲ့လေသည်။

ဓာတ်ညွှန်းကို ရေးခွင့်ရသည်နှင့် ကြည်နူးပီတိခံစားမှုက တစ်ဝက်၊ လေးလေးပင်ပင်ကြီး ပိနေသည့် တာဝန်ရှိပါလားဆိုသော အသိက တစ်ဝက် ခံစားခဲ့ရသည်။

စာဖတ်ဝါသနာပါလှသည်ဟု ဆိုသည့်တိုင် များစွာသော စာအုပ်များကို ဖတ်ရှုလာရသည့်အခါ မျက်လုံးတွေပဲ ဝေဝေဝါးဝါး ဖြစ်လာသလိုလို၊ ခေါင်းတွေပဲ ရိပ်တိပ်ရိပ်တိပ် မူးနောက်လာသလို ခံစားရသည်။

စာအုပ်တစ်အုပ်နှင့်တစ်အုပ် အာဘော်ချင်းမတူ၊ အကြောင်းအရာတစ်ခု အပေါ် ကောက်ချက်ချပုံ ကွာခြားသည့်အခါ ပို၍ဆိုးသည်။ ဘာကို အမှန်ယူရမည်ကိုမသိ။ စာလည်း ဆက်မဖတ်ဖြစ်၊ ဓာတ်ညွှန်းလည်း ဆက်မရေးဖြစ်တော့။ မညည်းညူကောင်းလို့သာပ၊ ညည်းညူလို့များ ရမည်ဆိုလျှင်... "ဒီဓာတ်ညွှန်းရေးမိတာ ကျွန်တော်မျိုး သေသင့်ပါ တယ်" ဟု အော်လိုက်ချင်တော့သည်။

ကိုယ် စာမန့်ခဲ့ပုံကိုလည်း ကြည့်ပါဦး။ ရဲဘော်သုံးကျိပ် ဂျပန် ပြည်သို့ စစ်ပညာသွားသင်ကြသည်ဆိုသည့် အကြောင်းနှင့်ပတ်သက်၍ အတူသွားကြ၊ ပညာသင်ကြ၊ အတူသွေးသောက်ကြ၊ အတူပြန်လာကြ ဟူ၍ လူပြိန်းတွေးတွေးပြီး လူပြိန်းသိသာ သိခဲ့သည်။ ဓာတ်ညွှန်းရေးရပြီ ဆိုတော့ ဖြီး၍မရ၊ ဖြန်းသမ်း၍ မရ၊ အတိအကျမရတောင် ယုတ္တိသဘာဝ နှင့် ကင်း၍ မဖြစ်ချေပြီ။

ရဲဘော်သုံးကျိပ်ဝင်တို့ ဂျပန်ပြည်သို့ စစ်ပညာသင်ရန် လာခဲ့ကြ သည့်အကြောင်း ယခင်တစ်ပတ်က ရေးခဲ့ပြီးပြီ။ ယခုတစ်ပတ်မှာတော့ ရဲဘော်သုံးကျိပ် ပြည်တော်ပြန်ကြသည့်အကြောင်း၊ ပြည်တော်ဝင်ကြ သည့်အကြောင်း ဆက်ရေးချင်ပါသည်။

မိမိ လူပြိန်းတွေး တွေးထားသလို ရဲဘော်သုံးကျိပ် တစ်စုတည်း မြန်မာနိုင်ငံအတွင်းသို့ ဝင်လာခဲ့ကြသည်မဟုတ်။ တစ်ဖွဲ့စီ တစ်ဖွဲ့စီ၊ တစ်နေရာစီ တစ်နေရာစီက ပြန်လာခဲ့ကြပုံများကို ရဲဘော်သုံးကျိပ်ဝင် ပုဂ္ဂိုလ်ကြီးများ ရေးသားသည့် စာအုပ်များမှ တစ်ဆင့်သိခဲ့ရသည်။ သူတို့တစ်တွေ စာရေးဝါသနာပါသောသူများ ဖြစ်ခြင်းသည် ဓာတ်ညွှန်း ဆရာအဖို့ ကျေးဇူးကြီးမားလှပါဘိတော့သည်။

ရေကြောင်းချီတပ်ဖွဲ့ဖြင့် မြိတ်မြို့ဘက်မှ ချီတက်လာသော ဗိုလ် မင်းခေါင်၏မှတ်တမ်း၊ ထားဝယ်စစ်ကြောင်းဖြင့်ပါလာသော ဗိုလ်ဗလ၏

မှတ်တမ်း၊ အတွင်းသူပုန်တပ်ဖွဲ့တွင်ပါလာသော ဗိုလ်တာရာ၏ မှတ်တမ်း၊ မော်လမြိုင်စစ်ကြောင်း ပြည်တော်ပြန်လာသည့် ဗိုလ်ကျော်ဇော၏ မှတ်တမ်း၊ မော်လမြိုင်စစ်ကြောင်းဖြင့် ပြန်လာသည့် သခင်ထွန်းအုပ်၏ "ကျွန်ုပ်၏စွန့်စားခန်း" အစရှိသော စာအုပ်များသည် ဓာတ်ညွှန်းဆရာအတွက် များစွာ အထောက်အကူရခဲ့သည်။ ထိုပုဂ္ဂိုလ်များနှင့် အတူတကွ စစ်ကြောင်းများတစ်လျှောက် လိုက်ပါနေရသလို ခံစားခဲ့ရသည်။

ရဲဘော်သုံးကျိပ် ဂျပန်နိုင်ငံတွင် အတူတကွ စစ်ပညာ သင်ကြားခဲ့ကြသည်ဟု ဆိုလင့်ကစား ဗိုလ်သန်းတင် ခေါ် သခင်သန်းတင်မှာ စစ်ပညာ မသင်ကြားရသေးမီမှာပင် ငှက်ဖျားရောဂါဖြင့် ဖော်မိုဆာကျွန်းတွင် ကွယ်လွန်သွားခဲ့ရရှာသည်။

သူနှင့်နာမည်တူ အခြား သခင်သန်းတင်သည်လည်း စစ်ပညာသင်ကြားပြီး မြန်မာနိုင်ငံအတွင်းသို့ မဝင်ရသေးမီ ဇင်းမယ်မြို့တွင် အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ရရှာသည်။ ဗိုလ်နာမည်ကတော့ 'ဗိုလ်မြဒင်' ဖြစ်၏။

စစ်ပညာသင်ပြီး ပထမဆုံး မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာနိုင်သူနှစ်ဦးမှာ ဗိုလ်ဇေယျနှင့် ဗိုလ်မြင့်ဆွေတို့ဖြစ်ကြပြီး ဒုတိယဝင်ရောက်လာနိုင်သည့် အုပ်စုမှာ ဗိုလ်နေဝင်း၊ ဗိုလ်တာရာ၊ ဗိုလ်မိုးညို၊ ဗိုလ်လင်းယုန်တို့ အုပ်စုဖြစ်သည်။ (ဗိုလ်မြဒင်သည် ၎င်းအုပ်စုတွင် ပါဝင်သော်လည်း အဖျားရောဂါကြောင့် ဇင်းမယ်တွင် ကျန်ခဲ့ရ၊ ကွယ်လွန်ခဲ့ရရှာလေသည်)

၎င်းအဖွဲ့နှစ်ဖွဲ့စလုံး ပြည်တွင်းသူပုန်တပ်ဖွဲ့ဖြစ်ကြပြီး ပြည်တွင်းတော်လှန်ရေးသမားများနှင့် ပူးပေါင်းစုစည်းကာ ဗြိတိသျှကို ဦးစွာတော်လှန်နိုင်ခဲ့ကြသည်။

ကျန် ရဲဘော်သုံးကျိပ်ဝင်များမှာ... ဖော်ပြခဲ့ပြီးသည့်အတိုင်း ဗြိတ်

စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ မော်လမြိုင်စစ်ကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြရခြင်း ဖြစ်လေသည်။

ဇာတ်ညွှန်းဆရာသည် ဗိုလ်မင်းခေါင်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်တောက်ထိန်တို့နှင့်အတူ ရေကြောင်းတပ်နှင့်လည်း မြစ်ဘက်မှ လိုက်ပါခဲ့ဖူးသည်။

ဗိုလ်လကျ်ာတို့နှင့်အတူ ထားဝယ်စစ်ကြောင်းနှင့်ချီတက်ကာ ကိုဗထူးတို့၊ ကိုဗဆွေတို့နှင့်လည်း ကြုံခဲ့ဖူး၏။

ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်လည်း မော်လမြိုင်စစ်ကြောင်းတစ်လျှောက် လိုက်ခဲ့ဖူးကာ ရွှေကျင်တိုက်ပွဲမှာ ကျဆုံးခဲ့သော ဗိုလ်စောအောင်နှင့်လည်း အတူ ရှိခဲ့ဖူး၏။

ဗိုလ်မိုးကျဆုံးသော ဖူးကြီးတိုက်ပွဲတွင်လည်း ပါဖူး၏။ ဗိုလ်ဉာဏကျဆုံးခဲ့သော ဖာပွန်တိုက်ပွဲကိုလည်း လိုက်ဖူး၏။

၁၉၄၂ ခုနှစ်၊ မတ်လ (၈) ရက်နေ့ကျမှ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်အချို့ ရန်ကုန်မြို့တွင် ဆုံခဲ့ကြရသည်။ တိုက်ပွဲကား မပြီးဆုံးသေး။ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့ဖူးသော စကားနှင့်ပြောရလျှင် "အင်္ဂလိပ်လက်အောက် နွားဘဝမှ လွတ်မြောက်အောင် ကြိုးစားလိုက်ကာမှ (ဂျပန်လက်အောက်) ခွေးဘဝသို့ ရောက်ခဲ့ရသည်။ နွားဘဝရောက်အောင်မနည်းပြန်လည် ကြိုးစားရဦးမည်" ဆို၏။ နာကျင်နေသည့်ကြားထဲမချိသွားဖြဲ ရယ်ချင်စရာပါပေ။

မည်သို့ဆိုစေ... ဇာတ်ညွှန်းဆရာသည် ရဲဘော်သုံးကျိပ်နှင့် အေးအတူပူအမျှ တတွဲတွဲမခွဲဘဲ လိုက်လာခဲ့သည်မှာ ကြာခဲ့ပြီ။ စာရှုသူတွေကတော့ ဇာတ်ညွှန်းဆရာကို လှောင်ချင်ပြောချင်ကြမည် ထင်ပါ၏။ အသက် (၁၈) နှစ်မှ အသက် (၃၀) အတွင်း ရဲဘော်သုံးကျိပ် အုပ်စုထဲမှာ အသက် (၇၀) နီးပါး ဇာတ်ညွှန်းဆရာအိုကြီးက ဘာကြောင့်ပါလာပါလိမ့်ဟု အောက်မေ့ကြပေလိမ့်မည်။

ဓာတ်ညွှန်းရေးရမည်ဆိုတော့ သူတို့အကြောင်း အသေးစိတ်သိမှ ကောင်းမည်မို့ သူတို့နှင့် အတူတကွ နေခဲ့ရခြင်း ဖြစ်ပါ၏။ မျိုးချစ်သူရဲကောင်းအဖြစ် မတင်စားလိုပါလျှင်လည်း စိတ်မဆိုးပါ။ သို့သော်...

မောင်းထောင်ဦးကျော်လှ နှင့် သံချိုဆရာ ဦးညဏ်ကျယ်တို့ သံချိုစာပေတိုက်ပွဲတွင် နာမည်ကျော်ခဲ့သော သံချိုတစ်ပုဒ်ကို ထုတ်နုတ်ပြချင်ပါသည်။ ထိုသံချိုမှာ ဦးကျော်လှက ဦးညဏ်ကျယ်ကို မှိုချိုးမျှစ်ချိုးနှိမ့်ချချေပသည့်စာ ဖြစ်ပါသည်။ 'ညဏ်ကျယ်' သည် တပ်တွင်းသို့လည်း မဝင်၊ တိုက်ပွဲလည်း မဆင်ရဘဲနှင့် ကိုးမြို့ဝင်တပ်၏ နောက်ဆွယ်တွင် ကောက်သင်းကောက် အိုးတွေ ဖိနပ်တွေ ထမ်းလိုက်ခဲ့ရသူ" ဟု ချီးမွမ်းခြေကျောက်လုပ်သည့်စာဖြစ်သည်။

ဓာတ်ညွှန်းဆရာသည်လည်း ဗြိတိသျှတော်လှန်ရေးတွင် ပါခြင်းမရှိ၊ ဖက်ဆစ်တော်လှန်ရေးကိုလည်း မီခဲ့ဖူးသူ မဟုတ်ပါဘဲ ကြီးကြီးကျယ်ကျယ် ရဲဘော်သုံးကျိပ်တစ်ယောက်စာရင်းဝင် ဖြစ်ချင်သည်မှာ မတန်မရာ လုပ်လေသည်ဟု မမြင်ကြစေလိုပါ။ မောင်းထောင် ဦးကျော်လှရေးသည့် အောက်ပါသံချိုကို ဖတ်ရှု၍...

ကိုးမြို့ဝင် ဗိုလ်ချုပ်မှူးနှင့် ချောင်းဦးဆယ်ရွာက၊ နယ်အညာဒီပဲယင်းသို့၊ ထောင်ကုဋေ အောင်မြေနင်းကြတော့ တပ်တွင်းမရောက်ဘဲရယ်နှင့် နောက်ဆွယ်အတန်ဝေးတွင်မှ အကလေးတွေ သူငယ်ချင်းတွေနှင့်၊ ကောက်သင်းကိုလိုက်ကာ ကောက်သူက၊ စာလျှောက်တင်ဝါ၍ လျှမ်းပြန်ခဲ့၊ ရာနန်းပိုင် တကယ်မှတ်အောင်တဲ့၊ ညဏ်ကျယ်မှာ ဆန်စလွယ် ခါးပတ်ကယ်နှင့် အချိုးကို ကိုးဗိုလ်တပ်တွင်မှ၊ အိုးဖိနပ်ထမ်း...။

ဟုတ်ကဲ့... ဓာတ်ညွှန်းဆရာ အိုးဖိနပ်ထမ်း၍ ရဲဘော်သုံးကျိပ်နှင့် လိုက်ခဲ့ရပါကြောင်း။

❒



## ကျွန်တော် ဖက်ဆစ်တော်လှန်ရေးသမား

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ညွှန်းကို ရေးတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည့်နေ့တွင် ဇာတ်ညွှန်းရေးဆရာသည် အခြား ဘာအကြောင်းအရာကိုမှ မစဉ်းစားတော့၊ ဘာကိစ္စကိုမှလည်း မလုပ်တော့ချေ။ နံနက်မိုးလင်းသည်မှ ညမိုးချုပ်သည်အထိ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းအရာတွေကိုချည်း စဉ်းစားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်တွေကိုချည်း ဖတ်ခဲ့သည်။

နံနက်လင်းသည်နှင့် ခြံထဲတွင် စားပွဲတစ်လုံးခင်း၍ ဇာတ်ညွှန်းရေးရန်ပြင်သည်။ A4 စာရွက်အလွတ်၊ ဘောပင်အနီ၊ ဘောပင်အနက်၊ ဘောပင်အပြာ၊ ပေတံတစ်ချောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်များ ထည့်ထားသည့် ခြင်းကြီး 'နှစ်'ခြင်း ဝဲ၊ ယာ ချထားသည်။

ဘောပင်အနက်က အခန်းခေါင်းစဉ်တွေ ရေးဖို့နှင့် ဇာတ်ကောင်နာမည်တွေ ရေးဖို့ဖြစ်ပြီး ဘောပင်အပြာက ဇာတ်ကောင်လှုပ်ရှားပုံနှင့် စကားပြောများကို ရေးရန်ဖြစ်သည်။ သူ့အုပ်စုနှင့်သူ ခွဲခြားနိုင်ရန် ပေတံနှင့်ခဲတံ သုံးရသည့်အခါ သုံးရပြန်သည်။ ဇာတ်ညွှန်းဆိုသည်မှာ အတတ်

ပညာနှင့် အနုပညာ ပေါင်းစည်းထားသော ပညာရပ်မျိုး ဖြစ်ပါ၏။ တိကျရသည်၊ စည်းစည်းလုံးလုံးရှိရသည်။ ဝတ္ထုဇာတ်လမ်းတွေလို ဖွဲ့နွဲ့၍ မရ၊ လိုရင်းတိုရှင်း ရေးရသည်။ တစ်နည်းအားဖြင့် ရုပ်ရှင်ဖြစ်လာဖို့ အတွက် စာအညွှန်းပင် ဖြစ်လေသည်။

ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ လုပ်တတ်လေ့ရှိသော ဇာတ်ညွှန်းဆရာသည် ဗိုလ်ချုပ်အောင်ဆန်း ဇာတ်ညွှန်းကိုတော့ ပေါ့ပေါ့တန်တန် မလုပ်ရဲ၊ ဇာတ်ညွှန်းတို့၏ အင်္ဂါရပ်နှင့်အညီ တိတိကျကျ၊ စည်းစည်းလုံးလုံး ရှိအောင် ရေးနည်းထုံးနှင့် လျော်ညီစွာ ရေးသားဖန်တီးခဲ့ရသည်။

ရေးထုံးရေးနည်း စာအုပ်ကိုလည်း မှီငြမ်းရသလို အချက်အလက် ပြည့်စုံအောင်လည်း စာအနံ့ ဖတ်ရသည်။ ခံစားချက် ဖြစ်ပေါ်လာအောင် လည်း ကြိုးစားဖန်တီးခဲ့ရသည်။ ဤသို့သော အချက်အလက်များ ပြည့်စုံစေဖို့ ဇာတ်ညွှန်းဆရာသည် သခင်အောင်ဆန်း၊ တရုတ်ပြည် အမွိုင် မြို့သို့ နော်ဝေနိုင်ငံ ဟိုင်းလီသင်္ဘောဖြင့် လိုက်ပါစဉ်ကအစ ဗိုလ်ချုပ် အောင်ဆန်းဘဝ ရဲဘော်သုံးကျိပ်နှင့် ပြည်တော်ပြန်လာသည်အထိ ခြေ ဖဝါးထက်ကြပ် လိုက်ပါခဲ့ရသည့်အကြောင်း ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့ပြီးလေပြီ။

ထိုသို့ ဘီအိုင်အေစစ်ကြောင်းများနှင့် လိုက်ပါခဲ့သောကြောင့် လည်း... ဗိုလ်စောအောင်၊ ဗိုလ်မိုး၊ ဗိုလ်ဉာဏ... အစရှိသော ရဲဘော်သုံး ကျိပ် သူရဲကောင်းများအကြောင်းကိုလည်း ရေးခဲ့ဖူးလေပြီ။

၁၉၄၂ ခုနှစ်၊ ဇွန်လမှ အစပြု၍ ဘီအိုင်အေတပ်ကို ဘီဒီအေတပ် အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဂျပန်ဖက်ဆစ်တို့၏ လက်အောက် တွင် ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကို ခံစားခဲ့ရသော ပြည်သူနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်ကြီးကို အင်အားကြီးအောင် ကြံ ဆောင်ရင်း ကျန်းမာရေး ထိခိုက်လာခဲ့လေသည်။ ထို့ကြောင့် ဆေးရုံ

တက်ရောက်ကုသရာမှ အဆိုးထဲက အကောင်းအနေဖြင့် ဖူးစာရှင် မခင်ကြည်နှင့် ဆုံစည်းခဲ့ရသည်။

ဖက်ဆစ်ဂျပန်တို့၏ နိုင်ထက်စီးနင်းလုပ်မှုများ အလွန်များပြားလာသည့်အလျောက် မြန်မာလူမျိုးများ၏ ရင်ထဲတွင် ဂျပန်ကို ပြန်လည်တွန်းလှန်လိုစိတ် ပေါ်ပေါက်နေကြောင်း ဗိုလ်ချုပ်အောင်ဆန်း သိရှိနားလည်ပြီး ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကို မလိုလားသော်လည်း... ပရိယာယ်ဖြင့် ဟန်ဆောင်ပူးတွဲ လုပ်ဆောင်ခဲ့ရရှာသည်။

ထိုသို့ လုပ်ဆောင်နေသည့်အချိန်တွင်းမှာပင် ဗိုလ်ချုပ်အောင်ဆန်း၏ စကားအချို့က သူ၏ရင်တွင်းမှ ခံစားချက်များကို ပြသနိုင်ခဲ့သည်။ ဥပမာ... ဂျပန်တို့ပေးခဲ့သည့် လွတ်လပ်ရေး တစ်နှစ်မြောက်နေ့တွင် ဟောပြောခဲ့သည့်မိန့်ခွန်း...

"အခု ဗမာပြည်လွတ်လပ်ရေးရတာ တစ်နှစ်စေ့လာပြီ။ ဒီအတောအတွင်းမှာ ကျုပ်တို့ ဘာတွေ ရခဲ့ကြသလဲ...၊ အမှန်ပြောရရင်တော့ ကျုပ်တို့ တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးအရသာဆိုတာ... မခံစားရသေးဘူး။ ခံစားရတဲ့လူတွေဟာ လူနည်းစုပဲဖြစ်တယ်။ ကျွန်တော်အပါအဝင် ကျုပ်တို့အထက်က အစိုးရအရာရှိကြီးတွေ၊ ဒီလူတွေကို ကပ်မြှောင်ပြီး စားနေတဲ့လူတွေ၊ အမြတ်အစွန်းကြီးကြီးယူပြီး လူတွေရဲ့ ဒုက္ခကို ရင်းနှီးပြီး စီးပွားရှာနေကြတဲ့ ခေတ်ပျက်သူဌေးတွေ... အဲဒါတွေလောက်ပဲ..."

"အမှန်ကတော့ အခုလွတ်လပ်ရေးဟာ အများသိကြတဲ့အတိုင်း စာပေါ် လွတ်လပ်ရေးပဲရှိသေးတယ်။ လက်တွေ့သဘော အထည်နဲ့ ကိုယ်နဲ့ ဒြပ်နဲ့ အကောင်အထည်တို့ မမြင်ရ၊ မတွေ့ရ၊ မခံစားရသေးဘူး။ ကျုပ်တို့ ရှေ့ဆက်ပြီး စခန်းသွားနိုင်ဦးမှ လွတ်လပ်ရေး အကောင်

အထည်ကြီးကို မြင်ရမယ်။ အခု မမြင်ရသေးဘူး"

ဖက်ဆစ်ဂျပန် အုပ်ချုပ်မှုအောက်တွင် ဗိုလ်ချုပ်အောင်ဆန်းပြော ခဲ့သည့် ရဲရဲတောက် မိန့်ခွန်းဖြစ်လေသည်။ ဤမိန့်ခွန်းသည် နောင် တစ်နှစ်ကျော်အကြာ ဖက်ဆစ်ကို တော်လှန်သည့်နေ့အတွက် မျိုးစေ့ဆို မမှားနိုင်ပါချေ။

ဇာတ်ညွှန်းဆရာသည် ဗိုလ်ချုပ်အောင်ဆန်း သွားသမျှ၊ လာသမျှ၊ နေသမျှ၊ ထိုင်သမျှ၊ ပြောသမျှ၊ ဆိုသမျှ... အားလုံးကို မှတ်သားနေရ သည်။ အရာရာအားလုံးကို ဇာတ်ညွှန်းအတွင်းသို့ ထည့်ရေးသွင်းရန် တော့ မဖြစ်နိုင်။ ဗိုလ်ချုပ်အောင်ဆန်း ဇာတ်ညွှန်းမဖြစ်ဘဲ တစ်ထောင့် တစ်ညဇာတ်ညွှန်း ဖြစ်သွားမှာလည်း စိုးရိမ်ရသည်။

သည်တော့... အရေးကြီးတာတွေ ထည့်ရေးရသည်။ အရေးမကြီး တာတွေ ချန်လှပ်ပစ်ခဲ့ရသည်။ တကယ်တော့... ဗိုလ်ချုပ်အောင်ဆန်း အကြောင်းအရာမှန်သမျှ အားလုံးက စိတ်ဝင်စားစရာ အားလုံးက အရေး ကြီးတာတွေချည်းပဲဖြစ်သည်။ ခက်လိုက်ပုံများ... အကုန် ထည့်ရေးချင် လို့ကလည်း ဘယ်လိုမှမရ။

သည်တော့ အရေးကြီးသည်ထင်သည့်အရာကို ဦးစားပေး ထည့် ရေးရသည်။ ရွေးချယ်ရသည်။ ကိုယ်က အရေးမကြီးဟုထင်ပြီး ချန်လှပ် ထားခဲ့သောအရာကို တစ်စုံတစ်ယောက်က အရေးကြီးသည်ဟု ထင်နေ ပြန်လျှင်လည်း ရှင်းလေဦးတော့... မပြီးနိုင်မစီးနိုင်...။ သို့သော် မတတ် နိုင်ပြီ။ ခိုင်မာသည်၊ မှန်ကန်သည်၊ စိတ်ဝင်စားဖွယ် ကောင်းသည်၊ အရေးကြီးသည်ဟု စိတ်တွင်ထင်သော အကြောင်းအရာများကို ရွေးထုတ် ကာ ဇာတ်ညွှန်းအဖြစ် ဖန်တီးရသည်။ ဇာတ်ညွှန်းရေးရသည်က အပင် ပန်းမကြီး၊ ရွေးချယ်ရသည့်အလုပ်က တာဝန်ကြီးလွန်းလှသည်။

ဂျပန်တော်လှန်ရေးကာလအကြောင်း ဇာတ်ညွှန်းရေးရတော့မည်

ဆိုသောအခါ ယခင်က လူပြိန်းသိ သိထားသလို ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော်က ဂျပန်တို့အား ညီညီညွတ်ညွတ် ပြန်လည်တွန်းလှန်တိုက်ခိုက်နိုင်၍ မြန်မာနိုင်ငံအတွင်းမှ မောင်းထုတ်လိုက်လေတော့သည်ဟု ရေးရုံဖြင့်မရ။

ဂျပန်အုပ်ချုပ်ရေးနှင့် အနီးကပ်နေရသော ဗိုလ်ချုပ်အောင်ဆန်းဘ၀၊ ဂျပန်မသိအောင် ဂျပန်ကို တော်လှန်ဖို့ အစီအမံ လုပ်ခဲ့ပုံများမှာ ရှင်းရှင်းလင်းလင်း လွယ်လွယ်ကူကူ မဟုတ်ပါချေ။ ဂျပန်တွေ ယုံကြည်အောင်လည်း နေပြရသည်။ တစ်ဖက်က မဟာမိတ်တွေနှင့်လည်း လျှို့ဝှက်အဆက်အသွယ်တွေ လုပ်ရသည်။

နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းသည် (မိတ်ဆွေဖြစ်လိုသော) ရန်သူမဟာမိတ်များကို စစ်မျက်နှာဖွင့်ရန် စစ်ထွက်ရမည့်နေ့ ၁၉၄၅ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် (ယခု တော်လှန်ရေးပန်းခြံနေရာ၌) စစ်ထွက်မိန့်ခွန်း ပြောခဲ့ရသည်။

စင်စစ် ထိုမိန့်ခွန်းသည် အနယ်နယ်အရပ်ရပ်တွင် ရှိနေသော ဂျပန်ကို တော်လှန်လိုသည့် မြန်မာအားလုံးကို အချက်ပြလိုက်သည့် မိန့်ခွန်းဆိုလျှင် မမှားချေ။

"ရဲဘော်တို့... အကျယ်ချဲ့ပြီး ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမယ်၊ ဗမာပီပီ ဗမာ့သွေးကို ပြကြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင်ရဲဘော်တို့နှင့်အတူ ချီတက်မယ်။ ဗမာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံး ရန်သူကို ရှာပြီးတိုက်ကြ... ဒါပဲ..."

"ဒါပဲ" ဆိုသော်ငြားလည်း တော်လှန်ရေးစတင်မည့်အချိန်ကား

ပြတ်ပြတ်သားသား မရှိခဲ့။ ပထမ တော်လှန်ရေးနေ့ကို ဧပြီလ (၂) ရက်နေ့ကို ရွှေ့ဆိုင်းခဲ့ရသည်။

ထိုမှတစ်ဖန် ဗိုလ်ချုပ်ကျော်ဇောက ဂျပန်တပ်များ တစ်စတစ်စ ရိပ်မိနေပြီဖြစ်၍ ဧပြီလ (၂) ရက်မှ မတ်လ (၂၅) ရက်သို့ ရွှေ့ပေးရန် အမိန့်တောင်းခံစာ ရောက်လာသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်အားလုံး အဆင်ပြေစွာ တော်လှန်နိုင်မည့် မတ်လ (၂၇) ရက်နေ့သို့ ပြောင်းရွှေ့သတ်မှတ်ခဲ့ရသည်။

ဤသို့ဖြင့် ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့သည်ကား ဖက်ဆစ်ဂျပန်တို့အား မြန်မာတို့ ရှုပ်ရှုပ်ချွံချွံ တော်လှန်တိုက်ခိုက်ခဲ့သော သမိုင်းဝင် တော်လှန်ရေးနေ့ ဖြစ်ခဲ့လေတော့သည်။

စင်စစ်... ထိုနေ့ထိုအခါက ဇာတ်ညွှန်းဆရာသည် အညာဒေသ ရွာလေးတစ်ရွာမှ ကျေးရွာသူ မိခင်၏ ဝမ်းကြာတိုက်အတွင်း ခိုအောင်းခါစ ကာလလေးမျှသာ ဖြစ်ပါ၏။ သို့သော်...

နှစ်ပေါင်း (၆၈) နှစ် ကြာသောအခါ... ဇာတ်ညွှန်းဆရာသည် အတိတ်စက်ဝိုင်းကြီးကို နောက်ပြန်လှည့်ပြီး ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အတူ တော်လှန်ရေးစစ်ပွဲကို (ဇာတ်ညွှန်းပေါ်၌) ရှုပ်ရှုပ်ချွံချွံ ဆင်နွှဲလျက် ရှိနေပါတော့သတည်း။

❒

## မိုလ်ချုပ်အောင်ဆန်း၏ ဇာတ်ညွှန်းဆရာ

'ပြီးပါပြီ' (သို့မဟုတ်) Fade Out (သို့မဟုတ်) The End ဟု ရေးလိုက်သည့်အချိန်တွင် အမှန်တကယ် မပြီးဆုံးသေးကြောင်း ဇာတ်ညွှန်းဆရာ နားလည်နေသည်။

ဇာတ်ညွှန်းတွင် Rewrite ဆိုသော 'ပြန်ရေးခြင်း' ကဏ္ဍရှိပါသည်။ ဇာတ်ညွှန်းတစ်ပုဒ်သည် တစ်ခါတည်း 'ပြီးပါပြီ' ဟူ၍ မရှိတတ်ပါ။ ထပ်၍ စစ်၊ ထပ်၍ ရေးရလေ့ရှိပါသည်။ ခြွင်းချက်အနေဖြင့် ရောင်းတမ်းဇာတ်ညွှန်း (Spec script) မှုကား တစ်ခါတည်း ချိတ်ပိတ်ပြီးသားရောင်းဖို့ အဆင်သင့် လုပ်ထားတတ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားအတွက် ရေးရသော ဇာတ်ညွှန်းမှာမူ တစ်ခါတည်း အပြီးရေး၍ ရမည်ဟုမထင်ပါ။ ထိုသို့ မထင်ပါဘဲနှင့် ဘာကြောင့် ဇာတ်ညွှန်းပြီးပါပြီဟု ကြွေးကြော်ရပါသနည်းဟု အမေးရှိလာပါက 'အင်အား ကုန်ခန်းသွားသောကြောင့်' ဟူ၍သာ ဆင်ခြေပေးရချေတော့မည်။

မှန်ပါ၏။ ဗိုလ်ချုပ်အောင်ဆန်းဇာတ်ညွှန်းကို 'ရေးပါ' ဟု တာဝန်အပေးခံရစဉ်အခါက ရေးသင့် မရေးသင့် မိမိကိုယ်မိမိ စစ်ကြောကြည့်မိ



သည်။ မိမိထက်ရေးသင့်သူ (သို့မဟုတ်) မိမိထက် ရေးနိုင်သူတွေကို စိတ်ကူးတွင်းမှ စဉ်းစားကြည့်သည်။ ရေးတတ်သည့် အတတ်ပညာ၊ ဆန်းကြယ်သော စိတ်ကူးရှိသည့် အရာတွင် မိမိထက်သာ ကောင်းပေလိမ့်မည်။ အသက်အရွယ်ကတော့ မိမိက ကြီးမည်အမှန်၊ အသက်ကြီးပြီး အချိန်စီးမစီးတော့ မိမိ မသိ၊ အသက်ကြီး ဝါရင့် ဇာတ်ညွှန်းဆရာတစ်ဦးအဖြစ် 'ဗိုလ်ချုပ်အောင်ဆန်း' ရုပ်ရှင်ဇာတ်ညွှန်းကို လက်ခံရေးသားလိုက်လေတော့သည်။

လက်ခံရေးသားလိုက်လေတော့သည်ဟု ဆိုသည်ထက် လိုက်လံလေ့လာဖတ်ရှုခြင်းက စတင်ခဲ့ရလေသည်။ ဖတ်စရာ ဗိုလ်ချုပ်အောင်ဆန်းစာအုပ်တွေ အလွန်များလှကြောင်း တွေ့သည်နှင့် ပထမဆုံး ဇာတ်လမ်းတွဲ၊ ဇာတ်လမ်းရှည်ကြီး ရိုက်သင့်ကြောင်း အကြံညာဏ်ပေးမိသည်။ မရပါ၊ ရုပ်ရှင်ဆိုမှ ရုပ်ရှင်ရိုက်ချင်ကြသည်။

ဇာတ်ညွှန်းဆရာ၏ ရုပ်ရှင်ပညာသည်ဘဝ 'သူ့ကျွန်မခံပြီ' ရုပ်ရှင်ဇာတ်ကားတုန်းက သင်ခန်းစာရဖူးသည်။ ဝတ္ထုကိုဖတ်ရှုပြီး စိတ်တိုင်းကျ ရိုက်ကူးခဲ့ရာ ကားပြသချိန် သုံးနာရီခွဲကျော် ဖြစ်သွားသဖြင့် တစ်နာရီစာ ဖြတ်ပစ်ခဲ့ရဖူးသည်။

ယခုလည်း ဗိုလ်ချုပ်အောင်ဆန်းဇာတ်ညွှန်းမှာ အလွန်ပင် ရှည်လျားနိုင်ဖွယ်ရှိသည်။ ယုတ္တိမရှိသော အခန်းများ၊ သမိုင်းအထောက်အထားအရ မမှန်ကန်နိုင်သော အခန်းများကို ဖြတ်တောက်ပစ်သည့်တိုင် ကျန်အဖြစ်အပျက်များက ဖယ်ထုတ်ပစ်ရန် ခက်လှသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်လျှောက် အရေးမပါသော အခန်းက နည်းသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေစိတ်ထား၊ ရိုးသားဖြူစင်မှု၊ ပွင့်လင်းမှု၊ သတ္တိကောင်းမှု စသည့် အရည်အသွေးများကို မြင်နိုင်စေသော အဖြစ်အပျက်ပေါင်းများစွာ ပါနေသည်။ ထို့ကြောင့် ဗိုလ်ချုပ်

အောင်ဆန်းဘဝကို ရိုက်ကူးသည့်အခါ ပထမဦးစွာ ဇာတ်လမ်းတွဲ ဇာတ်လမ်းရှည် ရိုက်ကူးသင့်သည်ဟု ဇာတ်ညွှန်းဆရာက ယူဆခဲ့သည်။ ၎င်းဇာတ်လမ်းတွဲ ဇာတ်လမ်းရှည်ကို ကြည့်ရှုပြီးမှ ချုံ့၍ ရုပ်ရှင်အဖြစ် ဖန်တီးသင့်သည်ဟု အကြံပေးခဲ့သည်။

သို့သော် ဦးတည်ချက်က ရုပ်ရှင်ဖြစ်နေသည်။ သည်တော့... ရုပ်ရှင် ဇာတ်ညွှန်း ရေးကြရသည်။ အတတ်နိုင်ဆုံး အရေးမပါလောက်ဘူးဟုထင်သော အခန်းများကို ချန်လှပ်ခဲ့ရသည်။ သို့သော် စိတ်က မလုံမလဲ။

ဗိုလ်ချုပ်အောင်ဆန်း ဇာတ်ညွှန်းကို ရေးရသည်က မပင်ပန်း။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်ကို ဇာတ်လမ်းတစ်ခုသဖွယ် ဖန်တီးရသည်က အလွန်ပင်ပန်းကြီးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၁၅ ခုနှစ်တွင် မွေးဖွား၍ ၁၉၄၇ တွင် ကွယ်လွန်ခဲ့သည်ဖြစ်ရာ လူ့လောက တွင် နှစ်ပေါင်း ၃၂ နှစ်ကျော်ကျော် လေးသာ နေသွားရသူဖြစ်သည့် တိုင် သူ့လုပ်ဆောင်ချက်များနှင့် သူ့ဖြစ်ရပ်များက များပြားလှသည်။

ထိုများပြားလှသော လုပ်ဆောင်ချက်များတွင် မည်သည့် အကြောင်းအရာက အရေးကြီး၍ မည်သည့်အကြောင်းအရာက အရေး မကြီးဟု ဆုံးဖြတ်ရသည်မှာ လွယ်ကူသော အလုပ်တော့ မဟုတ်ပါချေ။ ထိုမလွယ်ကူသော အလုပ်ကို ဇာတ်ညွှန်းဆရာက တာဝန်ခံ၍ လုပ်ရ သည်မှာ မနိုင်ဝန်ကို ထမ်းဘိသကဲ့သို့ပင် ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ရေးသားသည့် စာအုပ်များကို ဖတ်ရှုကြည့်သောအခါ ကလေးဘဝ အကြောင်းတွေကလည်း စိတ်ဝင် စားစရာ၊ ထူးထူးခြားခြား အကြောင်းအရာတွေ ပါဝင်နေသည်။ ဟိုက် စကူးကျောင်းသားဘဝအထိ တစ်ပိုင်း စဉ်းစား၍ လိုသလောက်ထည့်ရန် ရွေးချယ်ရပေဦးမည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် သူ၏ ဓာတ်လမ်းက စတင်နိုးကြားလှုပ်ရှားမှု ရှိလာသလို သာမန်လူတွေနှင့် ကွဲပြားသော သူ့အနေအထိုင်၊ သူ့အပြုအမူနှင့် သူ့အပြောအဆိုတို့ကိုလည်း ချန်လှပ်ပစ်စရာရယ်လို့ မရှိလောက်အောင် ထူးခြားနေပြန်တော့သည်။

တက္ကသိုလ်ကျောင်းသား သမဂ္ဂမှအစ တို့ဗမာ အစည်းအရုံးဝင်သခင်ဘဝ အလယ်၊ ဝရမ်းပြေးနိုင်ငံရေးသမားဘဝ အဆုံး၊ သူ၏ လူငယ်ပိုင်း နိုင်ငံရေး လှုပ်ရှားမှုများမှာလည်း မပါ၍မဖြစ်၊ ထူးဆန်းသောဖြစ်ရပ်တွေက များစွာပင်။

ကမ်းမမြင် လမ်းမမြင်၊ ပိန်းပိတ်အောင် မှောင်နေသော အမှောင်ကမ္ဘာကြီးထဲသို့ ဝံ့ဝံ့စားစား တိုးဝင်ခဲ့သည့် အဖြစ်များမှတစ်ဆင့် ဂျပန်စစ်ပညာသင် စစ်သားတစ်ဦးဘဝ၊ လက်တွဲဖော် ရဲဘော်သုံးဆယ်နှင့်အတူ နိုင်ငံအတွက် စွန့်စားခဲ့သည့် ဖြစ်ရပ်များကလည်း တစ်ပုံတစ်ပင်၊ မနည်းမနော။

ကျောင်းသားအသိုင်းအဝိုင်း၊ နိုင်ငံရေးသမား အသိုင်းအဝိုင်း၊ စစ်သည်တော် အသိုင်းအဝိုင်း... စသည်ဖြင့် အဖော်အပေါင်းများ တွဲ၍တွဲ၍ ပါဝင်လာသောအခါ ထိုအပေါင်းအဖော်များအကြောင်းကိုလည်း ချန်လှပ်ပစ်၍မရ။ ဓာတ်ပို့ကောင်း၊ ဓာတ်ရံကောင်းတွေကလည်း များမှများ။

အဓိကဓာတ်ကောင်တွေကလည်း အင်အားအလွန်ကောင်းသလို ဓာတ်ပို့ဓာတ်ရံတွေကလည်း ထက်ထက်မြက်မြက် ရှိကြသည်မို့ ဖြတ်စရာ တောက်စရာ အခန်းတွေထက် ထပ်ဖြည့်ချင်သည့် အခန်းတွေက များသထက်များလာသည်။ သို့သော် လက်ကုန် မလွှတ်ရဲ။ ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ညွှန်းဖြစ်မလာဘဲ သမုဒ်မင်ရည်ဖျော်သည့် ဓာတ်လမ်းမျိုး ဖြစ်လာမှာကိုလည်း စိုးရိမ်ရလေသည်။

မည်သို့ပင်ဖြစ်စေ… ဓာတ်ညွှန်းဆရာသည် ဗိုလ်ချုပ်အောင်ဆန်း ဓာတ်လမ်း၊ ဓာတ်ညွှန်း (အပိုင်း ၂) ကို တစ်နှစ်နီးပါးလောက် ကြိုးစားရေးကာ 'ပြီးပါပြီ' စာတန်းထိုးသည်အထိ ရောက်လာနိုင်ခဲ့သည်။ ပြီးသွားသည်နှင့်တစ်ပြိုင်နက် ဓာတ်ညွှန်းရေးဆရာကို ရိုင်းစိုင်းသူဟု ထင်လိုက ထင်ကြပါစေတော့။ သူ့ဓာတ်ညွှန်းကို သူပြန်၍ လှည့်မကြည့်တော့ပြီ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်မှန်သမျှကိုလည်း ပိုင်ရှင်အသီးသီးသို့ ပြန်ပေးလိုက်လေပြီ။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဖြစ်မြောက်ရေး အဖွဲ့ရုံး၊ စာကြည့်တိုက်မှ ငှားထားမိခဲ့သော စာအုပ်များကိုလည်း ပြန်အပ်လိုက်သည်။ အဘက်ဘက်မှ လက်မတွန့်စတမ်း စာအုပ်ငှားပေးခဲ့သော ဦးဇော်လင်းထံမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော စာအုပ်များကိုလည်း ပြန်လည်ပို့ဆောင်လိုက်သည်။ (မှတ်မှတ်ရရ သူ့စာအုပ် သုံးအုပ် မည်သည့်နေရာ အထားမှားသည်မသိ၊ ပြန်မပေးနိုင်သေး၊ ရှာပေးရဦးမည်)

ကိုယ်ပိုင်ဝယ်ထားသော ဗိုလ်ချုပ်အောင်ဆန်း စာအုပ်များကလည်း တစ်ပုံတစ်ပင်၊ (နောက်ဆုံး ရထားသော 'အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၁၅–၁၉၄၇' ဆိုသည့် စာအုပ်ခပ်ထူထူကလည်း တက္ကသိုလ်သမိုင်း သုတေသနပညာရှင်များ ပြုစုထားသော စာတမ်းပေါင်းချုပ်နှင့် တော်တော်တူနေသည်)

စာအုပ်အားလုံးကို ဓာတ်ညွှန်းဆရာ ချစ်ပါသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော စာအုပ်အားလုံး၊ စာအုပ်စင်၏ အမြင့်ဆုံးအတန်းပေါ်သို့ စီကာရီကာ တင်ထားလိုက်ပြီး ပလတ်စတစ်သန့်သန့် အလွှာပါးဖြင့် ဖုံးထားလိုက်ပါသည်။ မှန်ပါသည်။ တော်တော်နှင့် ပြန်ဖတ်ဖြစ်တော့မည် မဟုတ်ပါ။ သို့သော်…။

စာအုပ်စင်ဘက်သို့ လှည့်ကာ မတ်တတ်ရပ်လိုက်သည်။ နောက်

တလေးတစား အရိုအသေပြု ဦးခေါင်းညွှတ်လိုက်မိသည်။ ဇာတ်ညွှန်းရေးဆရာကို 'ရှုံးသွားပြီ' ဟု မထင်စေလိုပါ။ ဟုတ်ကဲ့ တကယ်ကို The End ပါ။

ဘာတဲ့ Fade Out: ဆိုပါလား။

❐